# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ညီညွတ်ခြင်းသည်ချမ်းသာ**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၄)


၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday, 22 January 2017 (၈၈၁၄)


# နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဩဝါဒခံယူ

**ရန်ကုန် ဇန်နဝါရီ ၂၁**

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ဂါရဝပြုဩဝါဒခံယူပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် သက်တော်ဝါတော်ကြီးမြင့်သည့် ဆရာတော်ကြီးများကို ယခုကဲ့သို့ ကျန်းကျန်းမာမာနှင့် အထောက်အကူမပါ သွားလာနိုင်သည်ကို ဖူးမြော်ရသည့်အတွက် လွန်စွာဝမ်းမြောက်ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ သာသနာတော်မြတ်ကြီးအတွက်လည်း များစွာအားရှိပါကြောင်း၊ ယခုကဲ့သို့ ဂါရဝပြုလာရောက်ရခြင်းမှာ အရှင်ဘုရားတို့၏ ဩဝါဒများကို နာကြားခံယူရန်ဖြစ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက သင်္ဂဟတရားလေးပါးဖြစ်သည့် ဒါန၊ ပေယျဝဇ္ဇ၊ အတ္ထစရိယာ၊ သမာနတ္တတာတို့နှင့် စပ်လျဉ်း၍ ဩဝါဒချီးမြှင့်တော်မူသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်း ကုန်တင်ယာဉ်များဖြင့်ပြည့်နေသည်ကို တွေ့ရစဉ်။ (သတင်း စာမျက်နှာ - ၁၂)

**မန္တလေး-လားရှိုး-မူဆယ်လမ်း မူဆယ်လမ်း ချောမွေ့လွယ်ကူ ကောင်းမွန်ရေး ဝိုင်းဝန်း ဆောင်ရွက်နေ**




ကြေးမုံ

# စာပေဖွံ့ဖြိုး လူမှုဘဝတိုးတက်

စာပေသည် လူသားတို့နှင့်လူမှုဘဝပတ်ဝန်းကျင်ရှိ ပကတိအရှိတရားများကို သိရှိမှတ်သားခံစားလွယ်အောင် တင်ပြပုံနည်းလမ်းအသွယ်သွယ်ဖြင့် ရေးသားထားခြင်းဖြစ်သည်။ တစ်နည်းဆိုလျှင် ဩကာသလောကအတွင်း ဖြစ်ပျက်မှုများကို သိရှိမှတ်သားခံစားနိုင်အောင် စေတနာအမျိုးမျိုးဖြင့် ရေးသားတင်ပြခြင်းဖြစ်သည်။

စာပြုသူတို့၏ စေတနာအမျိုးမျိုး စိတ်ကူးအဖုံဖုံတို့ဖြင့် သန်ရာသန်ရာ ရေးသားကြရာတွင် စာပေအမျိုးမျိုးတို့သည် ပင်မအမျိုးအစားအားဖြင့် ရသစာပေနှင့် သုတစာပေဟူ၍ နှစ်မျိုးပေါ်ထွက်လာသည်။ စာပေဆိုသည်မှာ အသိတရားနှင့်သက်ဆိုင်သဖြင့် မည်သည့်စာပေမဆို သုတစာပေဟု ယေဘုယျဆိုလျှင် မှားမည်မထင်ချေ။ လောကအကြောင်း၊ လူ့အကြောင်းနှင့်ပတ်သက်၍ ဗဟုသုတပေးမှုဦးစားပေးသောစာကို သုတစာပေဟုခေါ်ပြီး ခံစားမှုအတွေ့အကြုံမှတစ်ဆင့် စေတနာနှိုးဆော်မှုကို အဓိကထားကာ ဖန်တီးဖွဲ့ဆိုသည့်စာကို ရသစာပေဟု သတ်မှတ်ထားသည်။

ရသစာပေသည် စိတ်ကူးဖြင့် ဖန်တီးဖွဲ့ဆိုသော စကားပြေနှင့် ရေးသားထားသည့် စာပေများ၊ ကာရန်များကိုအသုံးပြုကာ လှပတင့်တယ် သာယာနာပျော်ဖွယ်ရှိအောင် ဖွဲ့စည်းထားသော ပျို့၊ ကဗျာ၊ လင်္ကာများ စသည်တို့ပါဝင်သည်။ ရသစာသည် အလင်္ကာနည်းဖြင့်ညီညွတ်ပါက စာဖတ်သူတို့အဖို့ စာ၏အနက်သဘောကို ဆင်ခြင်အောက်မေ့ရာမှ နှစ်သက်အပ်သော သဘောမျိုးကိုဖြစ်စေသည်။

စာဖတ်သူတို့အား စေတနာတစ်မျိုးမျိုးကို ဖြစ်စေသည်။ ယင်းစာကို ဖတ်ရှုခြင်း အကြောင်းတရားဖြင့် စာဖတ်သူတို့အဖို့ အတွင်းစိတ်ခာတ်ကို ဂယက်ရိုက်ခတ်စေပြီး ပြုံးရွှင်ခြင်း၊ ရယ်မောခြင်း၊ ချစ်ကြိုက်ခြင်း၊ သနားကြင်နာခြင်း၊ လွမ်းဆွတ်ခြင်း၊ ကြေကွဲခြင်းစသည့် အကျိုးတရားများကို ဖြစ်စေသည့် စာတို့ကို ရသစာပေဟုခေါ်သည်။

သုတစာပေသည် နှောင်းလူတို့အတွက် သိရှိနိုင်ရန်အလို့ငှာ ထားရစ်ခဲ့ပြီး ရသစာပေသည် ပစ္စုပ္ပန်ခံစားမှုကိုပေးစွမ်းကာ ခံစားနှိုးဆော်မှုကို ဖြစ်စေသည်။ လက်ရှိအခြေအနေတွင် သုတစာပေကို လူလတ်လူကြီးများ ဖတ်ရှုလေ့လာကြပြီး ရသစာပေကို လူလတ်လူကြီးများထက် လူငယ်လူရွယ်များ အဖတ်များသည်။


မျက်မှောက်ကာလတွင် စာဖတ်စွမ်းအားများ လျော့နည်းကျဆင်းလာရာ လူငယ်လူရွယ်များ စာဖတ်အားနည်းလာသည်ကို မြင်တွေ့ရသည်။ ထိုသို့သောကာလတွင် လူငယ်လူရွယ်တို့၏စေတနာကို နှိုးဆွပေးနိုင်သော ရသစာပေထွန်းကားရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ပြည်သူများ ပညာတိုးတက်ရာတိုးတက်ကြောင်း၊ ယဉ်ကျေးမှုပြန့်ပွားရာပြန့်ပွားကြောင်းကိုထောက်ရှုပြီး စာအုပ်စာပေ ရေးသားထုတ်ဝေခြင်းတို့ကို ရှေးအစဉ်အဆက် ဆောင်ရွက်လာခဲ့ကြသည်။ ထိုမျှသာမက စာပေဆုများ၊ ပညာရေးရာ၊ ယဉ်ကျေးမှုရေးရာတို့တွင် ပြည်သူလူထု စိတ်ဝင်စားမှုရှိလာအောင်၊ စာရေးဆရာများ ကလောင်စွမ်းရည်တိုးတက်လာအောင်၊ ကလောင်သစ်များပေါ်ထွက်လာအောင် စာပေနှီးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများက အထောက်အကူပြုလျက်ရှိသည်။

စာပေနှီးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများကို ၁၉၆၅ ခုနှစ်မှ ၁၉၇၅ ခုနှစ်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ကျင်းပနိုင်ခဲ့ပြီးနောက် ဆယ်စုနှစ်များစွာ တိမ်မြုပ်နေခဲ့သည်။ စာပေပွဲများဖြစ်ထွန်းခြင်းသည် စာပေလောက တိုးတက်ခြင်း၏လက္ခဏာဖြစ်ပြီး စာပေပွဲများကွယ်ပျောက်ခြင်းသည် စာပေလောက မှေးမှိန်ခြင်းလက္ခဏာဖြစ်သည်။ ယခုအခါ စာအုပ်ဈေးပွဲတော်များ၊ စာဖတ်စွမ်းရည်မြင့်မားတိုးတက်ရေးလုပ်ငန်းများ၊ စာပေနှီးနှောဖလှယ်ပွဲများ၊ စာပေပွဲတော်များ၊ စာတမ်းဖတ်ပွဲများကို ခပ်စိပ်စိပ်ကျင်းပလာသည်ကို မြင်တွေ့နေရာ စာပေလောက ပြန်လည်ဖွံ့ဖြိုးတိုးတက်မည့် လက္ခဏာများဟု ဆိုရမည်ဖြစ်သည်။

မကြာမီရက်ပိုင်းတွင် ပြည်သူများသာမက လူငယ်လူရွယ်များကို ဦးတည်ထားသည့် အသိပညာမြင့်မားတိုးတက်ရေးကို အထောက်အကူပြုမည့် နိုဘယ်လ်-မြန်မာစာပေပွဲတော်၊ ၂၀၁၇ ခုနှစ် ရသစာပေကို ရန်ကုန်မြို့တွင် ကျင်းပပြီးနောက် ကလေးစာပေပွဲတော်ကို မန္တလေးမြို့တွင် ကျင်းပတော့မည်ဖြစ်သည်။

ယခင်ကာလကလည်း အလားတူစာပေပွဲတော်များကို ကျင်းပခဲ့ရာ တိုးတက်အောင်မြင်မှုများရရှိခဲ့ပြီးဖြစ်၍ အဆိုပါစာပေလှုပ်ရှားမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရင်း လူမှုဘဝအသိပညာမြင့်မားတိုးတက်ရေး ဆက်လက်ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းအပ်ပါသည်။ ။




## တက္ကစီအငှားယာဉ်များနှင့် ယာဉ်ကြီး၊ ယာဉ်ငယ်စီးရေ ၄၅ စီး အင်းစိန်မြို့နယ်တွင် အခမဲ့ပို့ဆောင်ပေး

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ ညှိနှိုင်းဆောင်ရွက်မှုဖြင့် ဖော့ကန်ရပ်ကွက်မှ တက္ကစီအငှားယာဉ် ၁၅ စီးနှင့် မင်္ဂလာဒုံလေဆိပ်မှ Flying Swallow Transportation မော်တော်ယာဉ်အသင်းမှ ယာဉ်ကြီး၊ ယာဉ်ငယ်အစီးပေါင်း ၃၀ ဖြင့် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ ဖော့ကန်ဈေး ကားမှတ်တိုင်မှစတင်၍ လမ်းကြောင်းသတ်မှတ်မှု မရှိဘဲ လိုအပ်သောယာဉ်လိုင်းများအတိုင်း ဖြည့်စွက်ပြီး ခရီးသည်များ ချောမောစွာ လိုက်ပါစီးနင်းနိုင်ရေးအတွက် တစ်နေ့တာ အခမဲ့ပြေးဆွဲပို့ဆောင်ပေးကြကြောင်း သိရသည်။

**ညာဏ်ဟိန်း(အင်းစိန်)**

❑

## ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် The Centre for Humanitarian Dialogue (HD) အဖွဲ့မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Adam Cooper နှင့် အဖွဲ့အား ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် HD အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် NeID အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့မှုနှင့် အတွေ့အကြုံရရှိမှု အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း NV Card ထုတ်ပေးဆောင်ရွက်မှု၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းဆောင်ရွက်မှုနှင့် NeID အထောက်အကူပြု စာရင်းကောက်ယူခြင်းလုပ်ငန်း ရွှေ့ပြောင်းစမ်းသပ်ဆောင်ရွက်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် HD အဖွဲ့မှ ပူးပေါင်းကူညီဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## မြောက်ဦးမြို့နယ်၌ ပြည်သူလူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးနှင့် MARC စီမံချက်ရေးဆွဲဆောင်ရွက်

**မြောက်ဦး ဇန်နဝါရီ ၂၁**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်တွင် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက ကြီးမှူးကျင်းပသော ပြည်သူလူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးနှင့် MARC စီမံချက် မြို့နယ်အဆင့် အသိပညာပေးရှင်းလင်းတင်ပြပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါပြည်သူလူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးနှင့် MARC စီမံချက် မြို့နယ်အဆင့် အသိပညာပေးရှင်းလင်းတင်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာဇော်မင်းဦး၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း ရခိုင်ပြည်နယ် ညှိနှိုင်းရေးမှူး ဦးသိန်းဟန်၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၃၀ တက်ရောက်ကြသည်။

ထို့နောက် ပြည်သူလူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးနှင့် MARC စီမံချက် မြို့နယ်အဆင့် အသိပညာပေးရှင်းလင်းတင်ပြပွဲ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်လက်ထောက်ဆရာဝန်တို့က အဖွင့်အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ် ညှိနှိုင်းရေးမှူးက အသင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ငှက်ဖျားစီမံချက်လက်ထောက်မန်နေဂျာ ဦးခွန်ဆိုင်းဦးက MARC ကို ၂၀၀၉ ခုနှစ်မှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ငါးခု၊ မြို့နယ် ၁၁ မြို့နယ်မှ ကျေးရွာပေါင်း ၅၉၇ ရွာတွင် ပြည်သူလူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ၎င်းတို့အဖွဲ့မှ ကျေးလက်ဒေသများသို့ ကွင်းဆင်းခြင်း၊ ကျေးရွာများသို့ သွားရောက်ပြီး ငှက်ဖျားရောဂါအကြောင်း အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစောင့်ရှောက်ကုသမှုပေးခြင်းတို့ကို စီမံချက်ကာလအတွင်း ကုသပေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်ဖြိုးစန္ဒာမြင့်၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်အေးအေးမြင့်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဗြိတိန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်

**ရန်ကုန် ဇန်နဝါရီ ၂၁**
ဗြိတိန်နိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌ Rt. Hon. Mr. John Bercow ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော လွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန် နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွား ရောက်ရန် ယနေ့နံနက် ၁ နာရီ မိနစ် ၅၀ က လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။



လွှတ်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစော၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဇော်ဝင်း၊ လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဦးစိုင်းစန်သိန်း၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီအဖွဲ့ဝင် ဒေါက်တာ ဒေါ်ရွှေပုံနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

# (၉၄)ကြိမ်မြောက် စာတော်ပြန်ပွဲနှင့် ဓမ္မပူဇာသဘင် ဆင်ယင်ကျင်းပမည်

**ညောင်တုန်း ဇန်နဝါရီ ၂၁**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၏အထင်ကရဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မာပရိယတ္တိ ပထမပြန်စာမေးပွဲအသင်းကြီး၏ ရာပြည့်အကြို (၉၄)ကြိမ်မြောက် ပထမပြန်စာမေးပွဲကြီးကို ဗိုလ်ချုပ်လမ်းနှင့် ရန်ကုန်ကျောင်းလမ်းထိပ် တရားဟောမဏ္ဍပ်ကြီးတွင် တပို့တွဲလဆန်း ၅ ရက်မှ တပို့တွဲလပြည့်ကျော် ၁၁ ရက်အထိ ၂၂ ရက်တိုင်တိုင် သာသနာပြုဓမ္မကထိကဆရာတော်ကြီးများ၏ ဓမ္မပူဇာသဘင် ဆင်ယင်ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မာပရိယတ္တိစာတော်ပြန်ပွဲကြီးမှ (၉၃) နှစ်အတွင်း ပညာတတ်အကျော်အမော် သာသနာ့အာဇာနည်ပုဂ္ဂိုလ်များအသီးသီးပေါ်ထွန်းလာခဲ့ရာ ဓမ္မာစရိယ စာချတန်းကျမ်းပြီး(ဝိသိဋ္ဌပါကဋ္ဌဘွဲ့) သုံးပါး၊ ဓမ္မာစရိယစာချတန်းကျမ်းပြီး(အဘိဝံသဘွဲ့) ၄၉ ပါး၊ ဓမ္မာစရိယစာချတန်းကျမ်းစွဲအောင် ၅၃ ပါး၊ ပထမကြီး ၃၄၆ ပါး၊ ပထမလတ် ၈၈၇ပါး၊ ပထမငယ် ၁၆၆၅ ပါးနှင့် အခြေပြုမူလတန်း ၇၈၃ ပါး စုစုပေါင်းသကဒေသီ ၃၇၈၆ ပါးနှင့် ပရဒေသီဓမ္မာစရိယစာချတန်းကျမ်းပြီး (ဝိသိဋ္ဌပါကဋ္ဌဘွဲ့) တစ်ပါး၊ ဓမ္မာစရိယကျမ်းပြီး (အဘိဝံသဘွဲ့) ငါးပါး၊ ဓမ္မာစရိယစာချတန်းကျမ်းစွဲအောင် ၂၅ ပါး၊ ပထမကြီးတန်း ၂၆၂ ပါး၊ ပထမလတ်တန်း ၆၆၃ ပါးနှင့် ပထမငယ်တန်း ၈၆၁ ပါး၊ ပရဒေသီ ၁၈၁၇ ပါး၊ စုစုပေါင်းသက/ပရဒေသီ ၅၆၀၃ ပါးတို့အား မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မာပရိယတ္တိပထမပြန်စာမေးပွဲအသင်းကြီးက ချီးမြှောက်မွေးထုတ်ပေးနိုင်ခဲ့သည်။

ယခုမြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် (၉၄)ကြိမ်မြောက်ရာပြည့်အကြို မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မာပရိယတ္တိပထမပြန်စာမေးပွဲအသင်းကြီးတွင် သကဒေသီ အပါး ၁၂၀ နှင့် ပရဒေသီ ၂၆၈ ပါးဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။
**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# နိုဘယ်လ်-မြန်မာ စာပေပွဲတော် ၂၀၁၇ ရသစာပေ အခမ်းအနားကျင်းပရေး ကြိုတင်ပြင်ဆင်

**ရန်ကုန် ဇန်နဝါရီ ၂၁**
နိုဘယ်လ်-မြန်မာ စာပေပွဲတော် ၂၀၁၇ ရသစာပေကို လာမည့် ဇန်နဝါရီ ၂၂၊ ၂၃၊ ၂၄ ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

နိုဘယ်လ်-မြန်မာ စာပေပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမော်လင်းက နိုဘယ်လ်-မြန်မာစာပေပွဲတော်ကျင်းပသည်မှာ သုံးကြိမ်ရှိပြီဖြစ်ကြောင်း၊ ပထမအကြိမ်တွင် စာပေနှင့်ငြိမ်းချမ်းရေး၊ ဒုတိယအကြိမ်တွင် ကလေးစာပေပွဲတော်နှင့် ယခုနှစ်တွင် ရသစာပေခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ရသစာပေဆိုသည်မှာ စာဖတ်ချင်စိတ်ရှိသူများ စာဖတ်ခါစလူများကို စာဖတ်ဖြစ်သွားအောင် ဆွဲဆောင်နိုင်သည့် စာပေအမျိုးအစားဖြစ်ကြောင်း၊ စာပေဖွံ့ဖြိုးတိုးတက်မှ နိုင်ငံ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ စာပေဖွံ့ဖြိုးတိုးတက်ရန်၊ ရသစာပေဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားပြင်ဆင်မှုအပိုင်းတွင် အမျိုးသားဇာတ်ရုံရှေ့၌ စာပေပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ခင်းကျင်းသွားမည်ဖြစ်ကြောင်း၊ အမျိုးသားဇာတ်ရုံထဲတွင် ဖွင့်ပွဲအခမ်းအနားကို အစီအစဉ် နှစ်ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး စာအုပ်ဈေးခင်းတွင် စာအုပ်အသစ်နှင့် ရှားပါးစာအုပ်ဆိုင်များ ခင်းကျင်းရောင်းချသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ကဗျာရွတ်ပွဲ၊ ရသစာဖတ်ဝိုင်း၊ ကာတွန်းပြပွဲ၊ စတုဒိသာများ ကျွေးမွေးရန် ပြင်ဆင်ထားကြောင်း သိရသည်။




နိုဘယ်လ်-မြန်မာ စာပေပွဲတော် ၂၀၁၇ ရသစာပေ အခမ်းအနားကျင်းပရေးအတွက် ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။
(ဓာတ်ပုံ-ရီရီသန့်)

နိုဘယ်လ်-မြန်မာ စာပေပွဲတော် ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းချိုက ရသစာပေနှင့်ပတ်သက်သည့် စာပေစကားဝိုင်းခုနစ်ခုရှိပြီး ရသပျိုးခင်း စကားဝိုင်းတွင် ဦးမော်လင်းက ဦးဆောင်ဆွေးနွေးကာ ဆရာမောင်ခင်မင်-ဓနုဖြူ၊ ဆရာသစ္စာနီ၊ ဆရာမြေလတ်မောင်မြင့်သူနှင့် ဆရာငြိမ်းမင်းတို့က ပါဝင်ဆွေးနွေးမည်ဖြစ်ပြီး စကားဝိုင်း၏ ရည်ရွယ်ချက်မှာ လူငယ်များ ရသစာပေ စိတ်ဝင်စားလာအောင် ရှေ့ကို မည်ကဲ့သို့ ဖန်တီးကြမလဲဆိုသည့် အစီအစဉ်ဖြစ်ကြောင်းပြောသည်။

ပွဲတော်တွင် ရှားပါးစာအုပ်အဟောင်းဆိုင် ၂၄ ဆိုင်၊ စာအုပ်အသစ်ဆိုင် ၁၅၀ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်တွင် နံနက်တိုင်း မုန့်ဟင်းခါး စတုဒိသာဖြင့် ကျွေးမွေးဧည့်ခံပြီး နေ့လယ်ပိုင်းတွင် ဒိုးပတ်ဝိုင်းနှင့် ထမနဲပွဲများ ကျင်းပသွားမည်ဖြစ်ကာ မြန်မာပြည်အနှံ့မှ ကာတွန်းဆရာများ၏ ရသစုံကာတွန်းလက်ရာ ၂၀၀ ကျော်ကို ပြသသွားမည်ဖြစ်သည်။
**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**

# တစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ (အကြို) မွန်ပြည်နယ် ပအိုဝ်းလူထုတွေ့ဆုံပွဲ သထုံတွင် ပြုလုပ်



**သထုံ ဇန်နဝါရီ ၂၁**
ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ (အကြို) မွန်ပြည်နယ် ပအိုဝ်းလူထုတွေ့ဆုံပွဲကို မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားအလယ်ရွာ တိုက်ကျောင်းဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

“NCA စာချုပ်အရ (၂၁) ရာစုပင်လုံညီလာခံအပါအဝင် နိုင်ငံရေးဆွေးနွေးပွဲတွေကျင်းပမယ်။ ဒီလိုကျင်းပတဲ့ လုပ်ငန်းစဉ်တွေထဲမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို တင်သွင်းနိုင်ဖို့အတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်ရမယ်။ ပအိုဝ်းတစ်မျိုးသားလုံးနဲ့ ဆိုင်တဲ့ အမျိုးသားနိုင်ငံရေး ဆွေးနွေးပွဲကိုလုပ်နိုင်ဖို့အတွက် ကျွန်တော်တို့ အကြိုပြင်ဆင်တဲ့အနေနဲ့ ဒီမှာလာပြီးတော့ ဆွေးနွေးတာပါ”ဟု ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခွန်မြင့်ထွန်းက ပြောသည်။

ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဒေသအသီးသီးမှ ကိုယ်စားလှယ် ၅၀၀ ခန့်ဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကျင်းပရန်လျာထားပြီး ယင်းဆွေးနွေးပွဲတွင် မွန်ပြည်နယ်မှ ပအိုဝ်းတိုင်းရင်းသားများ ကိုယ်စားတက်ရောက် ဆွေးနွေးနိုင်ရန် ကိုယ်စားလှယ် ၅၀ကို အကြိုတွေ့ဆုံပွဲမှ ရွေးချယ်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

အကြိုတွေ့ဆုံပွဲတွင် NCA ပေါ်ပေါက်လာပုံနှင့် NCA ကိုအခြေခံသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးခွန်မြင့်ထွန်းကလည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)နှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်ပေါ်လာပုံကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအဖွဲ့ဝင် ဦးခွန်ထွန်းရွှေကလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကိစ္စရပ်များ၊ တိုင်းရင်းသားအခွင့်အရေးများ၊ အမျိုးသမီးများနှင့် လူငယ်တို့၏ အခန်းကဏ္ဍများ စသည်တို့ကို ဝိုင်းဖွဲ့ဆွေးနွေးကြကာ တစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲသို့ တက်ရောက်မည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ခဲ့ကြသည်။

အဆိုပါ အကြိုဆွေးနွေးပွဲသို့ မွန်ပြည်နယ်အတွင်းရှိ ဒေသအသီးသီးမှ ပအိုဝ်းတိုင်းရင်းသား ၁၀၀ ကျော်တက်ရောက်ခဲ့ကြသည်။
**သက်ဦး(သထုံ)**

# “အမေရိကန်သည်သာ ပထမ” မူဝါဒကျင့်သုံးမည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်လ်ထရန့်ဆို

**ဝါရှင်တန် ဇန်နဝါရီ ၂၀**

ဇန်နဝါရီ ၂၀ ရက်တွင် သမ္မတဒေါ်နယ်လ်ထရန့်သည် အမေရိကန်အောက်လွှတ်တော် ရှေ့မျက်နှာစာ၌ အမေရိကန်၏ ၄၅ ယောက်မြောက်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး အမေရိကန်ပြည်သူများအား အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

သမ္မတထရန့်၏ ပထမဆုံးအဖွင့်မိန့်ခွန်းတွင် အမေရိကန်နိုင်ငံ၏အကျိုးစီးပွားကိုသာ ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်သူများပိုင်ဆိုင်သည့် အခွင့်အာဏာကို ပြည်သူများ၏လက်ဝယ်သို့ ဆောင်ကြဉ်းပေးသည့်အတွက် ယနေ့အခမ်းအနားသည် အလွန်ပင်အရေးကြီးပြီး အဓိပ္ပာယ်ပြည့်ဝပါကြောင်း သမ္မတထရန့်က ၎င်း၏မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်ပြည်သူများ၏ လက်ဝယ်တွင် အခွင့်အာဏာတစ်ရပ်လုံး ရောက်ရှိပြီဖြစ်သည့်အတွက် အမေရိကန်ပြည်သူပြည်သားအချင်းချင်း ချစ်ကြည်စည်းလုံးရန်လိုအပ်ကြောင်းနှင့် ယနေ့ကျိန်ဆိုခဲ့သော ကျမ်းသစ္စာသည် အမေရိကန်ပြည်သူတစ်ရပ်လုံးအတွက်ဖြစ်ကြောင်း ထရန့်ကဆိုသည်။

ယနေ့မှစပြီး အမေရိကန်နိုင်ငံကို အတွေးအမြင်သစ်များနှင့် အုပ်ချုပ်မည်ဖြစ်ပြီး ‘အမေရိကန်သည်သာ ပထမ’ ဟူသည့်မူဝါဒကို ချမှတ်လုပ်ဆောင်မည်ဖြစ်သည်ဟု သမ္မတထရန့်က ပြောသည်။

နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများစွာပေါ်ထွက်လာစေရန်ဖန်တီးမည်ဖြစ်ပြီး တရားမဝင် လူဝင်မှုများကိုလည်း ထိရောက်စွာ ကြီးကြပ်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ “အမေရိကန်၏ အလုပ်အကိုင်အခွင့်အလမ်းများကို ပြန်လည်ရယူမည်။ အမေရိကန်ပိုင်ဆိုင်သော နယ်နိမိတ်များကို ပြန်လည်သိမ်းပိုက်မည်။ အမေရိကန်၏ ချမ်းသာကြွယ်ဝမှုနှင့် အမေရိကန်၏ စိတ်ကူးအိပ်မက်များကို ပြန်လည်အကောင်အထည်ဖော်မည်” ဟု သမ္မတထရန့်က ၎င်း၏မိန့်ခွန်းထဲတွင် အားတက်သရော ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်နိုင်ငံအတွင်း ပို့ဆောင်ဆက်သွယ်ရေးပိုမိုကောင်းမွန်မှုရှိစေရန် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား၊ လေဆိပ်၊ ဥမင်လိုဏ်ခေါင်းများ အပါအဝင် ရထားလမ်းများ ထပ်မံတိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု တစ်ဝန်းလုံးကို ပြည်သူများ၏ ဉာဏ၊ ခွန်အားများနှင့် ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း သမ္မတထရန့်က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၏ မိတ်ဟောင်းနိုင်ငံများနှင့် ဆက်ဆံရေးကို ထပ်လောင်းတိုးမြှင့် ဆောင်ရွက်မည်ဖြစ်သည့် အပြင် မိတ်ဖက်နိုင်ငံအသစ်များတိုးပွားလာရန် ကြိုးပမ်း ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ အိုင်အက်စ်အကြမ်းဖက်အဖွဲ့အား ကမ္ဘာပေါ်မှ ပပျောက်သွားစေရန် အမြစ်ပျက်ချေမှုန်းမည်ဟု သမ္မတထရန့်က ပြောကြားခဲ့သည်။




သမ္မတထရန့်၏မိန့်ခွန်းအဆုံးသတ်တွင် အမေရိကန်ပြည်သူများက နိုင်ငံအတွင်း ချစ်ကြည်ရင်းနှီးစွာနေထိုင်လျက် အမေရိကန်နိုင်ငံကို ပိုမိုကြွယ်ဝချမ်းသာသည့် နိုင်ငံအသွင်သို့ ကူးပြောင်းဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားခဲ့သည်။

တစ်ဖက်ကလည်း သမ္မတထရန့်အား ဆန့်ကျင်သူများက ဝါရှင်တန်မြို့လမ်းမများပေါ်တွင် ဆန့်ကျင်ကြောင်း ဆန္ဒထုတ်ဖော်ခဲ့သည်။ အချို့ဆန္ဒထုတ်ဖော်သူများက လမ်းမများပေါ်ရှိ စားသောက်ဆိုင်များနှင့် ဘဏ်များ၏ ပြတင်းတံခါးမှန်များကို ရိုက်ခွဲခဲ့သည်။ လုံခြုံရေးအရာရှိများက မျက်ရည်ယိုဗုံးများအသုံးပြုကာ ဆန္ဒထုတ်ဖော်သူများကို လူစုခွဲခဲ့ရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# အငြိမ်းစားကမ်းတက်တပ် ဗိုလ်ချုပ်ကြီးနှစ်ဦးအား ထရန့်၏ အစိုးရအဖွဲ့ဝင်များအဖြစ် အထက်လွှတ်တော်အတည်ပြု



**ဝါရှင်တန် ဇန်နဝါရီ ၂၀**

အမေရိကန်အထက်လွှတ်တော်သည် သမ္မတဒေါ်နယ်လ်ထရန့်၏ အစိုးရအဖွဲ့ဝင်များအဖြစ် အငြိမ်းစားကမ်းတက်တပ် ဗိုလ်ချုပ်ကြီးနှစ်ဦးအား ဇန်နဝါရီ ၂၀ ရက်တွင် ပထမဦးစွာအတည်ပြုလိုက်သည်။

ယင်းမှာ အမေရိကန်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူ ဒေါ်နယ်လ်ထရန့်သည် အမေရိကန်တပ်မတော်၏ စစ်ဦးစီးချုပ်အဖြစ် အတည်ပြုလိုက်ပြီးနောက် အငြိမ်းစားကြယ်လေးပွင့် ဗိုလ်ချုပ်ကြီးနှစ်ဦးအား အမေရိကန် ကာကွယ်ရေးဝန်ကြီးနှင့် အမိမြေလုံခြုံရေး ဝန်ကြီးများအဖြစ် အထက်လွှတ်တော်က ဆန္ဒမဲပေးရွေးချယ်ရာ၌ မဲအရေအတွက် အလွန့်အလွန်များစွာပေး၍ အတည်ပြုခဲ့ခြင်းဖြစ်သည်။

အငြိမ်းစား ဗိုလ်ချုပ်ကြီးဟောင်း ဂျိမ်းစ်မက်တစ်အား ကာကွယ်ရေးဝန်ကြီးအဖြစ် ဆန္ဒမဲ ၉၈ မဲ-၁ မဲဖြင့် အတည်ပြုခဲ့ပြီး အခြားအငြိမ်းစား ဗိုလ်ချုပ်ကြီးဖြစ်သည့် ဂျွန်ကယ်လီအား ၈၈ မဲ- ၁၁ မဲဖြင့် အမိမြေလုံခြုံရေးဝန်ကြီးအဖြစ် အတည်ပြုခဲ့ခြင်းဖြစ်သည်။

အမိမြေ လုံခြုံရေးဝန်ကြီးဌာနသည် အမေရိကန်နိုင်ငံတွင်း သီးခြားပြန့်ကျဲနေသည့် ဌာနများအားလုံးအတွက် တာဝန်ရှိပြီး ပြည်ထောင်စုနယ်မြေအတွင်း အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးမှသည် နယ်နိမိတ်ဒေသများ လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးတာဝန်များလည်း ပါဝင်သည်။

သမ္မတထရန့် ဦးဆောင်သည့် ရီပတ်ဘလီကန်များသည် ဦးရေ ၁၀၀ ရှိသည့် အထက်လွှတ်တော်တွင် ၅၂ နေရာရရှိထားပြီး အမေရိကန်အစိုးရအဖွဲ့ဝင်များ၏ ရာထူးနေရာများနှင့် အခြားအထက်တန်း တာဝန်ရှိ ရာထူးနေရာများ တင်သွင်းသတ်မှတ်ရာတွင် ဒီမိုကရက်များအပေါ် လွှမ်းမိုးအတည်ပြုနိုင်နေသည်။

**ရိုက်တာ။**

■

# တရုတ်နိုင်ငံ အလယ်ပိုင်းတွင် မြေပြိုမှုဖြစ်ပွား သေဆုံးသူ ၁၂ ဦးထိ ရှိနိုင်

**ဝူဟန် ဇန်နဝါရီ ၂၀**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်တွင် ဇန်နဝါရီ ၂၀ ရက် ညပိုင်းက မြေပြိုမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ သေဆုံးသူအရေအတွက်သည် ၁၂ ဦးထိ ရှိလာနိုင်ကြောင်း၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည် မြေပြိုမှုဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေသူ ၁၀ ဦးအား ရှာဖွေလျက်ရှိပြီး ၎င်းတို့အသက်ရှင်လျက်ရှိသည့် လက္ခဏာများကို ရှာဖွေတွေ့ရှိရခြင်းမရှိကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယင်းမြေပြိုမှုကြောင့် လူနှစ်ဦးသေဆုံးကြောင်းကိုမူ အတည်ပြုနိုင်ခဲ့ပြီးဖြစ်သည်။ ဇန်နဝါရီ ၂၀ ရက် ဒေသစံတော်ချိန် ည ၇ နာရီခွဲခန့်တွင် ဟူဘေးပြည်နယ် နန်ကျန်းစီရင်စုရှိ တံလျှပ်အမည်ရှိ ဟိုတယ်အား ကုဗမီတာ ၃၀၀၀ နီးပါးရှိ အပျက်အစီးများက ဟိုတယ်၏နောက်တောင်ကုန်းစောင်းမှ လျှောကျတိုက်မိခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့အား ကြီးကြပ်သူမီးသတ်တပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

ယင်းဟိုတယ်၏ပိုင်ရှင်ဖြစ်သူ ဟီဒါဝိုးမှာ ပျောက်ဆုံးသူများထဲတွင် ပါဝင်နေသည်။ မြေပြိုကျမှုကြောင့်ဖြစ်ပွားသည့် ဟိုတယ်အပျက်အစီးများအောက်တွင် ပိတ်မိနေသူငါးဦးအား ကယ်ဆယ်ရေးလုပ်သားများက အသက်ရှင်လျက်ဆွဲထုတ်ယူနိုင်ခဲ့ပြီး ၎င်းတို့ထဲမှနှစ်ဦးမှာ ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့ကြသည်။

အထပ်သုံးထပ်ရှိသော ယင်းဟိုတယ်မှာ မြေပြိုမှုကြောင့် ပြိုကျပျက်စီးသွားခဲ့ပြီး ဟိုတယ်၏ပထမထပ်ရှိ စားသောက်ခန်းမအတွင်း၌ ဟိုတယ်ဝန်ထမ်းများနှင့်ဧည့်သည်များပိတ်မိနေကြသည်။ **ဆင်ဟွာ။**



# မြန်မာနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**ဩစတြေးလျနေသဟာယနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအတွက် ဩစတြေးလျအစိုးရအဖွဲ့နှင့် ပြည်သူများက နွေးထွေးလှိုက်လှဲစွာ ဆုတောင်းမေတ္တာပို့သပါသည်ဟု ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် ဆာပီတာ ကော့စ်ဂရုက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ပထမဆုံးအကြိမ် လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲနှင့်အတူ အရပ်သားအစိုးရ တာဝန်ယူလာပြီးနောက် မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် ခေတ်သစ်သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။ သိမ်မွေ့ညင်သာသော မြန်မာနိုင်ငံ၏ ဒီမိုကရေစီထွန်းကားမှုသည် ဒေသတွင်းနှင့် မြန်မာပြည်သူတို့အတွက် အကျိုးရှိစေမည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အစဉ်တစိုက်ထောက်ခံအားပေးခဲ့သည်။ မိမိတို့၏ ဖွံ့ဖြိုးမှုထောက်ပံ့ရေးအစီအစဉ်သည် ပညာရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အုပ်ချုပ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်ပါသည်။

မိမိတို့နှစ်နိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာပြဿနာများတွင် အတူလက်တွဲပူးပေါင်းဖြေရှင်းနေသည့်နိုင်ငံများဖြစ်သည်။ ၂၀၁၇ ခုနှစ်အတွင်း ကျင်းပမည့် အာဆီယံ-ဩစတြေးလျဖိုရမ်နှင့် ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် အာဆီယံ-ဩစတြေးလျထိပ်သီးဆွေးနွေးပွဲကို အတူတကွအောင်မြင်စွာကျင်းပနိုင်မည်ဟု မျှော်လင့်ပါသည်။ လာမည့်နှစ်များအတွင်း မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါသည်။

**ဘာရိန်းနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် ဘာရိန်းပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဘာရိန်းဘုရင် ဟာမက်ဘင်အလီအယ်လ်ခါလီဖာက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ ကြွယ်ဝတိုးတက်ပါစေဟု ဆုတောင်းမေတ္တာပို့သပါသည်။

**လက်ဘနွန်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အချိန်အခါတွင် လက်ဘနွန်ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော်သမ္မတကြီး ပျော်ရွှင်မှုနှင့် အောင်မြင်မှုများရရှိပါစေကြောင်း၊ မြန်မာပြည်သူများလည်း ကြွယ်ဝတိုးတက်ပါစေကြောင်း လက်ဘနွန်သမ္မတ ဗိုလ်ချုပ်မိုက်ကယ်အောက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**ဂါနာသမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ ပျော်ရွှင်ဖွယ်ရာ လွတ်လပ်ရေးနေ့အချိန်အခါတွင် ဂါနာပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော်သမ္မတကြီး၊ မြန်မာအစိုးရနှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဂါနာသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျွန်ဒရာမာနီ မဟာမာက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

လာမည့်နှစ်များအတွင်း မိမိတို့နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားအတွက် မိမိတို့နှစ်နိုင်ငံကြား အပြန်အလှန်ဆက်ဆံရေးပိုမိုခိုင်မြဲစေမည့် အခွင့်အလမ်းများ ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်ပါသည်။ အဆွေတော်သမ္မတကြီး ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများ ကြွယ်ဝတိုးတက်ပါစေကြောင်း ဆန္ဒပြုပါသည်။

**အိုင်ယာလန်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်သမ္မတကြီးအတွက် အိုင်ယာလန်ပြည်သူများနှင့် ကျွန်ုပ်က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အိုင်ယာလန်သမ္မတ မစ္စတာ မိုက်ကယ် ဒီဟစ်ဂင်(စ်)က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။ မြန်မာပြည်သူများ သာယာဝပြောပါစေကြောင်းနှင့် ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

**အဇာဘိုင်ဂျန်သမ္မတနိုင်ငံ**

အဇာဘိုင်ဂျန်ပြည်သူများကိုယ်စား လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အချိန်အခါတွင် အဆွေတော်နှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော် ကျန်းမာရွှင်လန်းစွာဖြင့် အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများအနေဖြင့်လည်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိပါစေကြောင်း အဇာဘိုင်ဂျန်သမ္မတ အီလ်ဟမ် အာလီယေ့(ဗ်)က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီ ရန်ကုန်မြို့၌ သတင်းစာရှင်းလင်းပွဲပြုလုပ်



**ရန်ကုန် ဇန်နဝါရီ ၂၁**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီသည် ၎င်း၏ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ရှိ ချက်ထရီယံဟိုတယ်၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် မစ္စ ရန်ဟီလီက ၎င်း၏ခရီးစဉ်အတွင်း နေပြည်တော်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်မှတာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ ရေးရာကော်မတီများအပါအဝင် တာဝန်ရှိသူအဆင့်ဆင့်နှင့် တွေ့ဆုံခဲ့ကြောင်း။

ထို့အပြင် ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့အတွင်းရှိ အရပ်ဘက်လူမှုရေးအဖွဲ့ အစည်းများနှင့် တွေ့ဆုံခြင်း၊ IDP စခန်းများသို့သွားရောက် လေ့လာခြင်း၊ မွန်ပြည်နယ်၊ ပေါင်မြို့နယ် ဇင်းကျိုက်မြို့ရှိ အကျဉ်းဦးစီးဌာန၏ ကုန်ထုတ်စခန်းသို့ သွားရောက်လေ့လာခြင်း၊ ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)သို့ သွားရောက်၍ ငြိမ်းချမ်းရေးကော်မရှင်မှ တာဝန်ရှိသူတို့နှင့် တွေ့ဆုံခြင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ သွားရောက်၍ ကော်မရှင်၏ဆောင်ရွက်နေမှုများနှင့် လူ့အခွင့်အရေးအခြေအနေများကို မေးမြန်းခြင်း၊ အင်းစိန်ဗဟိုအကျဉ်းထောင်သို့သွားရောက်၍ ပြစ်ဒဏ်ကျခံနေရသူနှင့် တရားရင်ဆိုင်နေရသူတို့ကို သီးခြားတွေ့ဆုံခြင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ သွားရောက်၍ တာဝန်ရှိသူတို့နှင့်တွေ့ဆုံကာ မြန်မာ့သတင်းမီဒီယာလောက၏ အခြေအနေများအပေါ် မေးမြန်းခြင်း၊ ရခိုင်ပြည်နယ်ခရီးစဉ်တွင် အကြမ်းဖက်မှုဖြစ်ပွားခဲ့သည့်ဒေသများကို သွားရောက်လေ့လာခြင်း၊ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ဒေသခံများကိုသီးခြားစီ တွေ့ဆုံခြင်းတို့ကိုပြုလုပ်ခဲ့ကြောင်း ဦးစွာပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် ခရီးစဉ်အတွင်း စစ်ရှောင်စခန်းများ၌ နေထိုင်လျက်ရှိသော အမျိုးသမီးများနှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာသင်ယူနိုင်ခွင့်၊ လူသားခြင်းစာနာထောက်ထားမှု အကူအညီများ ရရှိနိုင်သည့်အခြေအနေ၊ ဇင်းကျိုက်မြို့ရှိ အကျဉ်းဦးစီးဌာန ကုန်ထုတ်စခန်းတွင် အကျဉ်းသားများအနေဖြင့် တင်ပြတိုင်တန်းနိုင်သော စနစ်တစ်ခုထားရှိသင့်သည့် အခြေအနေများကို ထည့်သွင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း မောင်တောမြောက်ပိုင်းရှိ ကျေးရွာများကို သွားရောက်လေ့လာရာတွင် အဖျက်အမှောင့် ဝါဒဖြန့်ချိမှုများရှိနေပြီး ဒေသခံပြည်သူများ စိုးရိမ်နေမှု၊ လုံခြုံရေးတပ်ဖွဲ့များ လုပ်ငန်းဆောင်ရွက်ရာတွင် အမြင်တိမ်းစောင်းမှုများ မဖြစ်ပေါ်စေရေးအတွက် ထိန်းသိမ်းလုပ်ဆောင်လိုမှု၊ နှစ်ဖက်အသိုက်အဝန်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ တိုးမြှင့်ပေးအပ်နိုင်ရေးတို့အတွက် အစိုးရအဖွဲ့၏ ကတိကဝတ်များနှင့်အညီ အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် လူ့အခွင့်အရေးနှင့် ပတ်သက်၍လည်းကောင်း၊ လွတ်လပ်ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ လည်းကောင်း ဆောင်ကြဉ်းပေးရန် အစိုးရအဖွဲ့အား တိုက်တွန်းခဲ့ကြောင်း ပြောကြားသည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းချက်များကို မစ္စ ရန်ဟီလီက ပြန်လည်ဖြေကြားသည်။

မစ္စ ရန်ဟီလီသည် ယနေ့ည ၁၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

# ရသစာပေများ ထွက်ရှိခြင်းမိတ်ဆက်ပွဲ အခမ်းအနားကျင်းပ




**ရန်ကုန် ဇန်နဝါရီ ၂၁**

ရသမြောက်သည့် စာပေများကို စာဖတ်ပရိသတ်များအား ဖတ်ရှုစေရန် ရည်ရွယ်၍ ရသစာအုပ်များထွက်ရှိခြင်း မိတ်ဆက်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အောက်ပုဇွန်တောင်လမ်းမကြီးပေါ်ရှိ ပဲန်မြန်မာစင်တာ၌ ကျင်းပသည်။

အဆိုပါ စာအုပ်များကို ထုတ်ဝေသည့် Wisdom House စာအုပ်တိုက်ပိုင်ရှင် စာရေးဆရာ ကြည်ရွှန်းက "စာပေနယ်ပယ်မှာ အထင်ကရဖြစ်ခဲ့တဲ့ စာရေးဆရာမကြီးတွေရဲ့ စာအုပ်တွေပါဝင်ပါတယ်။ ရသ စာအုပ်ကောင်းတွေကို ပရိသတ်တွေသိစေချင်တဲ့အတွက် ပြန်လည်စုစည်းဖော်ပြလိုက်ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ဒီဘက်ခေတ်ပိုင်းတွေမှာ အောင်မြင်တဲ့ စာရေးဆရာမ ယုဒါနဲ့ လူငယ်စာရေးဆရာ အေးကျော်မင်းတို့ရေးသားတဲ့ စာအုပ်တွေလည်း ပါဝင်ပါတယ်"ဟု ပြောသည်။

ရသစာပေများကို ဖတ်ရှုသည့်အခါ နှစ်သက်ပီတိများ ခံစားရရုံတင်မက ဆင်ခြင်တွေးတောစရာများကိုပါ စေ့ဆော်ပေးနိုင်သည့် အစွမ်းရှိခြင်းကြောင့် လူငယ်ထုအနေဖြင့် ရသစာပေဖတ်ရှုမှုကို တိုးမြှင့်စေလိုကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယခု ထုတ်ဝေသည့်စာအုပ်များမှာ စာရေးဆရာမကြီး ခင်လှိုင်ကြူရေးသားသည့် ၁၉၇၃ ခုနှစ် ဇန်နဝါရီလတွင် ငွေတာရီ မဂ္ဂဇင်းတွင်ဖော်ပြခဲ့သောဝတ္ထုဖြစ်ပြီး ရွှေချည်ငွေချည်တန်းပါလို့အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးရာ အကယ်ဒမီလေးဆု ရရှိခဲ့သည့် လှိုင်းပုတ်သည့်လှေ ဝတ္ထုနှင့် မဂ္ဂဇင်းဝတ္ထုရှည်စာအုပ်၊ စာရေးဆရာမကြီး ရွှေသဥ္ဇာရေးသားသည့် ၁၉၇၆ ခုနှစ် စာပေဗိမာန်စာပေဆု ပထမဆုရ ကြည်ပြာအမည်ဖြင့် ရုပ်ရှင်ရိုက်ကူးရာ အကယ်ဒမီ သုံးဆုရရှိခဲ့သည့် ဟိုလောင်းပန်းပွင့် ဘယ်ဂုဏ်နှင့်ဝင့်မတုံးစာအုပ်၊ စာရေးဆရာမ ယုဒါ၏ ဖေ့စ်ဘွတ်ပေါ်တွင် ရေးသားခဲ့သော စာစုများထဲမှ စာစုများကို စုစည်းထားသည့် ရသဖန်တီးမှု အနုပညာ စာအုပ်၊ စာရေးဆရာ အေးကျော်မင်း၏ မြန်မာစာလုံးပေါင်း သတ်ပုံရေးထုံးအမှန်အကြောင်း ရေးသားထားသည့် စာလုံးပေါင်းသတ်ပုံ၊ သဒ္ဒါရေးထုံးဆိုင်ရာ ဆန်းစစ်ချက်များ စာအုပ်တို့ဖြစ်ကြသည်။

စာရေးဆရာမကြီး ရွှေသဥ္ဇာက "အခုထုတ်ဝေတဲ့ ဟိုလောင်းပန်းပွင့် ဘယ်ဂုဏ်နှင့် ဝင့်မတုံးစာအုပ်က ပြီးခဲ့တဲ့ နှစ်ပေါင်း လေးဆယ်ကျော်က ရေးသားခဲ့တာဖြစ်ပါတယ်။ ခိုကိုးရာမဲ့ ကလေးငယ်တွေရဲ့ မေတ္တာငတ်တဲ့ ဘဝတွေကို ဖော်ညွှန်းထားတာဖြစ်ပါတယ်။ စာအုပ်မှာပါတဲ့ ကလေးငယ်တွေရဲ့ဘဝက ကျွန်မရဲ့စိတ်ကူးဇာတ်ဆောင်တွေမဟုတ်ဘဲ ပြင်ပဘဝမှာ အမှန်ရှိခဲ့တဲ့ တကယ့်ဘဝတွေပဲ ဖြစ်ပါတယ်"ဟုပြောသည်။

စာရေးဆရာအေးကျော်မင်းကလည်း "ဖေ့စ်ဘွတ်မှာ တွေ့နေရတဲ့ အရေးမှားတွေကို တွေ့ရင်းနဲ့ လူငယ်လူရွယ်တွေ မြန်မာစာရေးထုံးအမှန်ကို သိမြင်သွားစေချင်တဲ့ ရည်ရွယ်ချက်နဲ့ရေးသားခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

ယခုစာအုပ်များကို ထုတ်ဝေသည့် Wisdom House စာအုပ်တိုက်သည် ရသစာပေထုတ်ဝေခြင်းအပြင် သုတစာပေများ၊ ဥပဒေဘာသာရပ်ဆိုင်ရာ စာအုပ်များနှင့် ဘာသာပြန်စာပေများကိုလည်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရသည်။ **(မြတ်စန္ဒီ၊ ဓာတ်ပုံ-မွန်းဦးနဒီ)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လျှပ်စစ်ဓာတ်အားပိုမိုရရှိရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်နေ

ဇော်ထက်(လျှပ်စစ်)

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လျှပ်စစ်ဓာတ်အားမရရှိသေးသော မြို့ပြနှင့် ကျေးလက်များ ဓာတ်အားရရှိရေး၊ လျှပ်စစ်ဓာတ်အားရရှိပြီးသော နေရာများတွင် လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေးတို့အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိရာတွင် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းနှင့် တည်ရှိပြီးဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ အင်အားတိုးမြှင့်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၅၀ ဒသမ ၄၉ ဘီလီယံ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၃၀ ဒသမ ၈၈ ဘီလီယံ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၄၅ ဒသမ ၃၄ ဘီလီယံသုံးစွဲ၍ ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် နိုင်ငံအတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာ နှစ်စဉ်များစွာတိုးတက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်ဘဏ္ဍာငွေအပြင် ဂျပန်နိုင်ငံ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ကမ္ဘာ့ဘဏ် (WB) တို့မှ ချေးငွေများရယူကာ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ပြနှင့် ကျေးလက်ဒေသများတွင် လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ရေးအတွက် ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှု အထောက်အပံ့ချေးငွေ ဂျပန်ယန်း ၄ ဒသမ ၇၆၆ ဘီလီယံရယူကာ တိုင်းဒေသကြီး ခြောက်ခုနှင့် ပြည်နယ် ငါးခုတွင် ဆင်းရဲမှုလျှော့ချရေး ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုစီမံချက်ကို ၂၀၁၄ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ စီမံချက်တွင် လျှပ်စစ်ဓာတ်အားစနစ် မရောက်နိုင်သေးသည့် ဒေသများတွင် ဒီဇယ်ဂျင်နရေတာ ဓာတ်အားပေးစက်များနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်တပ်ဆင်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခြင်း၊ လျှပ်စစ်ဓာတ်အားစနစ်ရောက်ရှိနိုင်သည့် ဒေသများတွင် ၆၆ ကေဗွီ၊ ၃၃ ကေဗွီနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

လျှပ်စစ်ဓာတ်အားစနစ် မရောက်နိုင်သေးသည့်ဒေသများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ကယားပြည်နယ်တွင် ဒီဇယ်ဂျင်နရေတာ ဓာတ်အားပေးစက် ခုနစ်လုံး၊ ဒီဇယ်ဂျင်နရေတာအထွက် ၄၀၀ ဗို့ဓာတ်အားလိုင်း ၇ ဒသမ ၁၃ မိုင်၊ ကရင်ပြည်နယ်တွင် ဒီဇယ်ဂျင်နရေတာ ဓာတ်အားပေးစက် လေးလုံး၊ ဒီဇယ်ဂျင်နရေတာအထွက် ၄၀၀ ဗို့ဓာတ်အားလိုင်း လေးမိုင်၊ ရခိုင်ပြည်နယ်တွင် ဒီဇယ်ဂျင်နရေတာ ဓာတ်အားပေးစက် ၃၃ လုံး၊ ဒီဇယ်ဂျင်နရေတာအထွက် ၄၀၀ ဗို့ဓာတ်အားလိုင်း ၃၂ ဒသမ ၇၅ မိုင်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ဒီဇယ်ဂျင်နရေတာ ဓာတ်အားပေးစက် ၁၀ လုံး၊ ဒီဇယ်ဂျင်နရေတာအထွက် ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၀ ဒသမ ၄၅ မိုင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် ဒီဇယ်ဂျင်နရေတာ ဓာတ်အားပေးစက် ၁၈ လုံး၊ ဒီဇယ်ဂျင်နရေတာအထွက် ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၈ ဒသမ ၂၉ မိုင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ဒီဇယ်ဂျင်နရေတာ ဓာတ်အားပေးစက် ကိုးလုံး၊ ဒီဇယ်ဂျင်နရေတာအထွက် ၄၀၀ ဗို့ဓာတ်အားလိုင်း ကိုးမိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဒီဇယ်ဂျင်နရေတာ





တည်ဆောက်ပြီးဓာတ်အားခွဲရုံ(ဝဲ)နှင့် ဒီဇယ်ဂျင်နရေတာစက်(ယာ)ကို တွေ့ရစဉ်။

ဓာတ်အားပေးစက် ငါးလုံး၊ ဒီဇယ်ဂျင်နရေတာအထွက် ၄၀၀ ဗို့ဓာတ်အားလိုင်း ၃ ဒသမ ၅၅ မိုင်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဒီဇယ်ဂျင်နရေတာဓာတ်အားပေးစက် ၁၀ လုံး၊ ဒီဇယ်ဂျင်နရေတာအထွက် ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၀ မိုင်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)တွင် ဒီဇယ်ဂျင်နရေတာ ဓာတ်အားပေးစက် လေးလုံး၊ ဒီဇယ်ဂျင်နရေတာအထွက် ၄၀၀ ဗို့ဓာတ်အားလိုင်း လေးမိုင်၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တွင် ဒီဇယ်ဂျင်နရေတာ ဓာတ်အားပေးစက် တစ်လုံး၊ ဒီဇယ်ဂျင်နရေတာအထွက် ၄၀၀ ဗို့ဓာတ်အားလိုင်း တစ်မိုင်နှင့် မန္တလေးတိုင်းဒေသကြီးတွင် ဒီဇယ်ဂျင်နရေတာ ဓာတ်အားပေးစက် ၂၇ လုံး၊ ဒီဇယ်ဂျင်နရေတာအထွက် ၄၀၀ ဗို့ဓာတ်အားလိုင်း ၂၇ ဒသမ ၁၂ မိုင် စုစုပေါင်း ဒီဇယ်ဂျင်နရေတာ ဓာတ်အားပေးစက် ၁၂၈ လုံးနှင့် ဒီဇယ်ဂျင်နရေတာအထွက် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၂၇ ဒသမ ၂၉ မိုင် တို့ကို၂၀၁၆ ခုနှစ် မတ်လတွင် တည်ဆောက်တပ်ဆင်ပေးခဲ့ပြီး ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားစနစ်ရောက်ရှိနိုင်သောဒေသများတွင် ဓာတ်အားရရှိရေးအတွက် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၅၇ မိုင်နှင့် ၆၆ ကေဗွီဓာတ်အားခွဲရုံ ငါးရုံ၊ ၃၃ ကေဗွီဓာတ်အားလိုင်း ၁၅၉ မိုင်နှင့် ၃၃ ကေဗွီဓာတ်အားခွဲရုံ ၁၁ ရုံ၊ ၁၁ ကေဗွီဓာတ်အားလိုင်း ၁၅၂ မိုင်နှင့် ၁၁/၀. ၄ ကေဗွီဓာတ်အားခွဲရုံ ၉၆ ရုံ၊ ၄၀၀ ဗို့လိုင်း ၁၀၁ မိုင်တို့ကို ဆောင်ရွက်လျက်ရှိရာ ၆၆ ကေဗွီဓာတ်အားခွဲရုံ နှစ်ရုံ၊ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ ၁၀ ရုံ၊ ၁၁/၀ ဒသမ ၄ ကေဗွီဓာတ်အားခွဲရုံ ၄၁ ရုံ၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၇ ဒသမ ၅ မိုင်၊ ၁၁ ကေဗွီဓာတ်အားလိုင်း ၄၇ ဒသမ ၁၃ မိုင်နှင့် ၄၀၀ ဗို့လိုင်း ၃၇ ဒသမ ၆၂ မိုင်တို့မှာ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင်တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ပါသည်။ ဆက်လက်ဆောင်ရွက်ရမည့် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို ၂၀၁၇ ခုနှစ်အတွင်း ပြီးစီးအောင်တည်ဆောက်သွားမည်ဖြစ်ပါသည်။

ဆင်းရဲမှုလျှော့ချရေး ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုစီမံချက်တွင် ဆောင်ရွက်သည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးပါက မြို့တစ်မြို့၊ ကျေးရွာပေါင်း ၂၃၀ ခန့် အိမ်ထောင်စုပေါင်း တစ်သိန်းခန့် ဓာတ်အားတိုးတက်ရရှိမည်ဖြစ်ပါသည်။ ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိခြင်းကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ခြင်းဖြင့် ထင်း၊ မီးသွေးသုံးစွဲမှုများ လျော့နည်းကာ သစ်တောပြုန်းတီးမှုလျော့နည်းစေပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာရောက်ပါသည်။

ထို့အပြင် ပြည်သူများ လျှပ်စစ်ဓာတ်အားရရှိခြင်းဖြင့် လူမှုအသုံးအဆောင်ပစ္စည်းများ တိုးတက်သုံးစွဲလာနိုင်ခြင်းကြောင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်း၊ သတင်းနှင့် ဗဟုသုတများရရှိစေခြင်း၊ လျှပ်စစ်ဖြင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပြီး မြို့ပြနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားသည် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာစေရန် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည့်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားစနစ် မရောက်ရှိသေးသောဒေသများတွင် ဓာတ်အားစနစ်ရောက်ရှိအောင် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ ဓာတ်အားစနစ်ရောက်ရှိပြီးသော ဒေသများတွင် ဓာတ်အားဖြန့်ဖြူးမှုစနစ်ပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် အများပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေးတို့အတွက် နိုင်ငံတော်ဘဏ္ဍာငွေအပြင် နိုင်ငံတကာအဖွဲ့အစည်းများမှ ချေးငွေများရယူ၍ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထပ်မံတိုးချဲ့တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ဆင်းရဲမှုလျှော့ချရေး ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုစီမံချက်တွင် ဆောင်ရွက်သည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးပါက မြို့တစ်မြို့ ကျေးရွာပေါင်း ၂၃၀ ခန့် အိမ်ထောင်စုပေါင်း တစ်သိန်းခန့် ဓာတ်အားတိုးတက်ရရှိမည်ဖြစ်**



အမှတ်(၁)ယာဉ်ထိန်းရဲ ဒု-တပ်ဖွဲ့ခွဲ(နေပြည်တော်) အမှတ်(၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စုမှူး ရဲအုပ်ကျော်ဇောအောင်၊ ဒု-ရဲအုပ်ဌေးလွင်(ခ)နေမျိုးသူရနှင့် တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၂၀ရက် မွန်းလွဲ ၁ နာရီက ပျဉ်းမနားမြို့နယ် ပြူတွင်းအုပ်စု ဂဲကြီး-သာစည် အလက(ခွဲ)တွင် ယာဉ်စည်းကမ်း အသိပညာပေးဟောပြောစဉ်။

မင်းမင်းလတ်(ရုပ်ဗေဒ)

## တောင်ငူခရိုင် ပြည်သူ့စာကြည့်တိုက်၌ ပန်းအလှပြင်သင်တန်းဖွင့်

**တောင်ငူ ဇန်နဝါရီ ၂၁**

အိမ်တွင်းမှုပညာရပ်များ ကျွမ်းကျင်ပြီး ဝင်ငွေရှာဖွေကာ ဘဝရပ်တည်နိုင်ရေးအတွက် ရည်ရွယ်၍ တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အိမ်တွင်းမှုနှင့် သက်မွေးပညာသင်ကျောင်းတို့ ပူးပေါင်း၍ ပန်းအလှပြင်သင်တန်းကို တောင်ငူခရိုင် ပြည်သူ့စာကြည့်တိုက်၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ကြပြီး ပန်းအလှထိုးနည်းများ လက်တွေ့ပြုလုပ်ကြသည်။ တောင်ငူခရိုင် ပြည်သူ့စာကြည့်တိုက်တွင် ယခင်တစ်ပတ်ကလည်း မြန်မာ့ရိုးရာမုန့်လုပ်နည်းသင်တန်း ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဆက်လက်၍လည်း အိမ်တွင်းမှု ပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# ၂၀၁၇ ခု နှစ်ဦး မြန်မာ့စီးပွားရေးအတွက် ဆုတောင်း

## အောင်ထူး

(ယမန်နေ့မှအဆက်)

**ပို့ကုန်တင်ပို့သူများထံ တင်ပို့ခြင်း**

နောက်တစ်ခုက ပို့ကုန်မဟာဗျူဟာအသစ်တစ်ခုကို ချဖို့ပါပဲ။ ဒေါ်လာဈေးတက်နေတာကြောင့် ဂျပန်၊ တောင်ကိုရီးယားနဲ့ တရုတ်(တိုင်ပေ)တို့က ကားနဲ့ အီလက်ထရွန်နစ်ပစ္စည်း ပို့ကုန်တွေကို အမေရိကန်ပြည်ထောင်စုဘက်ကို ပိုမိုတင်ပို့ကြရပါလိမ့်မယ်။ ဒီနိုင်ငံတွေ ပို့ကုန်တိုးမယ်ဆိုရင် ဒီနိုင်ငံတွေထုတ်လုပ်မယ့်ပစ္စည်းတွေရဲ့ ပြည်ပကတင်သွင်းရတဲ့ အစိတ်အပိုင်းတွေကိုလည်း ဝယ်အားတက်လာမှာအမှန်ပါပဲ။ တစ်ခါက အင်ဒိုနီးရှားနိုင်ငံက ကုမ္ပဏီဒါရိုက်တာတစ်ဦးကိုတွေ့တော့ မြန်မာနိုင်ငံမှာ ဘာသွားလုပ်လဲလို့မေးတော့ တနင်္သာရီတိုင်းမှာ ခဲမဖြူ သတ္တုရိုင်းကို ပင်လယ်ကြမ်းပြင်ကနေ ထုတ်ယူတယ်လို့ဆိုပါတယ်။ ဒီသတ္တုတွေ ဘာလုပ်သလဲဆိုတော့ ဆူမားတြားကျွန်းမှာရှိတဲ့ ခဲမဖြူသန့်စင်တဲ့စက်ရုံ (tin smelter)မှာ အတုံးလုပ်ပြီး စင်ကာပူကို တင်ပို့တယ်လို့ဆိုပါတယ်။ စင်ကာပူက ဘာကြောင့် ဒီသတ္တုတွေကို ဝယ်တာလဲဆိုတော့ Apple ကုမ္ပဏီက i Phone Frame တွေ လုပ်တာလို့ဆိုတယ်။ ဒီတော့မှပဲ မြန်မာနိုင်ငံဟာ i Phone လုပ်တဲ့ ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက် (Globle Supply Chain)မှာ ပါနေပါလားလို့တွေးမိတယ်။ ဒီတော့ ဒေါ်လာဈေးတက်လို့ ပို့ကုန်တင်ပို့တဲ့ နိုင်ငံတွေက ဝယ်လိုအားတက်လာရင် ဒီပို့ကုန်တင်ပို့တဲ့နိုင်ငံတွေကို ပို့တဲ့ မြန်မာနိုင်ငံက ပို့ကုန်တွေကလည်း တက်လာနိုင်တယ်လို့ တွေးမိတယ်။ ပို့ကုန်တင်ပို့သူတွေဆီ တင်ပို့ရမယ်။ နောက်တစ်ချက်က ဒေါ်လာဈေးတက်နေတာကြောင့် ဂျပန်၊ ကိုရီးယား၊ တရုတ်နိုင်ငံသားတွေဟာ အမေရိကန်ကို သွားရောက်လည်ပတ်ဖို့ ကုန်ကျစရိတ် ကြီးမားလာကြမယ်။ ဒါဆိုရင် ဒီနိုင်ငံက ခရီးသွားတွေဟာ အမေရိကန်နိုင်ငံအစား မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံတွေဘက်ကို ပိုမိုခရီးသွားကြမယ်။ ဒီအခြေအနေကို မြန်မာနိုင်ငံက အမိအရ ဆုပ်ကိုင်ကြဖို့ဖြစ်ပါတယ်။ ဒါဟာ ပို့ကုန်တင်ပို့သူတွေဆီကို တင်ပို့ခြင်း (exporting to exporters)မဟာဗျူဟာလို့ ဆိုနိုင်တယ်။

**ပြည်တွင်းမှာပဲ ဈေးဝယ်ပါ**

အာဆီယံနိုင်ငံတွေက သာမန်နိုင်ငံကူးလက်မှတ်တွေကို ပြည်ဝင်ဗီဇာမလိုဘဲ ခွင့်ပြုလိုက်တော့ မြန်မာတွေက အာဆီယံနိုင်ငံတွေကို သွားရောက်လည်ပတ်ကြတယ်။ ဒီလိုလည်ပတ်ကြရာမှာ လည့်စရာ၊ ပတ်စရာနေရာများအပြင် ဈေးလည်းဝယ်ကြတယ်။ ဆေးလည်းကုကြတယ်။ ဘာတွေဝယ်ကြလဲဆိုရင် ကမ္ဘာမှာ နာမည်ကြီးတဲ့အဝတ်အစား၊ လက်ကိုင်အိတ်၊ အီလက်ထရွန်နစ်ပစ္စည်းစတဲ့ brand လို့ခေါ်တဲ့ ပစ္စည်းတွေပေ့ါ။ ပြည်ပရောက်ချိန်မှာ မက်ဒေါ်နယ်တို့၊ စတားဘတ်တို့၊ ကေအက်ဖ်စီစတဲ့ ဆိုင်တွေမှာ စားကြတယ်။ ဘာကြောင့် ဝယ်ကြစားကြလဲဆိုရင် မြန်မာနိုင်ငံမှာ မဝယ်နိုင်လို့၊ မြန်မာနိုင်ငံမှာ ဆိုင်မရှိလို့လို့ပြောကြတယ်။ ကျွန်တော်တို့ကော ဒီလိုရှော့ပင်းစင်တာတွေ၊ franchise တွေ မလုပ်နိုင်ဘူးလား။ နိုင်ငံခြားက လက်လီဈေးကွက်မှာ ဝင်ရောင်းချင်သူတွေ ရှိကြပါတယ်။ ဒီကုမ္ပဏီတွေကို ခွင့်ပြုလိုက်ရင် ဒီကုမ္ပဏီတွေမှာ အလုပ်လုပ်မယ့် မြန်မာတွေ အလုပ်ရမှာပေ့ါလို့ တွေးမိတယ်။ ပြည်ပကို ဒေသန္တရ လေ့လာရေးခရီးသွားတာကို အားပေးပေမယ့် ပြည်တွင်းမှာပဲ ဈေးဝယ်နိုင်အောင် ဖန်တီးပေးကြရင် အနည်းဆုံးတော့ မြန်မာတွေအလုပ်ရမှာပဲလို့ တွေးမိတယ်။ ဒီတော့ retail shopping ကို ပြည်ပကုမ္ပဏီတွေကို ဖွင့်ပေးသင့်ပြီလို့ထင်တယ်။ ဒီ brand တွေ၊ franchise တွေရှိမှလည်း ပြည်ပကလာတဲ့ ခရီးသွားတွေအတွက် ပိုမိုအဆင်ပြေပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကိုလည်း ပိုမိုဆွဲဆောင်မှုရှိစေမယ်လို့ တွေးမိတယ်။ ဒီတော့ မြန်မာနိုင်ငံမှာပဲ ဈေးဝယ်ပါ။ ဒီလိုဈေးဝယ်နိုင်အောင်လည်း ဖန်တီးပေးပါလို့ ဆိုချင်တယ်။

**လယ်ယာမြေတော်လှန်ရေး**

ဗြိတိသျှခေတ်မှာ မြန်မာ့လယ်ယာစီးပွားရေးဟာ ဖူလုံမှုလယ်ယာစနစ်(subsistence agriculture)ကနေ စီးပွားဖြစ်လယ်ယာ (commercial agriculture)ကို ကူးခဲ့တယ်။ အဲဒီအချိန်က စက်မှုတော်လှန်ရေးလုပ်နေတဲ့နိုင်ငံတွေမှာ လယ်ယာကုန်ကြမ်းလိုအပ်ချက်၊ ဝင်ငွေများလာလို့ လယ်ယာထွက်ကုန်များအပေါ် စားသုံးမှုတိုးလာချက်နဲ့ လယ်ယာထွက်ကုန်ဈေးနှုန်း ခြားနားမှုတွေကို ခေတ်မီပို့ဆောင်ရေးက ကုစားပေးနိုင်မှုကြောင့် မြန်မာနိုင်ငံဟာ စပါးကို ဇောက်ချစိုက်တဲ့ နိုင်ငံဖြစ်လာပါတယ်။ နှစ်ပေါင်း ၁၀၀ ကြာခဲ့သည့်တိုင် မြန်မာ့လယ်ယာစနစ်ဟာ မပြောင်းလဲဘဲ စပါးကိုအခြေခံတဲ့ စီးပွားရေးဖြစ်နေပါသေးတယ်။ စီးပွားရေးစီမံသူတွေရဲ့ mindset ထဲမှာ **စ-စပါး တို့အားထား**ပဲဖြစ်နေကြတယ်။ စပါးကို အခြေပြုတဲ့တွေးခေါ်မှုပေ့ါ။ ဒါပေမယ့်လည်း စပါးစိုက်တဲ့ လယ်သမားတွေကတော့ ဆိုရှယ်လစ်ခေတ်မှာလည်း ဆင်းရဲခဲ့သလို ဈေးကွက်စီးပွားရေးစနစ်မှာလည်း အကြွေးတင်နေဆဲပဲ။ ဒါကြောင့် မြန်မာနိုင်ငံမှာ လယ်ယာမြေတော်လှန်ရေးလုပ်ဖို့ လိုပြီလို့ထင်တယ်။ လယ်ယာလုပ်ငန်းဆိုတာ စပါးပဲဖြစ်တယ်ဆိုတဲ့ အတွေးအခေါ်ကနေ တော်လှန်ရမယ့် လယ်ယာမြေတော်လှန်ရေးပါပဲ။

**စ-စပါး တို့အားထား**ဆိုတဲ့ အတွေးအခေါ်ကို ပြင်ဖို့လိုပြီထင်တယ်။ လယ်မစိုက် ဘာစိုက်ကြမလဲလို့ မေးစရာရှိလာတယ်။ အိမ်နီးချင်းနိုင်ငံတွေပြန်ကြည့်ကြပါ။ ထိုင်းနိုင်ငံမှာ သစ်ခွပန်းနဲ့တင် ဒေါ်လာဘီလီယံနဲ့ချီရနေတယ်။ ကော်မှုန့်လို့ခေါ်တဲ့ တပီအိုကာနဲ့တင် ဘီလီယံနဲ့ချီရနေတယ်။ မြန်မာနိုင်ငံမှ မြန်မာတွေ ကျယ်ကျယ်ပြန့်ပြန့် မသိသေးတဲ့အချက်က ပဲစိုက်တာဟာ စပါးစိုက်တာထက် ငွေပိုရနေတယ်ဆိုတဲ့အချက်ပါပဲ။ ဗီယက်နမ်နိုင်ငံမှာ ကော်ဖီကနေ ဒေါ်လာ ဘီလီယံနဲ့ချီရနေတယ်။ ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံလို့ဆိုခဲ့ပေမယ့် မြန်မာနိုင်ငံက နိုင်ငံခြားမှဆီကို တွင်တွင်ကျယ်ကျယ် တင်သွင်းနေရတယ်။

လယ်ယာတော်လှန်ရေး လုပ်ရမယ့်အချက်က စားသုံးဆီနဲ့ စက်မှုသုံးဆီလုံလောက်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့နှမ်း၊ ပဲတို့အပြင် ဆီအုန်းတို့ကို စိုက်ပျိုးပြီး ဆီအုန်းကိုလည်း စားသုံးဆီအဖြစ် ထုတ်လုပ်နိုင်အောင် ကြိုးစားကြရမယ်။ ရော်ဘာကုန်ကြမ်းကို ပို့နေမယ့်အစား ရော်ဘာထုတ်ကုန်တွေကို မြန်မာနိုင်ငံမှာ ထုတ်လုပ်တင်ပို့နိုင်အောင် ကြိုးစားကြရမယ်။ ကော်ဖီခင်းတွေက ကော်ဖီတွေကို အဆင့်မြင့် မြှင့်တင်ပြီး မြန်မာကော်ဖီ ဈေးကွက်မှာ နေရာရအောင် ကြိုးစားကြရမယ်။ ပန်းတွေစိုက်ပြီး ပန်းတွေတင်ပို့နိုင်အောင် ကြိုးစားကြရမယ်။

ပင်လယ်ပြင် ဒီလောက်ပေါနေချိန်မှာ ပင်လယ်အတွင်းငါးမွေးမြူရေး၊ ပင်လယ်အတွင်း ပုစွန်မွေးမြူရေးတွေ လုပ်ဆောင်နိုင်အောင် ကြိုးစားသင့်တယ်။ ဒါတွေဟာ ရှည်ရှည်ဝေးဝေး မတွေးပါနဲ့။ မြန်မာနိုင်ငံအတွက် လိုအပ်နေတဲ့ လယ်ယာမြေတော်လှန်ရေး(agricultural revolution)ပါပဲ။

**အတ္တကိုမြှင့်တင်ခြင်းဖြင့် ပရကို မျှတပါစေ**

ဘောဂဗေဒကို လေ့လာခဲ့သူတစ်ယောက်အနေနဲ့ ရှေးရိုးဆန်တယ်လို့ဆိုပါစေ။ ကျမ်းရိုးဘောဂဗေဒရဲ့ ဖခင်လို့ခေါ်တဲ့ အဒမ်စမစ်ရဲ့ အတွေးအခေါ်ကတော့ ခေါင်းထဲမှာ စွဲနေတယ်။ မြန်မာနိုင်ငံမှာ ဒေါ်လာဈေးတက်တာ၊ ဘတ်စ်ကားစီးတာ အဆင်မပြေတာ၊ ကုန်ဈေးနှုန်းတက်တာတွေကို အစိုးရကိုပဲ ပုံချနေကြတယ်။ ဒါကတော့ ကိုယ့်အတ္တအတွက် မလုပ်ကြဘဲ ပရအကျိုးဆောင်နေတဲ့အစိုးရကို ပုတ်ခတ်ပြောဆိုခြင်းပဲဖြစ်ပါတယ်။ အဒမ်စမစ်က လူတွေဟာ အတ္တသမားတွေပဲ။ မိမိရဲ့ အတ္တအကျိုးစီးပွားကို လူတိုင်းကဆောင်ရွက်ကြရင် လူတွေနဲ့ပေါင်းစပ်ထားတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ဓနတွေကို တိုးတက်စေမယ်လို့ သူ့ရဲ့တိုင်းပြည်ဓန (the wealth of Nations) စာအုပ်မှာဆိုခဲ့တယ်။ အစိုးရဟာ ဈေးကွက်ကို လွတ်လွတ်လပ်လပ် လုပ်ခွင့်ပေးထားရမယ်။ ဒီလိုခွင့်ပြုထားမယ်ဆိုရင် ဝယ်လိုအားနဲ့ ရောင်းလိုအားလို့ခေါ်တဲ့ မမြင်နိုင်တဲ့လက်တွေ (invisible hands)က ဈေးကွက်ကို အထိရောက်ဆုံးနဲ့ အကျိုးအမြတ်အရှိဆုံးဖြစ်အောင် ဆောင်ကြဉ်းပေးလိမ့်မယ်လို့ ဆိုပါတယ်။ အဒမ်စမစ်က အစိုးရအနေနဲ့ ဈေးကွက်ကို ဝင်မစွက်ရဘူးလို့ဆိုပေမယ့် အစိုးရရဲ့လုပ်ရမယ့်တာဝန်တွေကိုလည်း ဖော်ပြခဲ့တယ်။ ဒါကတော့ အစိုးရဟာ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ပေးရမယ်။ စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ပေးရမယ်။ ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူပြုမယ့် မူဝါဒတွေချမှတ်ပေးရမယ်။ ဆင်းရဲချမ်းသာကွာဟမှုနည်းအောင် ဝင်ငွေမြင့်မားသူတွေဆီက Progressive tax တွေကောက်ခံပြီး နွမ်းပါးတဲ့ပြည်သူတွေရဲ့ သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးရမယ်။ အများပြည်သူသုံးကုန်စည် (Public Goods)လို့ခေါ်တဲ့ ပုဂ္ဂလိကကလုပ်ဖို့ခက်တဲ့ ရေ၊ မီး၊ လမ်းပန်းပို့ဆောင်ရေးစတာတွေကို ဆောင်ရွက်ပေးရမယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ ရောင်းခွန်၊ ကုန်စည်နဲ့ ဝန်ဆောင်မှုခွန်တွေကို ကောက်ခံရမယ်စတဲ့အချက်တွေ ဖြစ်ပါတယ်။ ဒါကြောင့် အတ္တကို အစွမ်းကုန် အားထုတ်ကြပါ။ အတ္တကိုအားထုတ်ခြင်းဖြင့် ပရကိုလည်းရရှိစေပါမယ်။ အတ္တကိုဆောင်ဖို့က တစ်ဦးတစ်ယောက်ချင်းရဲ့ တာဝန်ဖြစ်သလို ပရကိုဆောင်ခြင်းက အစိုးရတွေရဲ့တာဝန် ဖြစ်ပါတယ်။ ကိုယ့်စည်းနဲ့ကိုယ် တာဝန်ယူရမှာဖြစ်ပါတယ်။ ကိုယ့်အတ္တကို အပြည့်မဆောင်ဘဲ ပရကိုဆောင်တဲ့ အစိုးရကို အပြစ်တင်နေရင် မျှတမှုမရှိဘူးလို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် ၂၀၁၇ ခုနှစ် နှစ်ဆန်းမှာ မြန်မာစီးပွားရေးနဲ့ပတ်သက်လို့ တစ်ခုပဲ ဆုတောင်းပါရစေ။ အတ္တနဲ့ပရမျှတပါစေလို့။ ။

# ရန်ကုန်မြို့ သယ်ယူပို့ဆောင်ရေးစနစ်သစ်စတင်ပြီး နာရီပေါင်း ၁၀၀ ပြည့်ချိန်မှ လိုင်းကားစီးဖြစ်သည်

ရန်ကုန်မြို့ သယ်ယူပို့ဆောင်ရေးစနစ်သစ်ကို ဇန်နဝါရီ ၁၆ ရက် နံနက် ၆ နာရီတွင် စတင်ခဲ့သည်။ ခရီးစဉ်သစ်စတင်ပြီး နာရီပေါင်း ၁၀၀ ပြည့်ချိန်၊ ငါးရက်မြောက်နေ့ ဇန်နဝါရီ ၂၀ရက် နံနက် ၁၀ နာရီတွင်မှ ပင်စင်စား ဘကြီးအောင်တစ်ယောက် စနစ်သစ်လိုင်းကားကို စီးဖြစ်သည်။ ငါးရက်အတွင်း ခရီးသွားများ၏ အမျိုးမျိုးအဖုံဖုံသော ဆန္ဒမပြည့်မှုပေါင်းများစွာနှင့်အတူ ပရဟိတအသင်းအဖွဲ့များ၏ လုပ်အားပေးမြင်ကွင်းအစုံစုံတို့ကို တွေ့မြင်ခဲ့ရ၍ ကြည်နူးမှု အလေးချိန်သာခဲ့ရသည်ကို ပြန်လည်မြင်ယောင်မိသည်။

**ဇန်နဝါရီ ၁၆ ရက်**

ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေးကို မထသ စနစ်ဟောင်းမှ Yangon Bus Service (YBS) စနစ်သစ်ကိုစတင်ခဲ့သည်။ ပထမဦးဆုံးရက်မို့ အမျိုးစုံသော ခရီးသွားများ၊ ယာဉ်လိုင်းသစ်၊ ယာဉ်မောင်းသစ်၊ ယာဉ်နောက်လိုက်သစ်များနှင့် ပရဟိတစေတနာရှင်လုပ်အားရှင်များအကြား အဆင်မပြေမှုပေါင်းစုံ၊ အသံမျိုးစုံတို့ဖြင့် ပထမနေ့ကုန်ဆုံးခဲ့သည်။ ဘကြီးအောင်တစ်ယောက် သွားခဲ့ရသည့် ဌာနသည် နေအိမ်နှင့် မဝေးလှသည့်အတွက် အများနည်းတူ အသွား၊ အပြန်ခြေကျင်ခရီးနှင်၍ တစ်နေ့တာပြီးဆုံးခဲ့သည်။

**ဇန်နဝါရီ ၁၇ ရက်**

ခရီးသွားများအကြား အဆင်မပြေမှုအချို့ရှိဆဲတွေ့ရသည်။ စေတနာလုပ်အားရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက “YBS နှင့် ရန်ကုန်မြို့ကို ပတ်ကြစို့” စာတန်းပါ ယာဉ်လိုင်းခရီးစဉ် လက်ကမ်းစာစောင်များ အခမဲ့ဝေငှပြီး မရှင်းသည်ကို ရှင်းလင်းပြကြသည်။ ဤမြင်ကွင်းကို မှတ်တိုင်တိုင်းတွေ့ရ၍ ဝမ်းသာကြည်နူးမှု ဖြစ်ရသည်။ ဒီနေ့မှာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကိုယ်တိုင်ခရီးသွားများ၏ အခက်အခဲကို တတ်နိုင်သလောက် ဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ အခက်အခဲများကို ခရီးသွားပြည်သူများကပါ ကူညီပေးကြစေလိုကြောင်း မေတ္တာရပ်ခံပြောကြားခဲ့သည်ဟု သိလိုက်ရ၍ ကျေနပ်စရာဖြစ်ခဲ့ရသည်။ ဒီနေ့ ဘကြီးအောင်တစ်ယောက် တာမွေ-သီတာလမ်းမှ သိမ်ဖြူလမ်း စိန်ပေါမှတ်တိုင်အထိခရီးကို ပရဟိတစိတ်ဓာတ်ဖြင့် အခမဲ့ကူညီပို့ဆောင်ပေးသည့် အိမ်စီးကားငယ်ဖြင့် အသွားအပြန် အလုပ်ဖြစ်ခဲ့သည်။

**ဇန်နဝါရီ ၁၈ ရက်**

စနစ်သစ်ယာဉ်လိုင်းစတင်ပြီး သုံးရက်မြောက်နေ့၊ လိုင်းကားစီးရေများလာသည်။ မှတ်တိုင်မှာ ခရီးသည်များစုပုံနေမှု အရင်ရက်ကလောက် မများတော့၊ ခရီးတိုအခမဲ့ ပို့ဆောင်ပေးကြသည့် ပရဟိတအဖွဲ့တွေ၊ ပုဂ္ဂလိကယာဉ်ငယ်တွေများလာသည်။ ခရီးသည်များ၏ အခက်အခဲကို ကူညီဖြေရှင်းပေးနေသည့် လုပ်အားရှင်များကို တစ်နေကုန်တွေ့ရသည်။ ချစ်စရာ၊ မြတ်နိုးစရာကောင်းသော မြန်မာလူမျိုးတို့၏ လူမှုရေးပရဟိတစိတ်ဓာတ်ကို ချီးမွမ်းဂုဏ်ယူမိသည်။ ဘကြီးအောင် ယနေ့မြို့ထဲအသွားတွင် မြန်မာနိုင်ငံသားများဘဏ်အခမဲ့ယာဉ်၊ အပြန်တွင် ပုဂ္ဂလိက အိမ်စီးကားအခမဲ့ယာဉ်ဖြင့် အဆင်ပြေခဲ့သည်။

**ဇန်နဝါရီ ၁၉ ရက်**

ယာဉ်လိုင်းသစ် လေးရက်မြောက်နေ့၊ လိုင်းကားတစ်စီးမှတ်တိုင်ရောက်တိုင်း ခရီးသည်များ စုပြုံတိုးတက်နေသည်ကို တွေ့ရသည်။ ခရီးသွားများသည့် ယာဉ်လိုင်းတွင် ယာဉ်စီးရေနည်းပြီး ခရီးသွားနည်းသည့် ယာဉ်လိုင်းတွင် ယာဉ်စီးရေများနေသည်ဟု ထင်သည်။ ခရီးသွားဝန်ဆောင်မှု အချိတ်အဆက်မမိသေး၊ လုပ်အားရှင်များ၏ စေတနာလုပ်အား အလင်းရောင်ကား မပြယ်သေး။ အထူးသဖြင့် သိမ်ဖြူလမ်း စာတိုက်မှတ်တိုင်ရှိ လုပ်အားရှင်များအဖွဲ့မှာ အင်နဲ့အားနဲ့ စိတ်အားမာန်အားဖြင့် ကူညီနေကြသည်ကိုတွေ့ရ၍ လေးစားမိသည်။ ယနေ့ ဘကြီးအောင်မြို့ထဲအသွားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အခမဲ့ယာဉ်ငယ်ဖြင့် သွားခဲ့ပြီးအပြန်တွင် ခြေကျင်ခရီးဖြင့် တစ်နေ့တာအဆုံးသတ်ခဲ့သည်။

**ဇန်နဝါရီ ၂၀ ရက်**

နံနက် ၁၀ နာရီ၊ ရန်ကုန်မြို့ သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းစနစ်သစ်စတင်သည့် ငါးရက်မြောက်နေ့၊ နာရီပေါင်း ၁၀၀ ပြည့်သည့်အချိန်၊ ဘကြီးအောင်တစ်ယောက် မြို့ထဲအသွား ယာဉ်လိုင်းအမှတ် ၂၀ ကို စီးနင်းခဲ့သည်။ ယာဉ်စီးခပုံသေကျပ် ၂၀၀ ဖြစ်၏။ ယုဇနပလာဇာရှေ့တွင် ယာဉ်ကြောကျပ်မှုခဏကြုံရသည်။ ယာဉ်စီးရေများလာ၍ ခရီးသည်များယာဉ်ပေါ်တွင် ယခင်ရက်ကလောက် မများတော့။ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့က ပထမဆုံးယာဉ်လိုင်းသစ်စတင်သည့်နေ့ကလိုပင် လည်ကတုံးအင်္ကျီလက်တို အဖြူဖြင့် သန့်ပြန့်နေသည်။ ယခင်ကလို ဖြစ်သလိုဝတ်စားထားကြတာမဟုတ်၊ မြင်ရသူခရီးသည်များ စိတ်ချမ်းမြေ့မှုဖြစ်ရသည်။ ဘကြီးအောင် ကားပေါ်မှအဆင်းတွင် “ဘကြီးဖြည်းဖြည်းဆင်း လက်တန်းကိုင်ဆင်း”ဟု ယာဉ်နောက်လိုက်ကသူ၏လက် ကမ်းပေးရင်းပြောသည်။ အရင်က ဘကြီးအောင်ကားပေါ်ကဆင်းလျှင် “ဟိုအဘိုးကြီး လက်တန်းဖြုတ်ဆင်း၊ သွက်သွက်လေးဆင်း၊ ကားပေါ်ကဆင်းရင် မင်းသားကျနေတာပဲ”ဆိုသလိုမဟုတ်တော့၊ ခရီးသည်အားလုံးအပေါ် ဝန်ဆောင်မှုကောင်းလာသည်ကိုတွေ့ရသည်။ ကျေနပ်မိသည်။ စိတ်ချမ်းမြေ့မိသည်။ ဒီအတိုင်းတာရှည်ဖြစ်ပါစေဟု ဆုတောင်းမိသည်။

ဘကြီးအောင်၏ခရီးစဉ် ယာဉ်စီးခမှာ မထသခေတ်နှောင်းပိုင်းက ကျပ် ငါးဆယ်၊ တဖြည်းဖြည်း ကျပ် ၁၀၀၊ အခါကြီးရက်ကြီးဆိုရင် အခွင့်ကောင်းယူပြီး ကျပ် ငါးရာ၊ ကျပ် တစ်ထောင်အထိ ပေးခဲ့ရဖူးသည်။ ယခုကားပေါ် တက်တက်ချင်း ပုံသေကျပ် ၂၀၀ ဖြစ်သည်။ နေ့စဉ်ပုံမှန်အသွား၊ အပြန်ဆိုပါက ကျပ် ၄၀၀ ကုန်ကျမည်။ ပင်စင်စား တစ်ဦးအဖို့ နေ့မှသည် လပေါင်းများစွာကြာလာလျှင် အဆင်ပြေပါ့မလားဟု စိုးရိမ်မိသည်။ ဒါကြောင့် မြို့ထဲထွက်ရင် ခြေကျင်သွားသင့်ကသွား၊ ပရဟိတစေတနာရှင်များ၏ အခမဲ့ယာဉ်နဲ့ ကြုံလာပါက စီးသင့်ကစီးရမည်စသည်တို့ကို ယနေ့ညနေပိုင်းကစပြီး တေးမှတ်ထားလိုက်ပြီဖြစ်သည်။

ပြည်သူများသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံတော်ဘက်က ဘက်ပေါင်းစုံ ဖြည့်ဆည်းပေးနေသည်။ ရုတ်ခြည်းအပြောင်းအလဲမို့ ချက်ချင်းအဆင်မပြေနိုင်၊ လူမှုအခက်အခဲကြုံတိုင်း၊ အခါအခွင့်ကြုံတိုင်း ရိုင်းပင်းကူညီတတ်သည့် မြန်မာလူမျိုးတို့၏ လူမှုရေးပရဟိတစွမ်းအားသည် မြန်မာတည်သရွေ့ အစဉ်ဒွန်တွဲတည်ရှိနေမည်မှာ အမှန်ပင်ဖြစ်ကြောင်းကို လက်တွေ့ဖြစ်စဉ်ဖြစ်ရပ်အရွေ့များက သက်သေပြနေသည်ဟု ပင်စင်စား ဘကြီးအောင်တစ်ယောက် ယုံကြည်နေမိပါသည်။ ။

**ဘကြီးအောင်**

# အင်ဒိုနီးရှားနိုင်ငံအစိုးရက လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းလက်ခံခြင်းအခမ်းအနားကျင်းပ




**ရခိုင်ပြည်နယ် စစ်တွေမြို့နယ် လက်မခြေကျေးရွာနှင့် သက္ကယ်ပြင်ရွာမကျေးရွာတို့တွင် အင်ဒိုနီးရှားနိုင်ငံမှ လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သော PKPU အဖွဲ့က လှူဒါန်းသည့် မူလတန်းစာသင်ကျောင်းနှစ်ကျောင်း လွှဲပြောင်းပေးအပ်ပွဲ ကျင်းပစဉ်။** *(ဓာတ်ပုံ-Prof Win Myat Aye facebook)*



**အင်ဒိုနီးရှားနိုင်ငံအစိုးရက ထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားသည့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲကို စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၂၁**
နိုင်ငံတော်အစိုးရက ချမှတ်ထားသော မူဝါဒနှင့်အညီ အင်ဒိုနီးရှားနိုင်ငံအစိုးရက ထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားသည့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မဒမ်ရပ်နိုးအယ်(လ်)ပီမာဆူဒီက လှူဒါန်းရသော အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် လှူဒါန်းပစ္စည်းများနှင့် ပတ်သက်သည့် လွှဲပြောင်းလက်ခံမှတ်တမ်းတွင် နိုင်ငံတော်အစိုးရကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် အင်ဒိုနီးရှားနိုင်ငံ အစိုးရကိုယ်စား မဒမ်ရပ်နိုးအယ်(လ်) ပီမာဆူဒီတို့က လက်မှတ်ရေးထိုးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါလှူဒါန်းပစ္စည်းများမှာ အဝတ်အထည် ၁၀၀၀၀၊ ခေါက်ဆွဲခြောက်ထုပ်ဖာ ၁၅၀၀၊ ကလေးအစားအစာ သေတ္တာ ၁၀၅၀၊ ဂျုံအိတ် ၉၂၀ တို့ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် စစ်တွေမြို့နယ် လက်မခြေကျေးရွာနှင့် သက္ကယ်ပြင်ရွာမကျေးရွာတို့တွင် အင်ဒိုနီးရှားနိုင်ငံမှ လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သော PKPU အဖွဲ့က လှူဒါန်းသည့် မူလတန်း စာသင်ကျောင်းနှစ်ကျောင်း လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်သည်။

ယင်းနောက် မင်းဂံရပ်ကွက်ရှိ ရခိုင်ပြည်နယ် အေဘီစီဖောင်ဒေးရှင်းက တည်ထောင်ထားသော ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးဌာနသို့ သွားရောက်ကြည့်ရှုလေ့လာပြီး ကလေးငယ်များအတွက် အစားအစာနှင့် အလှူငွေများကို ပေးအပ်သည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးအတွက် လက်တွေ့ရှုမြင်သုံးသပ်ချက်များရရှိနိုင်ရန် ရန်ကုန်တွင် "ငြိမ်းချမ်းရေးအတွက် အားကောင်းခိုင်မာသောပူးပေါင်းဆောင်ရွက်မှုဖိုရမ်" ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**
ငြိမ်းချမ်းရေးအတွက် လက်တွေ့ရှုမြင်သုံးသပ်ချက်များ ရရှိနိုင်စေရန် "ငြိမ်းချမ်းရေးအတွက် အားကောင်းခိုင်မာသောပူးပေါင်းဆောင်ရွက်မှုဖိုရမ်" အမည်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ Melia ဟိုတယ်၌ကျင်းပခဲ့သည်။




အခမ်းအနားတွင် ဖိုရမ်ကို စီစဉ်ကျင်းပသည့် မဟာဗျူဟာလေ့လာရေးအဖွဲ့အမှုဆောင် ဒါရိုက်တာ ဒေါက်တာနိုင်ဆွေဦးနှင့် Center for Humanitarian Dialogue မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ဒေါက်တာနိုင်ဆွေဦးက "ဒီငြိမ်းချမ်းရေးအတွက် အားကောင်းခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖိုရမ်"ကို ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံတော်အစိုးရရဲ့ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ပကတိအခြေအနေမှန်နဲ့ ယှဉ်တဲ့၊ မဟာဗျူဟာနဲ့ယှဉ်တဲ့ ရှုမြင်သုံးသပ်ချက်တွေထွက်ပေါ်လာဖို့ပဲ ဖြစ်ပါတယ်။ လက်တွေ့အခြေအနေနဲ့ယှဉ်တဲ့ ရှုမြင်သုံးသပ်ချက်တွေ ထွက်ရှိလာမှသာ ငြိမ်းချမ်းရေအတွက် အဖြေထွက်မှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ငြိမ်းချမ်းရေးအတွက် အားကောင်းခိုင်မာစေသော ပူးပေါင်းဆောင်ရွက်မှုဖိုရမ်တွင် စာရေးဆရာ ဦးကျော်ဝင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက ခွန်ဥက္ကာ၊ မြန်မာနိုင်ငံအရေး ကျွမ်းကျင်သူ ဦးကိုကိုလှိုင်၊ တရုတ်ရေးရာကျွမ်းကျင်သူ Ms. Yun Sun၊ အရှေ့တောင်အာရှရေးရာကျွမ်းကျင်သူ Ms. Mary Callaha၊ ငြိမ်းဖောင်ဒေးရှင်းဒါရိုက်တာဂျာနန်လထော်တို့က မြန်မာနိုင်ငံမြောက်ပိုင်းတွင် လက်ရှိဖြစ်ပွားနေသော အခြေအနေများကိုဖြေရှင်းခြင်းအပါအဝင် မြန်မာအစိုးရ၏ လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ မှတ်တိုင်များ၊ စိန်ခေါ်မှုများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် စာရေးဆရာ ဦးကျော်ဝင်းက "လက်နက်ကိုင်အဖွဲ့အားလုံး NCA လက်မှတ်ထိုးစေချင်တယ်။ တိုက်ပွဲတွေဆိုတာ ဖြစ်တတ်ပါတယ်။ တကယ်လို့ NCA လက်မှတ်ထိုးထားရင် တိုက်ပွဲတွေဖြစ်ပွားတဲ့အခါ ဘယ်လိုဆက်လက် ဖြေရှင်းရမယ်ဆိုတဲ့ နည်းလမ်းတွေ NCA မှာပါတယ်။ အဲဒီအတိုင်းဆက်ရှင်းသွားရုံပဲ။ NCA လက်မှတ်မထိုးထားတဲ့အဖွဲ့တွေနဲ့ တိုက်ပွဲဖြစ်တဲ့အခါကျတော့ ဘယ်လိုဆက်လက်ဖြေရှင်းမယ်ဆိုတဲ့ mechanism ပျောက်နေတယ်။ ဒါကြောင့် NCA ကို အဖွဲ့အားလုံး လက်မှတ်ထိုးစေချင်တယ်"ဟု ဆွေးနွေးသည်။

ငြိမ်းဖောင်ဒေးရှင်းဒါရိုက်တာ ဂျာနန်လထော်က မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ဖက်ဒရယ်စနစ်ကူးပြောင်းရေးလမ်းစဉ်ကို သွားနေကြောင်း၊ တပ်မတော်က အဆိုပါလမ်းစဉ်များကို အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ လက်ရှိတွင် တစ်ဦးနှင့်တစ်ဦး ချဉ်းကပ်ပုံမတူညီ၍ အခက်အခဲများ ရှိနေသည်ဟု သုံးသပ်မိကြောင်း၊ တိုင်းရင်းသားနှင့် ဒီမိုကရေစီအရေးမည်သည့်ကိစ္စကို ဦးစားပေးအရင် လုပ်မည်ဆိုသည့်အချက်ကို စဉ်းစားရန်လိုကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) လက်မှတ်ထိုးရေးသည် အားလုံးအတွက် ဘုံသဘောထားဖြစ်ပါကြောင်း၊ NCA တွင် ပါဝင်သင့် ပါဝင်ထိုက်သူများအားလုံး ပါဝင်ရေးသဘောထားကို ထားရှိသည်ဟု သုံးသပ်မိပါကြောင်း၊ အားလုံးမပါဝင်နိုင်သည့်အတွက် အခက်အခဲရှိနေခြင်း ဖြစ်ကြောင်းဆွေးနွေးသည်။

ဆက်လက်၍ တရုတ်ရေးရာကျွမ်းကျင်သူ Ms. Yun Sun က "ငြိမ်းချမ်းရေးကိုတပ်မတော်နဲ့ NLD က ဦးဆောင်နေတဲ့ကာလမှာ ရရှိစေလိုပါတယ်။ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးဖြစ်စဉ်က လက်ရှိမှာအောင်မြင်မှုရဖို့ ခက်ခဲနေသေးပေမယ့် အားလုံးညှိနှိုင်းဆောင်ရွက်နိုင်စေလိုပါတယ်။ NCA ကို မပွန်းမပဲ့စေဘဲ လက်မှတ်ထိုးဖို့ အားလုံးပါဝင်စေလိုပါတယ်။ လက်ရှိမှာ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရဖို့ လိုလားပါတယ်။ မနှစ်ကစပြီး တရုတ်နိုင်ငံအနေနဲ့ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပိုမိုတက်ကြွစွာပါဝင်နေတယ်လို့ သုံးသပ်မိပါတယ်" ဟု ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲတွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက ခွန်ဥက္ကာက "ငြိမ်းချမ်းရေးအတွက် အားကောင်းခိုင်မာတဲ့ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကတော့ လုပ်သင့်လုပ်ထိုက်တဲ့အချိန်မှာ အချိန်ကိုက် လုပ်တာပါပဲ။ ဒီနှစ် နှစ်ဦးမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးနှစ်ဖြစ်ရမယ်ပြောတယ်။ ကျွန်တော်တို့ကိုယ်နှိုက်ကလည်း အောက်ခြေအထိ ကွင်းဆင်းလုပ်နေတဲ့သူတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်လုပ်နေတဲ့အချိန်မှာ ချို့ယွင်းအားနည်းချက်တွေ မမြင်ဘူး။ နိုင်ငံတကာပညာရှင်တွေ၊ ပြည်တွင်းပညာရှင်တွေက သူတို့မြင်တဲ့အမြင်တွေကို ပြောပြခြင်းအားဖြင့် အကျိုးရှိပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်နေတဲ့ အစိုးရရယ်၊ တပ်မတော်ရယ် ပူးပေါင်းဆောင်ရွက်မှုတွေလည်း ပိုမိုအားကောင်းလာမယ်လို့ မြင်ပါတယ်။

နိုင်ငံရေးဆွေးနွေးပွဲတွေ အောင်မြင်ရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အောင်မြင်တာပဲ။ KNU(ကရင်အမျိုးသားအစည်းအရုံး)ကို ကြည့်ပါ။ မနေ့ကအထိ သူတို့လုပ်တဲ့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲက အောင်မြင်ပါတယ်။ အောင်မြင်တဲ့အတွက် အခြားတိုင်းရင်းသားတွေလည်းလုပ်ကြမှာပဲ။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်တော့ (၂၁)ရာစုပင်လုံညီလာခံ ဒုတိယအစည်းအဝေးလည်း အောင်မြင်မှာပဲ။ အဲဒါတွေ အောင်မြင်ရင်တော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အဆင့်လိုက် အောင်မြင်မယ်လို့ ပြောလို့ရမှာပဲ။ တိုင်းပြည်အတွက် ပြည်သူတွေ တောင့်တနေတဲ့ငြိမ်းချမ်းရေးက တစ်ဆင့်ပြီး တစ်ဆင့်ရသွားမှာပဲ။ အဲဒီမှာအခက်အခဲလည်းရှိနိုင်တာပဲ။ တိုက်ပွဲလည်းရှိနိုင်တာပဲ။ မပြေလည်နိုင်တာလည်းရှိတာပဲ။ ဒါတွေက ပြဿနာမဟုတ်ဘူး။ လုပ်ငန်းစဉ် တစ်ခုလုံး အတွက် အသေးအဖွဲ့ပါ။ ဒါတွေ ဖြေရှင်းသွားလို့ရပါတယ်" ဟု ပြောကြားသည်။

ယနေ့ပြုလုပ်သည့် ငြိမ်းချမ်းရေးအတွက် အားကောင်းခိုင်မာသောပူးပေါင်းဆောင်ရွက်မှုဖိုရမ်သည် အရပ်သားလူငယ်ပညာရှင်များ၊ တပ်မတော်သား(အငြိမ်းစား)များဖြင့် ပါဝင်ဖွဲ့စည်းထားသည့် မဟာဗျူဟာလေ့လာရေးအဖွဲ့နှင့် နိုင်ငံပေါင်း ၂၀ ကျော်တွင် ပဋိပက္ခများကို ကြားဝင်ဖြေရှင်းခြင်းများ လုပ်ဆောင်လျက်ရှိပြီး မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှစတင်၍ ငြိမ်းချမ်းရေးအတွက် နည်းပညာပိုင်းဆိုင်ရာကူညီထောက်ပံ့ခြင်းများ ပြုလုပ်ပေးနေသော Center for Humanitarian Dialogue(H.D) တို့က စီစဉ်ကျင်းပခြင်းဖြစ်သည်။

**သတင်း - ရဲခေါင်ညွန့်၊**
**ဓာတ်ပုံ - ဖိုးထောင်**

# ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်လေ့လာ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်လေ့လာကြသည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုနှင့် တာဝန်ရှိသူများက ဆေးရုံကြီးပင်မဆောင်တွင် ဆေးရုံကြီး တည်ဆောက်ပြုပြင်မွမ်းမံပြီးစီးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီးနောက် ဆေးရုံကြီး၌ ဆေးဝါးကုသမှု ခံယူနေကြသည့်လူနာများအား လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး နေအိမ်၌ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးအား ညစာဖြင့် တည်ခင်းဧည့်ခံရာ ပြည်ထောင်စုအစိုးရအဖွဲ့ အမျိုးသားလုံခြုံရေးနှင့် အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင်နှင့်အဖွဲ့သည် ညပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ကြည်ညိုကြသည်။ **(သတင်းစဉ်)**





**ဇန်နဝါရီ ၂၁ ရက်က တရုတ်နှစ်သစ်ကူးဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်းတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Hong Liang နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

○ **ကျောဖုံးမှ**

သွင်းယူခဲ့ခြင်းဖြစ်သည်။

ကစားကွက် တည်မရဖြစ်နေသည့် ရှမ်းယူနိုက်တက် အသင်းသည် ဒုတိယပိုင်းအစတွင် စိုးမင်းဦးနှင့် ကင်ပေးဝူတို့ကို ထည့်သွင်းကာ အပြောင်းအလဲလုပ်ခဲ့သည်။ ယင်းကစားသမားနှစ်ဦးဝင်လာပြီး နောက်ပိုင်းတွင် ရှမ်းယူနိုက်တက် ကစားပုံပိုကောင်းလာပြီး ၆၂ မိနစ်တွင် ချေပဂိုးပြန်ရခဲ့သည်။ ရှမ်းယူနိုက်တက်အတွက် ချေပဂိုးကို တိုက်စစ်မှူး ခရစ္စတိုဖာက သွင်းယူခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ပွဲကိုထိန်းချုပ်ကစားသွားခဲ့ပြီး ၇၄ မိနစ်တွင် ဝါရင့်တိုက်စစ်မှူး စိုးမင်းဦးက အနိုင်ဂိုးသွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်း သွင်းဂိုးများကြောင့် နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။

ပုသိမ်ကွင်း၌ ကျင်းပသောပွဲတွင် ဧရာဝတီနှင့် မကွေးအသင်း ဂိုးမရှိသရေကျခဲ့သည်။ ပွဲစဉ်(၂) ဒုတိယနေ့ကို ဇန်နဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မန္တလာသီရိကွင်း၌ ရတနာပုံနှင့် ဇွဲကပင်၊ အောင်ဆန်းကွင်း၌ ချင်းနှင့် Southern၊ တောင်ငူကွင်း၌ ဟံသာဝတီနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ-ရှိုင်းထက်ဇော်**

■

❒ **ရန်ကုန်ယာဉ်လိုင်းမှ**

ပြောဆိုမတင်ရဲဘဲ ဖြစ်နေသည်ကို မြင်တွေ့ရသည်။

ခရီးသည်တစ်ဦး မေးမြန်း၍ စီး၍ရသည်ဟု သိရှိမှသာ ခရီးသွားများ တက်ရောက်စီးနင်းမှုမြင်တွေ့ရသည်။ မိနစ်အနည်းငယ်အကြာတွင် အပြာရောင် ရဲတပ်ဖွဲ့ယာဉ်တစ်စီး အခမဲ့ခရီးသည် လာရောက်တင်ဆောင်ပြေးဆွဲပေးနေသည်ကို မြင်တွေ့ရသည်ဟု ယင်းမှတ်တိုင်အနီးရှိ ဈေးသည်တစ်ဦးက ပြောသည်။ စုဆုံရာ ယင်းလမ်းမပေါ်ရှိ ခုံးကျော်တံတားခြေရင်းတွင် ညပိုင်းထိ မြင်တွေ့ရသည်။

ရက်အနည်းငယ် ကြာလာချိန်တွင် အခမဲ့ပြေးဆွဲမှုအပေါ် အမြင်အမျိုးမျိုးဖြင့် ဝေဖန်ပြောဆိုမှုများရှိလာသည်။ အခမဲ့ကားကိုစောင့်စီး၍ လိုင်းကားများ ဝင်ငွေကျဆင်းသည်၊ အငှားတက္ကစီယာဉ်များ စီးနင်းမှုနည်းလာသည်ဟု ပြောဆိုမှုများကို ကြားသိရသည်။

အခမဲ့ယာဉ်ကို ရန်ကုန်မြို့တွင် ကျပ် ၁၀၀ အကုန်အကျမခံဘဲ စောင့်စီးသည်မှာ အနည်းငယ်သော ခရီးသည်များသာ ဖြစ်နိုင်သော်လည်း လိုင်းကားများ ပေါ်တက်ရောက်ရန် မလွယ်ကူသော၊ လိုင်းကားများ အလင်းရောင်ပျောက်သည်နှင့်အတူ ပျောက်သွားသဖြင့် ရန်ကုန်မြို့တွင်း ခရီးဆက်ရန် အခက်အခဲရှိနေသော ခရီးသွားအများစုအနေဖြင့် မဖြစ်မနေ အခမဲ့ယာဉ်များ စီးနေရခြင်းဖြစ်သည်။ သူတစ်ပါးစီးပွားရေးလုပ်ငန်းများကို ဝင်ရောက်ဖျက်ဆီးလိုသည့် စိတ်ထားများမရှိကြပါ။ ခရီးသွားများပြား၍ မလိုလားအပ်သော ဖြစ်စဉ်များမဖြစ်ပေါ်ရန် ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီကြခြင်းသာဖြစ်သည်ဟု လမ်းမတော်မြို့နယ် လမ်းသစ်(မော်တင်) မှတ်တိုင်တွင် လုပ်အားဖြင့် ပါဝင်ကူညီနေသူများက ပြောသည်။

ဇန်နဝါရီ ၂၀ ရက်ထုတ် နေ့စဉ်သတင်းစာအချို့တွင် အခမဲ့ယာဉ်ပြေးဆွဲမှုအပေါ် မေတ္တာရပ်ခံသည့် သတင်းများ ပါလာမှုနှင့်အတူ ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းမှစ၍ အခမဲ့ပြေးဆွဲသည့်ယာဉ်များ မမြင်တွေ့ရတော့ပေ။

သို့ဖြစ်ရာ အခမဲ့ကူညီပြေးဆွဲမည့် ယာဉ်များ မရှိသည့်အတွက် ခရီးသွားလာရာတွင် အလင်းရောင်ပျောက်သည်နှင့် ယာဉ်လိုင်းပျောက်ခြင်းမျိုး မကြုံတွေ့ရန် သက်ဆိုင်ရာမှ အလေးထား စီစဉ်ပေးစေလိုသည်ဟု ခရီးသွားများက ဆိုသည်။

ငါးရက်တာကာလအတွင်း မှတ်တိုင်များရှိ လုပ်အားပေးများ၏ မေတ္တာရပ်ခံ ပြောဆိုပေးသည့်အတွက် မှတ်တိုင်မရောက်ခင် လမ်းဆုံလမ်းခွ၊ မီးပွိုင့်များတွင် ခရီးသည်အတက်အဆင်းမရှိဘဲ မှတ်တိုင်တွင်သာ အတက်အဆင်း ပြုလုပ်နေသည်ကို နေ့စဉ်မြင်တွေ့နေရသော ဘုန်းကြီးလမ်း၊ စံပြရုပ်ရှင်အနီး မြို့ပြင်သွားယာဉ်ကြောပေါ်မှ မှတ်တိုင်နှင့် အနော်ရထာနှင့် လမ်းမတော်လမ်းထောင့် မီးပွိုင့်အနီးတို့တွင် မြင်တွေ့ရသည်။

သို့သော် ရှစ်မိုင်လမ်းဆုံ ကျိုက်ဝိုင်းဘုရားလမ်းပေါ်ရှိ အရောင်းစင်တာကုန်တိုက်ကြီးရှေ့ မှတ်တိုင်တွင်မူ ယခင်အတိုင်း မှတ်တိုင်အရောက်မသွားဘဲ လမ်းဆုံမီးပွိုင့်အလွန်တွင် ခရီးသည်အတင်အချလုပ်နေသည်ကို မြင်တွေ့ရသည်ဟု ဘုရင့်နောင်ကုန်စည်ဒိုင်မှ ဦးမြတ်စိုးကပြောသည်။

ကိုယ်ရကိုယ်ယူစနစ်မှ အများပိုင်ခွဲဝေယူသည့်စနစ်တွင် ယင်းကဲ့သို့ ယာဉ်အား စည်းကမ်းမဲ့ မောင်းနှင်မှုများ လျော့နည်းရန်မျှော်လင့်သော်လည်း အချို့ပြောင်းလဲမှုမရှိသေးဟု ၎င်းက ပြောသည်။

**(မောင်စေအောင်)**



# နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်မှု ကြည့်ရှုအားပေး

**မုံရွာ ဇန်နဝါရီ ၂၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ပြည်သူများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ကျဝန်ထမ်းများသည် ဇန်နဝါရီ ၁၉ ရက်က ကြေးမုံရွာသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ရာ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ ဒုတိယတိုင်းဦးစီးမှူး ဦးသန်းဝင်းနှင့် ခရိုင်ဦးစီးမှူး ဦးမင်းအောင်တို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား သေနတ်ပစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၁**

၂၀၁၇ ခုနှစ် မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား သေနတ်ပစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ၇ ရက်အထိ ဒဂုံ(မြောက်) အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ တစ်ဦးချင်း ၁၀ မီတာ လေပစ္စတို(အမျိုးသား/အမျိုးသမီး)နှင့် ၁၀ မီတာ လေရိုင်ဖယ်(အမျိုးသား/အမျိုးသမီး) ပစ်ခတ်စဉ်လေးမျိုးကိုကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်အား ကစားသမားတစ်ဦးလျှင် ပြိုင်ပွဲနှစ်မျိုး ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ဝင်ကြေးအဖြစ် အမျိုးသား ကျပ် ၄၀၀၀၊ အမျိုးသမီး ကျပ် ၃၀၀၀ ပေးသွင်းရမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများအနေဖြင့် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်သို့ အမည်စာရင်းပေးသွင်းကြရန်နှင့် သိရှိလိုသည်များကို ဖုန်း-၀၁-၈၀၁၁၀၇၅၊ ၀၉-၇၉၆၆၂၅၂၅၆ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**



**ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဘားလမ်းကားမှတ်တိုင်၌ ဘတ်စ်ကားကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ရဲတပ်ရင်း အခမဲ့မော်တော်ယာဉ်တို့၌ ခရီးသွားပြည်သူများ ပြည့်ကျပ်စုပုံနေသည်ကို တွေ့ရစဉ်။** (ဇော်မင်းလတ်)

# စာအုပ်ဈေးတန်း စာပေရပ်ဝန်း၌ ပီတိသံများလွှမ်း



**ရန်ကုန် ဇန်နဝါရီ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းတို့က စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စာပေအသိပညာ ဗဟုသုတ ကြွယ်ဝလာစေရေးနှင့် ရေးသူ၊ ဖတ်သူ၊ ထုတ်ဝေဖြန့်ချိသူများ အချင်းချင်း ရင်းနှီးကျွမ်းဝင်ကာ စာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးနိုင်ရေး ရည်ရွယ်ကာဖွင့်လှစ်ခဲ့သည့် စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်း စာပေရပ်ဝန်းကို တတိယပတ် ငါးရက်မြောက်(စနေ)အဖြစ် ယနေ့နံနက် ၉ နာရီတွင် ဆက်လက်ဖွင့်လှစ်ခင်းကျင်းပြသရောင်းချသည်။

စာပေမွေ့သူများ၊ စာချစ်သူများအတွက် ဘာသာရပ်မျိုးစုံ၊ စာမျိုးစုံ၊ အဟောင်း၊ အသစ်မျိုးစုံခင်းကျင်းပြသရောင်းချသည့် စာအုပ်ဈေးတန်းနေရာမှာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း(မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား)ရှိ ဝန်ကြီးများရုံးရှေ့၊ ဗဟိုပုံနှိပ်တိုက်စက်ရုံရှေ့၊ သတင်းနှင့်စာနယ်ဇင်းရုံး (ရန်ကုန်ရုံးခွဲ)ရှေ့နှင့် အနော်ရထာလမ်း (ဗဟိုပုံနှိပ်တိုက်ဘက်ခြမ်း) မျက်နှာစာတို့တွင် ဖြစ်သည်။

ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို နံနက်ဖွင့်ချိန်မတိုင်မီ စာအုပ်ဆိုင်များ ခင်းကျင်းနေချိန်တွင်ပင် စာပေချစ်သူ၊ စာပေမွေ့သူများတဖွဲဖွဲနှင့် ရောက်နေကြကြောင်း တွေ့ရသည်။ ရုံးပိတ်ရက်၊အားလပ်ရက်နှင့် တိုက်ဆိုင်နေ၍လည်း ယခင့် ယခင်ရက်သတ္တပတ်ကထက် စာပေချစ်သူ၊ စာပေမွေ့သူများ ပိုမိုများပြားလာသည်ကို တွေ့ရသည်။ ရဟန်း၊ သံဃာတော်များ၊ သီလရှင်များအပြင် နိုင်ငံခြားသားများပါ စာအုပ်စာပေများ လာရောက်ရှာဖွေနေသူများကို တွေ့ရသည်။ စာပေရပ်ဝန်း စာအုပ်ဈေးတန်းတစ်လျှောက်တွင်လည်း စာချစ်သူများ၏စာပေပီတိသံများ လွှမ်းမိုးပျံ့နှံ့နေသယောင်ထင်ရသည်။

"မြန်မာစာပေဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အကူပြုတဲ့ စာအုပ်ဈေးတန်းလေးလို့မြင်ပါတယ်။ လူငယ်တွေ စာအုပ်စာပေအပေါ် စိတ်ဝင်စားမှုရှိလာတာရယ်၊ စာအုပ်တွေကိုရှာရဖွေရကောင်းမှန်းသိလာတာရယ်က သူတို့အတွက် တန်ဖိုးရှိပါတယ်။ မြန်မာပြည်ရောက်ရင် စာအုပ်ကောင်းတွေ ရှာဖွေတတ်တဲ့ နိုင်ငံခြားသား စာပေသမားများအတွက် စာပေတိုက်နဲ့ စာအုပ်ဆိုင်များ တစုတဝေးတည်း ဆိုင်ခင်းရောင်းချတဲ့ ဒီနေရာလေးကို သဘောကျကြမှာပါ။ ဒီရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းဖွင့်တာကို စာပေရပ်ဝန်းအတွက် ပီတိဖြစ်မိပါတယ်"ဟု လမ်းမတော်မြို့နယ် သရက်တောတိုက် သာသနောဒယကျောင်းတိုက်မှ အရှင်ဥေယျက ပီတိစကားမိန့်ကြားသည်။

"သားက အလုံမြို့နယ်ကပါ။ စာအုပ်ဈေးတန်းရှိတာကို မနေ့ကမှ သိရတယ်။ ကျောင်းစာနဲ့ပတ်သက်တဲ့ စာအုပ်တွေ၊ လူငယ်ပြုပြင်ရေးဆိုင်ရာ စာအုပ်တွေ တစ်နေရာတည်း စုစုဝေးဝေးရှိတယ်။ ဝယ်လို့ရတယ်ဆိုတာကို ဆရာမတွေပြောပြလို့ သိရတယ်။ ဒီနေ့ကျောင်းပိတ်ရက်မို့ ရောက်တာပါ။ အရင်က စာအုပ်ဆိုင်ဆိုတာ မရောက်ဖူးဘူး။ အခုတစ်နေရာတည်းမှာ စိတ်ကြိုက်စာအုပ် ရှာဝယ်လို့ရတယ်ဆိုတာသိရလို့ နောက်တစ်ပတ်မှာ လာပါဦးမယ်။ ဒီစာအုပ်တန်းလေးရှိတာ ကောင်းပါတယ်၊ ဝမ်းသာပါတယ်"ဟု ကျောင်းသားငယ်တစ်ဦးက ပြောသည်။

စာပေပီတိသံလွှမ်းသည့် စာအုပ်ဈေးတန်းတွင် တိုက်ရိုက်ရောင်းချသည့် စာပေတိုက်များ၊ စာပေတိုက်ပေါင်းစုံမှ စာအုပ်များကို တစုတဝေးတည်း စုစည်းရောင်းချသည့် စာအုပ်ဆိုင်များ အပါအဝင် စာအုပ်ဆိုင်ခန်းပေါင်း ၁၇၀ ကျော်ရှိသည်။ ယင်းစာအုပ်ဆိုင်များတွင် စာအုပ်အသစ်၊ အဟောင်းများ၊ ရှားပါးသည့် သမိုင်းဝင်စာအုပ်များ၊ မှတ်တမ်းဓာတ်ပုံများ၊ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ သုတ၊ ရသ စာအုပ်များ၊ ဆေးပညာဆိုင်ရာစီဒီခွေများ၊ မြန်မာအနုပညာပစ္စည်း အသစ်/အဟောင်းဆိုင်များ၊ မြန်မာအနုပညာ ရုပ်သေးရုပ်၊ ဇီးကွက်၊ ပစ်တိုင်းထောင်၊ မြင်းရုပ်၊ ဆင်ရုပ်စသည်များ၊ ဘောင်သွင်းပြီး လက်ရေးပန်းချီကားများ၊ မြန်မာမှုစာတမ်းများ ရိုက်နှိပ်ထားသည့် စပို့ရှပ်များ၊ လွယ်အိတ်မျိုးစုံတို့ကို တစုတဝေးတည်း ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချရာတွင် စာအုပ်အသစ်ဆိုလျှင် ၁၀ ရာခိုင်နှုန်းလျှော့၊ ၂၀ ရာခိုင် နှုန်းလျှော့၊ တစ်အုပ်လျှင် ကျပ် ၂၀၀၊ ၃၀၀၊ တစ်အုပ် ကျပ် ၅၀၀၊ ကျပ် ၁၀၀၀ စသည်ဖြင့် စာအုပ်အမျိုးအစားအလိုက် လွတ်လပ်စွာရောင်းချပေးခြင်းဖြင့် စာချစ်သူ၊ စာမွေ့သူများကြား ဝမ်းသာပီတိစကားများက စာအုပ်ဈေးတန်းဝန်းကျင်တွင် လွှမ်းမိုးလျက်ရှိသည်။

အဆိုပါ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို ၂၀၁၇ ခုနှစ် ပွင့်လင်းရာသီကုန် ဧပြီလထိ အပတ်စဉ် ရုံးပိတ်၊ ကျောင်းပိတ်သည့် (စနေ၊ တနင်္ဂနွေ)နေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း၊ စာချစ်သူ၊ စာမွေ့သူများ စာပေပန်းခင်းတွင် လာရောက် အပန်းဖြေနိုင်ပါကြောင်း အသိပေးလိုက်ရပါသည်။

**(ကိုချစ်)**

## အပြောစွမ်းရည်၊ အရေးစွမ်းရည်မြင့်မားရေး ပြိုင်ပွဲများကျင်းပ

**ကျောက်တံခါး ဇန်နဝါရီ ၂၁**

ကျောင်းသား ကျောင်းသူများ စာပေဗဟုသုတတိုးပွားရေး၊ ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မြင့်မားရေး၊ အပြောစွမ်းရည် တိုးတက်စေရေးအတွက်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပပြီး ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်အဆင့် ဌာနဆိုင်ရာများက အသီးသီး ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မန္တလေးမြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ် (၈/၂၀၁၆)ဆင်းပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

မန္တလေးမြို့တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ် (၈/၂၀၁၆) ဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်က မန္တလေးမြို့ FITC (Fu Qing International Language Teaching Centre)သင်တန်းခန်းမ၌ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန အထက်မြန်မာပြည်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်နှင့် မန္တလေးဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမင်းနိုင်တို့က သင်တန်းဆင်းအမှာစကားပြောကြားသည်။ ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်က သင်တန်းတွင် သင်ကြားပို့ချပေးခဲ့သော မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားကျွမ်းကျင်ပညာရှင်များအသင်းမှ သင်တန်းဆရာများကိုယ်စား အသင်းဥက္ကဋ္ဌအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ဧည့်ကြိုသင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသား သင်တန်းသူများအား ထူးချွန်ဆုများပေးအပ်သည်။

ထို့နောက် မန္တလေးဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမင်းနိုင်က အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသား သင်တန်းသူများအားလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးရုံးခွဲ ညွှန်ကြားရေးမှူး ဦးခင်မောင်ရွှေက အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသား သင်တန်းသူများအား လည်းကောင်း ဆုများအသီးသီး ချီးမြှင့်ပေးအပ်သည်။

ယခုသင်တန်းတွင် ဧည့်ကြိုသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၅ ဦး၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၅ ဦး၊ အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၄ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၁၄ ဦးတို့သည် စာတွေ့၊ လက်တွေ့အလုပ်ခွင်မပျက် သင်တန်းတက်ရောက်အောင်မြင်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ရမည်းသင်းမြို့နယ်တွင် မီးငြိမ်းသတ်ခြင်း သရုပ်ပြ

**ရမည်းသင်း ဇန်နဝါရီ ၂၁**

စက်သုံးဆီအရောင်းဆိုင်များတွင် မီးလောင်မှု၊ မီးလန့်မှုဖြစ်ပွားပါက စနစ်တကျ မီးငြိမ်းသတ်တတ်စေရန် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မီးသတ်ဦးစီးဌာန၌ ဇန်နဝါရီ ဒုတိယပတ်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိန်ခိုင်က မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းကို ရှင်းလင်းပြသရာ ဌာနဆိုင်ရာနှင့် စက်သုံးဆီအရောင်းဆိုင်များမှ ကိုယ်စားလှယ်များက မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခဲ့ကြသည်။

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များက အမြှုပ်မီးသတ်ဆေးရည်ဖြင့် မီးငြိမ်းသတ်ခြင်းကို သရုပ်ပြသကြပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ရမည်းသင်းမြို့ မီးသတ်ဦးစီးဌာနရှိ မီးသတ်ယာဉ်များ ကြံ့ခိုင်မှုကို ကြည့်ရှုရာ မြို့နယ်မီးသတ်ဦးစီးမှူးက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ဇန်နဝါရီ ၁၀ ရက်မှ ဇန်နဝါရီ ၁၇ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

**(၂၀-၁-၂၀၁၇ နေ့မှအဆက်)**

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၃၇ | ချစ်ဦးညို | မဟာသေနာပတိ | ၃၅၀၀/- | လက်ဒီပစာပေ |
| ၃၈ | ချစ်ဦးညို | နေမင်း လမင်းသိန်းရာထောင် | ၄၅၀၀/- | လက်ဒီပစာပေ |
| ၃၉ | နိုင်မြင့် | ဒိုက်ငြိလေ့ကလေးများနှင့်မဂ္ဂဇင်းဝတ္ထုရှည်များ | ၃၀၀၀/- | လင်းလွန်းခင်စာပေ |
| ၄၀ | ဒေါက်တာထွန်းဝင်း | HR မန်နေဂျာတို့အတွက် လက်တွေ့ဗျူဟာများ | ၂၄၀၀/- | သရဖီဝင်းထွန်းစာပေ |
| ၄၁ | ဒေါက်တာထွန်းဝင်း | စင်ကာပူနိုင်ငံကိုအနှစ် (၂၀)အတွင်း ကျော်တက်နိုင်သော မူလတန်းကလေးများ အခြေပြုဗျူဟာနှင့်အခြားဗျူဟာများ | ၂၀၀၀/- | သရဖီဝင်းထွန်းစာပေ |
| ၄၂ | ဒေါက်တာထွန်းဝင်း | အစိုးရ NGO ကုမ္ပဏီတို့တွင် ပေါ်လစီရေးဆွဲခြင်း | ၂၄၀၀/- | သရဖီဝင်းထွန်းစာပေ |
| ၄၃ | အောင်မြိုင် (မစိုးရိမ်စာသင်သား) | ဘယ်သူ့မှာတာဝန်ရှိသလဲ | ၂၅၀၀/- | အလှပန်းစာပေ |
| ၄၄ | ကြည်ဝင်း(ဟသ်ာတ) | သံသပိတ်ကြီးနှင့် ဂမ္ဘီရဝတ္ထုတိုများ | ၁၅၀၀/- | ကျော်မွှေးစာပေ |
| ၄၅ | ဂုဏ်ထူးပဒေသာစာပေ | ပုလဲရောင်အထက်တန်းအဆင့် စာစီစာကုံးများ အမှတ်(၃) | ၁၅၀၀/- | ရွှေပဒေသာစာပေ |
| ၄၆ | ဂုဏ်ထူးပဒေသာစာပေ | ပတ္တမြားရောင်အထက်တန်းအဆင့် စာစီစာကုံးများ အမှတ်(၂) | ၁၀၀၀/- | ရွှေပဒေသာစာပေ |
| ၄၇ | မင်းလူ | အသပြာလုလင်နှင့် ယမကာလုလင် | ၃၅၀၀/- | ရွှေနှလုံးသားစာပေ |
| ၄၈ | ဇေယျာလင်း | အိုင်အိုးဝါးနေ့ရက်များ (ကဗျာ/စာပေခရီးစဉ်) | ၃၀၀၀/- | နှစ်ကာလများစာပေ |
| ၄၉ | ကျော်မိုးလွင် | အရိပ်အရောင်ရက်စွဲများ | ၂၀၀၀/- | နှစ်ကာလများစာပေ |
| ၅၀ | ယူတီကေ | မရှိမဖြစ်ဥပဒေ | ၂၅၀၀/- | FuturePublishing |
| ၅၁ | တင်စိန်(ဆေး-၁) | တွေးမိတွေးရာ အပိုင်း(၁) | ၂၅၀၀/- | |
| ၅၂ | မမိုးမြေ | စာဖတ်ချင်အောင် ဘယ်လိုရေးခဲ့ကြသလဲ | ၂၅၀၀/- | ယဉ်မျိုးစာပေ |
| ၅၃ | လူမွန်(ပခုက္ကူ) | ကလေးတို့ရဲ့ရတနာပုံပြင်ကဗျာများ | ၁၂၀၀/- | မျိုးဆက်သစ်စာပေ |
| ၅၄ | မောင်ကြယ်စင် (ရန်ကုန်တက္ကသိုလ်) | ရာထူးဝင်ခွင့် (၂၀၁၇-၂၀၁၈) | ၃၅၀၀/- | ကြယ်စင်စာပေ |
| ၅၅ | ဆုပြည့်စုံထွန်း | ကသစ်ဝိုင်ဆရာတော်ဘုရားကြီး | ၂၀၀၀/- | ဆုပြည့်စုံထွန်းစာပေ |
| ၅၆ | ဂျာနယ်ကျော်မမလေး | စာပေခရီးသည် | ၁၈၀၀/- | စိတ်ကူးချိုချို |
| ၅၇ | | ကောသလအိပ်မက် ၁၆ ချက် | ၁၂၀၀/- | စိတ်ကူးချိုချို |
| ၅၈ | မောင်ခေတ်ထွန်း | ပြောလေမှားလေရယ်ရလေ | ၁၀၀၀/- | စိတ်ကူးချိုချို |
| ၅၉ | မြတ်ငြိမ်း | ထူးချွန်ခြင်းဆိုသည်မှာမတော်တဆဖြစ်လာခြင်း အလျဉ်းမဟုတ် | ၁၅၀၀/- | စိတ်ကူးချိုချို |
| ၆၀ | စောဦး | တစ်မိုးသောက်သော် | ၂၅၀၀/- | စိတ်ကူးချိုချို |
| ၆၁ | မောင်မောင်မြင့်(မန္တလေး) | မောင့်ရင်ထဲကပုံရိပ်များ | ၂၀၀၀/- | စိန်တိုက်စာပေ |
| ၆၂ | မမသဒ္ဒါမောင် | မောင်နှင့်အတူ | ၁၇၀၀/- | ရွှေပဒေသာစာပေ |
| ၆၃ | မိုးစက်ပွင့် | ခရေတွေရနံ့မပြယ်သရွေ့ | ၃၀၀၀/- | ရွှေပဒေသာစာပေ |
| ၆၄ | ကြယ်စင်မှူးဝေ | အချစ်တံလျှပ်-အချစ်နွေကန္တာ | ၁၆၀၀/- | ရွှေပဒေသာစာပေ |
| ၆၅ | လုံမ | ကြင်နာချင်တယ် | ၁၅၀၀/- | ရွှေပြည်သိမ်းစာပေ |
| ၆၆ | ရွှေဖိုးခေါင် | မိုးကျရွှေကိုယ်မင်းမြောက်မိစ္ဆာ မိတ္ထီလာဝင်းထိန် | ၃၀၀၀/- | B Media Wash (ဝေဖန်သည် ဝေဖန်ခံသည်) |

# အလုံမြို့နယ်တွင် ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေး

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလဲ့ညိုဝင်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးမှူး ဒေါ်မြင့်မြင့်နွယ်နှင့် ကျန်းမာရေးဝန်ထမ်းများသည် ဇန်နဝါရီ ၂၀ ရက် ညနေ ၆ နာရီက အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက်ရှိ ပြည်သူများအား တစ်အိမ်တက်ဆင်း ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဗိုလ်ဗိုလ်လွင်နှင့် တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူထုကျန်းမာရေးလုပ်သားများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

❑






# မြဝတီမြို့၌ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကျင်းပ

**မြဝတီ ဇန်နဝါရီ ၂၁**

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ဝင်းမူက အမှာစကား ပြောကြားသည်။

ထို့နောက် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများက ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့ကို ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပြန်/ဆက်ဌာန ဒုတိယဦးစီးမှူးနှင့် ဆရာ ဆရာမများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ရေဘုတ်ဆည်ရေသောက်ဧရိယာအတွင်း နွေနှမ်းသီးထပ်စိုက်ပျိုးခြင်းဖြင့် တောင်သူဝင်ငွေရရှိစေရေးဆောင်ရွက်

**ဘားအံ ဇန်နဝါရီ ၂၁**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် ရေဘုတ်ဆည်ရေသောက်ဧရိယာအတွင်း သီးထပ်စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအားမြင့်မားစေပြီး တောင်သူများဝင်ငွေရရှိစေရေးအတွက် နွေနှမ်းစိုက်ပျိုးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ရာ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၉ နာရီက ပြည်နယ်စိုက်ပျိုးရေး၊ မြို့နယ်စိုက်ပျိုးရေးမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။**(အောက်ပုံ)**

လှိုင်းဘွဲမြို့နယ်အတွင်း နွေစပါးစိုက်ဧက ၁၉၄၅၈ ဧက၊ နွေနှမ်းစိုက်ဧက ၇၁၆ ဧကရှိပြီး ရေဘုတ်ဆည်ရေသောက်ဧရိယာအတွင်း မြေဩဇာစမ်းသပ်ကွက်နှင့် မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်ဟူ၍ စမ်းသပ်ကွက်နှစ်မျိုးပြုလုပ်ထားသည်။ ဆည်ရေရရှိမှုအပေါ် အကျိုးရှိစွာ နွေစပါးစိုက်ပျိုးထားသော်လည်း ရေမရရှိသောဧရိယာများတွင် နွေနှမ်းစိုက်ပျိုးခြင်းဖြင့် တောင်သူများ၏ သီးထပ်စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအားမြင့်မားစေပြီး ဝင်ငွေရရှိစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နွေနှမ်းသီးထပ်စိုက်ပျိုးရေးတောင်သူများအား ပညာပေးဆောင်ရွက်သည့်အပြင် စိုက်ခင်းဖျက်ခရုများအား ခရုစုပ်ငှက်များ လာရောက်စားသောက်ထားသော ခရုခွံများကိုတွေ့ရှိရသည့်အတွက် တောင်သူအကျိုးပြုမိတ်ဆွေ ခရုစုပ်ငှက်များအား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖမ်းယူခြင်းများ၊ ပစ်သတ်ခြင်းများ မပြုလုပ်ရန်လည်း တောင်သူများအား အသိပညာပေးခြင်းများကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်လင်းနှင့် မြို့နယ်စိုက်ပျိုးရေးမှ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**



# ပန်းချီဆရာမ ၃၈ ဦး၏ ပန်းချီပြပွဲ မန္တလေး၌ပြသ

**မန္တလေး ဇန်နဝါရီ ၂၁**

တတိယအကြိမ်မြောက် Colourful Flowers Woman Artists ပန်းချီပြပွဲကို ယနေ့ နံနက် ၉ နာရီတွင် မန္တလေးတောင်ခြေရှိ မန္တလေးတောင်ပန်းချီပြခန်း၌ ပြသသည်။



အဆိုပါ Colourful Flowers Woman Artists ပန်းချီပြသရာတွင် ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)နှင့် မန္တလေးပန်းချီပန်းပုကျောင်း(ယဉ်ကျေးမှုတက္ကသိုလ်)မှ ကျောင်းဆင်း ၃၈ ဦးက စုပေါင်းကာ ပန်းချီကား ၁၂၀ ရေးဆွဲပြသထားပြီး အခရိုက်လစ်၊ ရေဆေး၊ ဆီဆေး၊ ခဲပန်းချီများ ပါဝင်သည်။

ပန်းချီပြပွဲကို ပန်းချီကျောင်းဆင်းသူငယ်ချင်းများ ပြန်လည်စုစည်းနိုင်ရန်နှင့် နောင်တက်လာမည့် မျိုးဆက်သစ်များလေ့လာနိုင်စေရန် ပြသခြင်းဖြစ်ကာ ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသသွားမည် ဖြစ်သည်။

Colourful Flowers Woman Artists ပန်းချီပြပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ပထမအကြိမ်ပြသခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာတွင် ဒုတိယအကြိမ်ပြသခဲ့သည်။

**(၀၀၂)**

# အမရပူရမြို့နယ်တွင် ဆင်ခြေထောက်ရောဂါ ဖြစ်ပွားမှုနှုန်းများပြား

**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်း အမရပူရမြို့နယ်တွင် ဆင်ခြေထောက်ရောဂါဖြစ်ပွားမှုနှုန်း များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ရောဂါပိုးမျိုးသယ်ဆောင်သော ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနမှ အဖွဲ့ခေါင်းဆောင် ဒေါက်တာတင့်ဝေက ပြောသည်။

"လက်ရှိ မန္တလေးတိုင်းဒေသကြီးအတွင်း အမရပူရမြို့နယ်မှာ လူဦးရေ ၃၂၀ ခန့်ကို ကျွန်တော်တို့စစ်ဆေးတဲ့အခါမှာ ၆၀ လောက်က ဒီရောဂါဖြစ်နေတာတွေ့ရတဲ့အတွက် ဒီမြို့နယ်မှာ ပိုးတွေ့နှုန်း နည်းနည်းများနေသေးတယ်။ ဒီရောဂါက ခြင်ကိုက်တာကနေ ကူးစက်တာဖြစ်တဲ့အတွက် ဒီကာကွယ်ဆေးကို မဖြစ်မနေသောက်သင့်တယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါရောဂါကို သယ်ဆောင်လာသော ခြင်များသည် ရေပုပ်၊ ရေသိုး ရေမြောင်းများအတွင်း ပို၍ရှင်သန်ပေါက်ပွားကြသဖြင့် ၎င်းရေမြောင်းများပေါများရာ အမရပူရမြို့နယ်တွင် ဆင်ခြေထောက်ရောဂါဖြစ်ပွားမှုနှုန်း ပိုမိုများနေကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ဆင်ခြေထောက်ရောဂါသည် အဆင့် Zero မှစတင်ကာ အဆင့် ၇ အထိရှိ၍ စုစုပေါင်း အဆင့် ၈ ဆင့်ရှိပြီး အဆင့် ၁ အထိ ကုသ၍ရနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ သတ်မှတ်ချက်အရ သိရသည်။

"အဆင့် Zero ဆိုတာက ဘာလက္ခဏာမှ မပြဘူး။ ရောဂါကတော့ ကူးစက်ခံနေရတယ်။ အဆင့် ၁ မှာ လက္ခဏာစပြတယ်။ နေ့ခင်းမှာ ခန္ဓာကိုယ်အစိတ်ပိုင်းတစ်ခုခု ရောင်မယ်။ ညကျတော့ ပုံမှန်အတိုင်း ပြန်ဖြစ်သွားတယ်။ အဆင့် ၂ ကတော့ နေ့ခင်းလည်းရောင်မယ်၊ ညပိုင်းလည်း ရောင်မယ်။ ပုံမှန်အတိုင်း ပြန်မဖြစ်တော့ဘူး။ လုံးဝအမြစ်ပြတ်ကုလို့ရတာက အဆင့် ၁ အထိပဲ ကုလို့ရတယ်။ အဆင့် ၂ ရောက်မှ ဆေးခန်းကို လာပြရင် တစ်သက်လုံးဒီရောဂါကို ခံစားရတော့မယ်။ တခြားလူတွေမကူးစက်အောင် သူ့ကို ဆေးကျွေးမယ်။ ရောဂါကို ဒီထက်ပိုမဆိုးအောင် ထိန်းထားလို့ပဲရနိုင်မယ်"ဟု ၎င်းက ထပ်မံရှင်းပြသည်။

၂၀၁၆ ခုနှစ် ဆင်ခြေထောက်ရောဂါကင်းဝေးရေးစီမံချက်အနေဖြင့် လူအားလုံးဆေးကျွေးခြင်းလုပ်ငန်းကို နဝမအကြိမ်မြောက် မြန်မာတစ်နိုင်ငံလုံးတွင် ယခု ဇန်နဝါရီ ၂၀ ရက်မှ ၂၉ ရက်အထိ တိုက်ကျွေးသွားမည်ဖြစ်ကာ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ ခုအနက် ပြင်ဦးလွင်ခရိုင်သည် ဆင်ခြေထောက်ရောဂါ ကင်းစင်ရေးဇုန်အဖြစ် ကြေညာထားရှိပြီး ကျန် ၂၃ မြို့နယ်ရှိ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများကို အဆိုပါစီမံချက်နှင့် ပတ်သက်သည့်သင်တန်းများကို မန္တလေးမြို့ တိုင်းငှက်ဖျားဆရာဝန်ကြီးရုံးတွင် ပို့ချပေးခဲ့သည်။

အဆိုပါဆေးကျွေးခြင်းလုပ်ငန်းကို အသက်(၂)နှစ်အောက်ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါသည်(ရေရှည်ဆေးစွဲသုံးသူ)များ သောက်သုံးခွင့်မရှိကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း လူဦးရေ ၄ ဒသမ ၆ သန်းအား တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(နဒီလှိုင်း)**

# မန္တလေး-လားရှိုး-မူဆယ်လမ်း ချောမွေ့လွယ်ကူကောင်းမွန်ရေး ဝိုင်းဝန်းဆောင်ရွက်နေ

## သတင်းခရီးသည်-အောင်ထွန်း

ဇန်နဝါရီ ၁၀ ရက် ညပိုင်းမှစ၍ စာရေးသူတို့အဖွဲ့သည် မူဆယ်သို့ ဦးတည်ထွက်ခွာခဲ့ရာ မန္တလေးရောက်ရှိပြီး ခေတ္တနားကာ ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးမှမူဆယ်သို့ ခရီးဆက်ခဲ့သည်။ လမ်းမကြာခဏ ပိတ်သည်ဟု ကြားသိရသည့် ဂုတ်တွင်းကို အဆင်ပြေစွာဖြတ်သန်းနိုင်ခဲ့ပြီး ဆက်လက်ထွက်ခွာခဲ့ကြသည်။

ကျောက်မဲမြို့သို့ ဖြတ်ကျော်ခိုက် ယာဉ်မောင်းညီငယ်က"အစ်ကိုတို့ ကျောက်မဲဟာ မင်းသားကြီး ဦးဝင်းဦးပါဝင်သရုပ်ဆောင်တဲ့ ကျောက်မဲ အကျဉ်းသား ရုပ်ရှင်ပြပြီးကတည်းက မြို့အထွက် သံလမ်းကူးတံတားတစ်ခုကို အခုထက်ထိ ဝင်းဦးတံတားလို့ပဲ ခေါ်ကြတယ်။ ဦးဝင်းဦး သရုပ်ဆောင်တုန်းက တံတားသံလမ်းပေါ်ကနေ ခုန်ချတဲ့အခန်းပါတော့ နာမည်ကြီးသွားတာပါ" ဟု ပြောလာ၍ "အဲဒီတံတားနားရောက်ရင် ကားရပ်ပေးပါဦး၊ ဓာတ်ပုံမှတ်တမ်းရိုက်ချင်လို့ပါ"ဟု ပြောလိုက်သည်။ တံတားရောက်လျှင် ဓာတ်ပုံရိုက်ပြီး ခရီးဆက်ခဲ့ရာ မကြာမီသီပေါသို့ရောက်ရှိခဲ့သည်။ သီပေါမှ လားရှိုးရောက်သောအခါ မြို့တွင်းသို့မဝင်တော့ဘဲ မြို့ရှောင်လမ်းမှ မောင်းနှင်ခဲ့သည်။ မြို့ရှောင်လမ်းသည် ပြန့်ပြူးကျယ်ပြန့်လျက်ရှိပြီး စာရေးသူတို့ ဖြတ်သန်းချိန်တွင် ကားအသွားအလာရှင်းလျက်ရှိသည်ကို မြင်တွေ့ခဲ့ရသည်။

ထို့နောက် လားရှိုးမှ သိန်းနီမြို့ကိုဖြတ်၍ မောင်းနှင်ခဲ့ရာ ကွတ်ခိုင်သို့ ညနေ ၅ နာရီခန့်တွင် ရောက်ရှိခဲ့သည်။ ကွတ်ခိုင်၌ခေတ္တနားစဉ် လမ်းခရီး အခြေအနေစုံစမ်းကြည့်ရာ "မကြာခင်မူဆယ်ကနေ အထွက်ကားတွေ လွှတ်လိမ့်မယ်၊ ဒီကားတွေမလာခင် အစ်ကိုတို့ရှုခင်းသာကိုကျော်ထားမှ မူဆယ်ကို အဆင်ပြေပြေဝင်နိုင်လိမ့်မယ်"ဟု မြို့ခံတစ်ဦး၏ အကြံပေးမှုကြောင့် လက်ဖက်ရည်ကို ခပ်သွက်သွက်သောက်ကာ ခရီးဆက်ခဲ့သည်။ ညနေ ၆ နာရီထိုးခါနီးလာလေလေ အလင်းအားလျော့လေလေ။ ၆ နာရီခွဲ စွန်းသောအခါ ရှုခင်းသာကို ဖြတ်ကျော်နိုင်ခဲ့ပြီး နမ့်ဖတ်ကာမြို့လေးသို့ ရောက်ရှိခဲ့သည်။ ပြီးနောက် ခရီးဆက်ခဲ့ရာ နာရီဝက်ခန့်တွင် ကားတန်းကြီးနှင့်ကြုံပါတော့သည်။ အချိန်မှာမှောင်ပြီဖြစ်၍ မည်သည့်နေရာရောက်နေမှန်းပင်မသိ။ အထွက်ကားကြီးများမှာ ရေတွက်လို့ပင်မကုန်နိုင်။ အချိန် တစ်နာရီကျော်လောက်တွင် အထွက်ကားများကို ဦးစားပေးသွားခိုင်းထားသဖြင့် လိပ်ကဲ့သို့ပင် တရွေ့ရွေ့ ခရီးဆက်ခဲ့ရသည်။ အချို့နေရာများတွင် တပ်မတော်သားများက ယာဉ်ကြော ပိတ်ဆို့မှုမဖြစ်ပေါ်စေရန် ကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရသလို တစ်ဖက်ကားကိုလွှတ်လျှင် ကိုယ့်ကားကစောင့်၊ ကိုယ့်ကားကငယ်သဖြင့် ကျော်ခွင့်ရလျှင် ကျော်မောင်း၊ တစ်ဖက်ကားလာလျှင် ဘေးကပ်ပေးကာ အမျိုးမျိုးအဖုံဖုံ မောင်းလာရသည်။ ည ၈ နာရီခွဲခန့်တွင် မိုင်းယုတိုးဂိတ်ကို ဝင်ရောက်လာပြီး မူဆယ်ကိုဝင်မှ စိတ်သက်သာဝမ်းသာကြသည်။ (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အား မီးထိန်ထိန်နှင့် လှမ်းမြင်လိုက်ရပြီး မူဆယ်အဝင်မှာလည်း ကားတန်းများအား ရှောင်လိုက်၊ ကျော်တက်လိုက်နှင့် မြို့တွင်းသို့ ၉ နာရီခွဲခန့်တွင် ရောက်ရှိခဲ့ပြီး မူဆယ်ဟိုတယ်၌ ညအိပ်ကြသည်။

ဇန်နဝါရီ ၁၂ ရက်နံနက်တွင် အိပ်ရာမှစောစောထကာ နံနက်စာစားသုံးကြပြီး မူဆယ်မြို့တွင်းသို့လှေ့လာကြရာ မြို့တွင်းလမ်းမကြီးများတွင် ကားကြီးဝင်/ထွက် သွားလာနေမှုကြောင့် ယာဉ်ကြောကျပ်တည်းနေမှုများကို တွေ့မြင်ခဲ့ရပြီး ယာဉ်ထိန်းရဲများကလည်း ဖြေရှင်းပေးနေသဖြင့် ပိတ်ဆို့သွားသည်ကို မမြင်ခဲ့ရပါ။ စာရေးသူတို့သည် အစ်ကိုကြီး၏အလျှုလုပ်မည့်အိမ်ရှိရာ ဟိုမွန်ရပ်ကွက်သို့ သွားရောက်ခဲ့ရာ အိမ်ရှေ့တွင်ထွက်ရပ်နေသည့် အစ်ကိုနှင့်တွေ့သဖြင့် ဝမ်းသာအားရနှုတ်ဆက်ကာ ခြံဝင်းထဲသို့ခေါ်သွားပြီး စကားများစုံနေအောင်



မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ ဝင်ရောက်မည့်ကားများ တိုးဂိတ်၌ စနစ်တကျဖြတ်သန်းနိုင်ရန် တာဝန်ကျယာဉ်ထိန်းရဲများက ကြီးကြပ်ဆောင်ရွက်ပေးနေသည်ကို တွေ့ရစဉ်။

ပြောကြ၊ ဧည့်ခံသည့်အစားအသောက်များစားသုံးရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြသည်။ အချိန် နှစ်နာရီကျော်ကြာသွားပြီးဖြစ်သောကြောင့် ယနေ့ပြန်ရမည်ဖြစ်သဖြင့် "မပြန်ခင် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှာ အသိရှိရင်ချိတ်ဆက်ပေးပါဦး၊ ရောက်တုန်းရောက်ခိုက် သတင်းယူသွားချင်လို့ပါ"ဟု အကူအညီတောင်းရာ အစ်ကိုကြီးက"အဲဒီမှာ ငါ့သူငယ်ချင်း ကိုဌေးလွင်ရှိတယ်။ သူက အေးဂျင့်အဖွဲ့ခေါင်းဆောင်ပါ။ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အကြောင်း သိချင်တာ သူ့ကိုမေးပါ။ သူအကုန်လုံးသိပါတယ်"ဆိုပြီး ဖုန်းဆက်ကြိုပြောပေးထားသည်။ စာရေးသူတို့လည်း အချိန်ကိုကြည့်လိုက်ရာ ၁၀ နာရီထိုးပြီဖြစ်သဖြင့် အစ်ကိုကြီးတို့ မိသားစုအားလုံးကို နှုတ်ဆက်ကာ (၁၀၅)မိုင်ဘက်ကို ထွက်လာခဲ့ကြသည်။ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဝင်းအတွင်းသို့ရောက်သော် ဦးဌေးလွင်က စောင့်ကြိုနေသည့်အတွက် အဆင်ပြေခဲ့သည်။ ဦးဌေးလွင်က "အေးဂျင့်တွေရဲ့ခေါင်းဆောင်ပါ။ အခုမူဆယ်အဝင်/အထွက်လမ်းပိုင်းတွေနဲ့ မူဆယ်လာကြတဲ့ လမ်းတစ်လျှောက် အချို့နေရာတွေမှာ ကားပိတ်ရတဲ့ အဓိကအကြောင်းရင်းကတော့ သစ်သီးပေါ်ချိန်ဆိုတော့ အရင်နှစ်တွေထက် ကားစီးရေတွေက ပိုပိုတိုးလာတယ်။ သကြားနဲ့ဆန်တွေက တရုတ်ပြည်တွင်းကို တရားဝင်သွင်းခွင့်မရဘူး။ ဝယ်လက်က မလာဘူး။ အခုအချိန်ကျတော့ တရုတ်ပြည်က သကြားနဲ့ဆန်ကို ဝယ်လာတော့ အောက်ပြည်မှာရှိတဲ့ ဂိုဒေါင်တွေမှာ သိုလှောင်ထားတဲ့ သကြားတွေ၊ ဆန်တွေကို ကားကြီးတွေနဲ့ ဆက်တိုက်တင်ပို့လာကြတယ်။ အဲဒီတော့ သစ်သီးကားတွေရယ်၊ သကြား၊ ဆန်၊ ပြောင်း၊ ကုန်မယ်စုံကားတွေလည်း ပါလာတော့ အရင်နှစ်ထက် ကားတွေကများလာတယ်။ လမ်းနဲ့ကား မညီမျှဘဲ ဖြစ်လာတယ်။ ဒါကြောင့် ကားတွေများလာတော့ လမ်းပိတ်တယ်။ လမ်းကတော့ ကျဉ်းတယ်လို့ ပြောလို့ မရပါဘူး။ မူဆယ်အဝင်မှာတော့ ကျဉ်းပါတယ်။ (၁၀၅) မိုင်ကားဝင်းထဲမှာ ညကတည်းကရောက်လာတဲ့ကား ဥပမာ ၁၀၀၀ ဆိုပါတော့ အဲဒီကားတွေ (Export)ကို မဲနှိုက်ပြီး စစ်ဆေးခွင့် လွှတ်ပေးပါတယ်။ အဲဒီမှာ ကားအစီး ၆၀၀ လောက်က တိုက်ရိုက်ဖြတ်သန်းခွင့်ရပြီး အစီး ၄၀၀ လောက်ကတော့ စစ်ဆေးခံရတာပေါ့။ ကံတရားပဲပေါ့။ မဲနှိုက်ပြီးဆုံးဖြတ်တာဆိုတော့ အဲဒီ တိုက်ရိုက်ဖြတ်သန်းခွင့်ရသွားတဲ့ ကားပေါ်မှာပါတဲ့ သကြားနဲ့ ဆန်တွေကိုတော့ တစ်ဖက်နိုင်ငံကို တိုက်ရိုက်သွင်းခွင့်မရတော့ မူဆယ်မှာဝယ်လက်ကို စောင့်ရတာလေ။ အဲဒီတော့ ကားတွေက မူဆယ်အဝင်လမ်းမှာပိတ်တာ ဖြစ်လာတယ်။ အမှန်ဆိုရင် ဒီကားတွေကို ကားဝင်းအကြီးကြီးတစ်ခုထဲမှာ ထည့်ထားနိုင်ရင် ကောင်းတာပေါ့။ ကျွန်တော့်အမြင်ကတော့ တရုတ်ပြည်ကနေ သကြားနဲ့ဆန်ကို တရားဝင်သွင်းခွင့်ပြုမယ်ဆိုရင်လည်း မူဆယ်ဘက်မှာ ကားပိတ်တဲ့ပြဿနာ အထိုက်အလျောက် လျော့နည်းသွားနိုင်တယ်။ အခု လားရှိုး-မူဆယ် ကားလမ်းတွေ ပိတ်တယ်ဆိုတာက ကျွန်တော် ရှင်းပြသလို ကုန်အဝင်/အထွက်များလာတော့ ကားအစီးရေ တိုးလာပြီးဖြစ်တာပါ။ ယာဉ်မောင်းတချို့ရဲ့ ယာဉ်စည်းကမ်းလိုက်နာမှုအားနည်းပြီး ကားကျော်တက်မှုတွေကြောင့်လည်း ပါတာပေါ့လေ။ မကြာခင် တစ်လ နှစ်လလောက်ကြာရင်တော့ တရုတ်က သကြားနဲ့ဆန်ဝယ်လက်တွေ မလာတော့ရင်လည်း ကားစီးရေလျော့သွားနိုင်ပါတယ်။ သစ်သီးပေါ်ချိန် ကုန်သွားရင်လည်း မန္တလေး၊ လားရှိုးကနေ တက်လာတဲ့ကားတွေ လျော့သွားနိုင်ပါတယ်။ အခုလို ကားပိတ်တာမျိုးကတော့ တစ်လလောက်တော့ ဖြစ်နေဦးမယ်ထင်တယ်။ လက်ရှိမှာတော့ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှာ တာဝန်ကျတဲ့ သူတွေအားလုံးပဲ ကုန်စည်စီးဆင်းမှု လျင်မြန်သွက်လက်စေရေးအတွက် ကြိုးစားဆောင်ရွက်နေကြပါတယ်။ ယာဉ်ထိန်းရဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်သားတွေကလည်း လမ်းပိတ်ဆို့မှုမဖြစ်ပေါ်စေရေးအတွက် နေ့မအား ညမနား ဆောင်ရွက်ပေးနေပါတယ်။ အိုရီယမ်တယ်ဟိုက်ဝေးကုမ္ပဏီက တာဝန်ရှိသူတွေလည်း အချိန်နဲ့အမျှ ကူညီပေးပါတယ်"ဟု ရှင်းပြသည်။

(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ဝင်းအတွင်း၌ ဓာတ်ပုံမှတ်တမ်းများရိုက်ကူးစဉ် ယာဉ်မောင်းတစ်ဦးကို တွေ့၍ မူဆယ်သို့ လာရသည့် လမ်းပန်းအခြေအနေများကို မေးမြန်းခဲ့ရာ -

"ကျွန်တော့်နာမည် ရဲစိုးအောင်ပါ။ မန္တလေးကနေ တက်လာတာပါ။ တင်လာတဲ့ကုန်ကတော့ ကုန်စုံပဲ၊ နမ့်ခမ်းကိုသွားမှာပါ၊ လမ်းပိုင်းအခြေအနေကတော့ အခုမပိတ်တော့ဘူး။ ကွတ်ခိုင်ကမပိတ်တော့ဘူး။ အချိန်နဲ့ ချိန်လွှတ်တော့ အခုငါးမိုင်မှာပဲ ကားတန်းရတာပေါ့။ တော်တော်ကြာတယ်၊ မော်တောင်းထိရောက်တယ်။ တစ်ခါတလေ နှစ်ရက်လောက်ကြာတယ်။ မနေ့တုန်းက တန်းစီထားတဲ့ ကားတွေကတော့ အစောကြီးဝင်တယ်လေ။ ဝင်လာပြီး ညအိပ်ကွင်းမှာအိပ်၊ မနက်ကျမှ ကတ္တားမှာတန်းစီပြီးဝင်ရတယ်။ အခုကျွန်တော် လာတာ ကံကောင်းတယ်လို့ပြောရမယ်။ နှစ်ရက်ပဲကြာတယ်။ တချို့ဆို သုံးရက်၊ ပြောလို့တော့မရဘူး။ လမ်းကြောအခြေအနေကတော့ ကွတ်ခိုင်ရှုခင်းသာ တစ်ဝိုက်က သိပ်မကောင်းသေးဘူး။ ဖုန်တွေထတယ်။ ကျန်တဲ့လမ်းပိုင်းကတော့ သူ့ဟာသူအဆင်ပြေပါတယ်။ အခု ပွင့်လင်းရာသီဆိုတော့ ကုန်ပစ္စည်းမျိုးစုံ ဝင်ပါတယ်။ အဓိကများတာတော့ ဆန်၊ သကြား၊ ပြောင်း၊ သစ်သီးတွေပါပဲ။ အဲဒီလိုကုန်တွေပို့တာများလာတော့ ကားတွေလည်းရှိသလောက် တက်လာတာပါပဲ။ တချို့ယာဉ်မောင်းတွေဆို ဘယ်အပေါက်က ဝင်ရမှန်းတောင်မသိဘူး။ ပြင်ဦးလွင်တောင်မရောက်ဖူးတဲ့ ယာဉ်မောင်းတွေတောင် အခုဒီအထိရောက်လာတာတွေ့ရတယ်။ ဒါကြောင့်လမ်းမကျွမ်းကျင်တော့ ကျော်တက်မိတာပေါ့၊ ကျော်တက်တော့ မျက်နှာချင်းဆိုင်ကားနဲ့တွေ့ ပိတ်ပြန်ရော၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာလို့ ပိတ်တာလည်းရှိတယ်။ ကားပျက်လို့ ပိတ်တာလည်းရှိတယ်။ မှောက်သွားလို့ ပိတ်သွားတာလည်းရှိတယ်။ ရှုခင်းသာလမ်း သိပ်မကောင်းသေးတာတောင် ကားတွေဒီလိုအဝင်များနေတာ။ လမ်းတွေ ကောင်းသွားရင် (၁၀၅)မိုင်မှာ အားလုံးစုပြီးပိတ်သွားနိုင်တယ်။ ကျွန်တော်က မြောက်ပိုင်းလမ်းမှာ တစ်လ ၁၀၀ ကျပ်ကတည်းက မောင်းလာတာ။ ဟိုတုန်းက လမ်းက တအားဆိုးတာ။ အခုဒီလမ်းက ဟိုခေတ်ထက်စာရင် အလွန်ကောင်းနေတယ်။ ဒါပေမယ့် ခေတ်စနစ်နဲ့အညီဆိုရင်တော့ အများကြီးလိုသေးတယ်"ဟု ရှင်းပြသွားသည်။



ကျောက်မဲမြို့မှ သီပေါမြို့ လာရာလမ်းတွင် တွေ့ရသော ဝင်းဦးတံတားဟု ခေါ်တွင်သည့် မီးရထားဖြတ်ကူးတံတားကို တွေ့ရစဉ်။

**(ဆက်လက်ဖော်ပြပါမည်)**

# အာဆင်နယ်နှင့် ထိပ်တိုက်တွေ့ဆုံမှုကို ဘိုင်ယန်မြူးနစ်သာ ကြောက်ရွံ့သင့်ဟု ဝဲလ်ကော့ဆို



ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွင် အာဆင်နယ်နှင့် ဘိုင်ယန်တို့ ထိပ်တိုက်တွေ့ဆုံနေမှုကြောင့် အာဆင်နယ် အခက်တွေ့မည်ဖြစ်သော်လည်း ယခုတစ်ကြိမ်တွင် ဘိုင်ယန်မြူးနစ်ကြောင့် အာဆင်နယ်ပြိုင်ပွဲမှ ထွက်ခွာသွားရမည်မဟုတ်ဟု အာဆင်နယ်တောင်ပံတိုက်စစ်မှူး သီယိုဝဲလ်ကော့က ပရိသတ်များကို ကတိပြုစကားဆိုခဲ့သည်။ ထို့ပြင် ဝဲလ်ကော့က အာဆင်နယ်က ဘိုင်ယန်ကို ကြောက်ရွံ့ရမည်မဟုတ်ဘဲ ဘိုင်ယန်ကသာ အုပ်စုဗိုလ်ဖြင့် ရှုံးထွက်အဆင့်တက်ရောက်လာသည့် အာဆင်နယ်ကို ကြောက်ရွံ့သင့်ကြောင်း သူ၏ အယူအဆကိုလည်း တစ်ဆက်တည်းပင် ပြောကြားခဲ့သည်။

အာဆင်နယ်သည် ၁၆သင်း ရှုံးထွက်အဆင့် နောက်ဆုံး ခြောက်ပွဲတွင် အရှေးနိမ့်ခဲ့ပြီး ယင်းတို့အနက် နှစ်ကြိမ်မှာ ဘိုင်ယန်မြူးနစ်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ အာဆင်နယ် သည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီကလည်း ဘိုင်ယန်နှင့် ချန်ပီယံလိဂ် အုပ်စုအဆင့်တွင်တွေ့ဆုံခဲ့သေးပြီး ငါးဂိုး-တစ်ဂိုးဖြင့် အရှေးနိမ့်ခဲ့သည်။

သို့သော် ဝဲလ်ကော့က "ကျွန်တော်တို့အသင်း ဒီနှစ်မှာ အရင်ကထက် ပိုပြီး တိုးတက်လာခဲ့သလို ပွဲကို ပိုပြီး အာရုံစိုက်ယှဉ်ပြိုင်လာနိုင်ပါတယ်။ သေချာတာကတော့ ပွဲကောင်းတစ်ပွဲဖြစ်လာခဲ့မယ်ဆိုတာပါပဲ။ ကျွန်တော်တို့ ပရီမီယာလိဂ်မှာ ရှုံးပွဲတစ်ပွဲသာ ကြုံတွေ့ခဲ့ရပြီး ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တက်ရောက်နိုင်မယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်အဝရှိပါတယ်"ဟု ဆိုလိုက်သည်။

အာဆင်နယ်သည် ဘိုင်ယန်နှင့် ၂၀၀၅၊ ၂၀၁၃နှင့် ၂၀၁၄ ခုနှစ်တို့တွင် တွေ့ဆုံခဲ့ပြီး အကြိမ်တိုင်း အရှေးနိမ့်ခဲ့ရပြီးဖြစ်ရာ ယခုတစ်ကြိမ်ထပ်မံ အရှေးနိမ့်မည်ကို အာဆင်နယ် ပရိသတ်များက စိုးရိမ်နေသည့်အတွက် ဝဲလ်ကော့က အထက်ပါ အတိုင်း ကတိပြုခဲ့ခြင်းဖြစ်သည်။

အန်စလော့တီကမူ အာဆင်နယ်မှာ နည်းပြကောင်း၊ ကစားသမားကောင်းများဖြင့် ဖွဲ့စည်းထားသည့်အသင်းဖြစ်သော်လည်း ဘိုင်ယန်သာ အစဉ်အလာအတိုင်း ကွာတားဖိုင်နယ်တက်ရောက်နိုင်မည်ဟု ယုံကြည်ကြောင်း တုံ့ပြန်ခဲ့သည်။ အန်စလော့တီ၏ လက်ထောက်နည်းပြ ပေါလ်ကလီးမန့်ကလည်း ဘိုင်ယန်အနေဖြင့် ဆောင်းရာသီအားလပ်ရက်ရရှိခဲ့ခြင်းကြောင့် ယင်းအကျိုးကျေးဇူးကို ရရှိလိမ့်မည်ဖြစ်ကြောင်း ဆိုခဲ့သည်။

## ဇန်နဝါရီ ၂၁ ရက် အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ်-၂၁**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၂ | - | ၃ | ဆွမ်ဆီး |
| ဘုန်းမောက် | ၂ | - | ၂ | ဝက်ဖို့ဒ် |
| ခရစ္စတယ်ပဲလေ့စ် | ၀ | - | ၁ | အဲဗာတန် |
| မစ်ဒယ်ဘရော့ | ၁ | - | ၃ | ဝက်စ်ဟမ်း |
| စတုတ်စီးတီး | ၁ | - | ၁ | မန်ယူ |
| ဝက်စ်ဘရွန်း | ၂ | - | ၀ | ဆန်းဒါးလန်း |

**လာလီဂါ ပွဲစဉ်-၁၈**


| | | | | |
|---|---|---|---|---|
| လက်စ်ပါးမက်စ် | ၁ | - | ၁ | ဒီပို့တီဗို |
| အက်စ်ပန်ညို | ၃ | - | ၁ | ဂရန်နာဒါ |
| ရီးယဲလ်မက်ဒရစ် | ၂ | - | ၁ | မာလာဂါ |

**ဘွန်ဒက်လီဂါ ပွဲစဉ်-၁၇**

| | | | | |
|---|---|---|---|---|
| ဖရိုင်းဘတ် | ၁ | - | ၂ | ဘိုင်ယန်မြူးနစ် |
| ရှော်လ်ကေး | ၁ | - | ၀ | အင်ဂိုလ်စတက် |
| ဝုဖ်ဘတ် | ၁ | - | ၀ | ဟမ်းဘတ် |
| အော့စ်ဘတ် | ၀ | - | ၂ | ဟော့ဖန်ဟိမ်း |
| ဝါဒါဘရီမင် | ၁ | - | ၂ | ဒေါ့မွန် |
| ဒမ်းစတက် | ၀ | - | ၀ | မိုချန်ဂလက်ဘတ် |

မောင်မောင်ဇော်

# ဒေးဗစ်ဒီဂီယာအစား ကော်တွိုက်စ်ကိုသာ ရီးယဲလ်အသင်းခေါ်ယူတော့မည်



စပိန်ထိပ်တန်း ရီးယဲလ်မက်ဒရစ်အသင်းသည် ယခင်က မန်ယူဂိုးသမား ဒီဂီယာကို ခေါ်ယူရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့ဖူးသော်လည်း ယခုမူ ချယ်လ်ဆီးအသင်းဂိုးသမားကော်တွိုက်စ်ကိုသာ ခေါ်ယူတော့မည်ဖြစ်ကြောင်း သိရသည်။ ရီးယဲလ်အသင်းသည် ဂိုးသမား ကားဆီးလက်စ်အား ပေါ်တိုသို့ ထွက်ခွာခွင့်ပြုခဲ့ပြီးနောက်ရီးယဲလ် နံပါတ်(၁)ဂိုးသမားနေရာကို ဒီဂီယာနှင့် အစားထိုးရန် တောက်လျှောက်ဆက်သွယ်ခဲ့သော်လည်း ဘဏ္ဍာရေးအင်အားတောင့်တင်းလွန်းသည့် မန်ယူအသင်း၏ ဂိုးသမားတစ်ဦးကို ရရှိရန် အခြေအနေမှာ ခက်ခဲလွန်းနေခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ဂိုးသမား နာဗက်စ်၏ လတ်တလော လက်စွမ်းကြောင့် ဂိုးသမားတစ်ဦးကို အမြန်အစားထိုးရန် စီစဉ်လာခြင်းဖြစ်သည်။ ရီးယဲလ်သည် ဂိုးသမား ဒီဂီယာကို ခေါ်ယူရန် ကာလကြာရှည် ကတည်းက စိတ်ဝင်စားသူဖြစ်သော်လည်း ၂၀၁၅ခုနှစ်နွေရာသီအပြောင်းအရွှေ့ဈေးကွက် နောက်ဆုံး ပိတ်သိမ်းရက်တွင် စာရွက်စာတမ်းကိစ္စ အပြီးမသတ်နိုင်ခြင်းကြောင့် အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာခြင်းမရှိခဲ့ပေ။

ကော်တွိုက်စ်သည် မက်ဒရစ်မြို့အခြေစိုက်အက်သလက်တီကို အသင်းတွင် သုံးနှစ်တာ အငှားဖြင့် ကစားခဲ့ဖူး သည့်အတွက် မက်ဒရစ်မြို့နှင့်လည်း ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်သည်။ ကော်တွိုက်စ်၏ ဇနီးနှင့် သမီးဖြစ်သူတို့ လက်ရှိအချိန်ထိ မက်ဒရစ်မြို့တို့ နေထိုင်လျက်ရှိခြင်းကလည်း ရီးယဲလ်မက်ဒရစ်အနေဖြင့် ကော်တွိုက်စ်ကို လာမည့်နွေဈေးကွက် ဖွင့်လှစ်ချိန်တွင် အပြီးသတ်ခေါ်ယူစေရန် မျှော်လင့်ချက်ကို ပို၍ တိုးပွားစေခဲ့သည်။ ကော်တွိုက်စ်ကလည်း ရီးယဲလ်မက်ဒရစ် အသင်းသို့ ပြောင်းရွှေ့ လိုသည်ဟု သူ၏ ဘယ်လ်ဂျီယံအသင်းကစားဖော်များ ဖွင့်ဟပြောကြားခဲ့ဖူးရာ ရီးယဲလ်နှင့် ကော်တွိုက်စ်တို့ အပြောင်းအရွှေ့ အမှန်တကယ် ဖြစ်မြောက်လာရန် အလားအလာ ရှိနေခြင်းဖြစ်သည်။

# ဂျိုးဟတ်ကို ခေါ်ယူလိုသည့်အသင်းများထဲတွင် လီဗာပူးအသင်း အံ့အားသင့်ဖွယ်ပါဝင်လာ



မန်စီးတီး ဂိုးသမားဂျိုးဟတ်သည် လက်ရှိတွင် တိုရီနိုအသင်းသို့ အငှားဖြင့် သွားရောက်ကစားနေသော်လည်း လာမည့်နွေတွင် မန်စီးတီးအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဖြစ်တော့မည် ဖြစ်ရာ ၎င်းအား ခေါ်ယူလိုသည့် အသင်းများတွင် မန်စီးတီး၏ ပရီမီယာလိဂ် ပြိုင်ဘက် လီဗာပူးအသင်းပါ ပါဝင်လာခဲ့ပြီဖြစ်ကြောင်း သိရသည်။ အသက်(၂၉)နှစ်ရှိ ဂျိုးဟတ်သည် တိုရီနိုနှင့် အငှားစာချုပ် သက်တမ်းကုန်ဆုံးချိန် ယခုနှစ်ရာသီကုန်တွင် မန်စီးတီးအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

လီဗာပူးအသင်းတွင် ဂိုးသမား ကာရီးယက်စ်နှင့် မင်နိုလက်စ်တို့ ရှိနေသော်လည်း နှစ်ဦးစလုံးကို နည်းပြ ဂျာဂန်ကလော့က စိတ်တိုင်းကျမှု မရှိရာ ကမ္ဘာ့အဆင့်မီ ဂိုးသမားတစ်ဦးကို မဖြစ်မနေ ခေါ်ယူလိုနေခြင်းဖြစ်သည်။ ဝက်စ်ဟမ်းအသင်းကလည်း ဂျိုးဟတ်အား တစ်ပတ်လုပ်ခပေါင် ၁၀၀၀၀၀၊ ပြောင်းရွှေ့ကြေးပေါင် ၁၅သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားပြီးဖြစ်သည်။ ဝက်စ်ဟမ်းလက်ရှိ ဂိုးသမား အက်ဒရီယန်၏ စာချုပ်သက်တမ်းမှာ ခြောက်လသာ ကျန်ရှိတော့ရာ နည်းပြ ဘီလစ်ကလည်း ဂိုးသမားတစ်ဦး အမြန် အစားထိုးရန် စီစဉ်လာခြင်းဖြစ်သည်။ သို့သော် ဂျိုးဟတ်အား တစ်ပတ်လုပ်ခပေါင် ၁၂၀၀၀၀ ပေးချေနိုင်မည့် အသင်းကသာ ခေါ်ယူနိုင်မည်ဖြစ်သည်။



# ဝက်စ်ဟမ်းအသင်းသို့ဖောင်တီ ပြောင်းရွှေ့

ဝက်စ်ဟမ်းအသင်းသည် ဆောက်သမ်တန်အသင်းနောက်ခံလူ ဖောင်တီ ကို ပြောင်းရွှေ့ကြေး ပေါင်ရှစ်သန်းဖြင့် အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း The Sun သတင်းဌာန၏ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဝက်စ်ဟမ်းအသင်းသို့ နှစ်နှစ်ခွဲ စာချုပ်တစ်ရပ် လက်မှတ်ရေးထိုး ပြောင်းရွှေ့သွားခဲ့ပြီးနောက် ဖောင်တီက "ဝက်စ်ဟမ်းက ပရိသတ်အင်အားကောင်းကောင်းနဲ့ အသင်းကြီးအဖြစ် ရပ်တည်နေတဲ့ အသင်းတစ်သင်းပါ။ ကျွန်တော့် မိသားစုက လန်ဒန်မြို့မှာပဲ နေထိုင်ပြီး ဝက်စ်ဟမ်းအသင်းကို အားပေးကြတဲ့ ပရိသတ်တွေပါ" ဟု ဝက်စ်ဟမ်းအသင်းနှင့် ပတ်သက်၍ အမှတ်တရ စကားပြောကြားဖူးသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလကပင် ဖောင်တီက ၎င်းအား ဆောက်သမ်တန်အသင်းမှ စာချုပ်သက်တမ်း ထပ်မံတိုးမြှင့် ချုပ်ဆိုခဲ့ခြင်းမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းနှင့် နှစ်နှစ်ခွဲ စာချုပ်လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်သည်။ အသက်(၃၃)နှစ်ရှိ ဖောင်တီသည် ပေါ်တူဂီအသင်း ယူရို-၂၀၁၆ ချန်ပီယံအဖြစ် အောင်ပွဲခံရာ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူတစ်ဦးလည်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းတွင် ဝါရင့် နောက်ခံလူ ဝင်စတန်ရိဒ်၊ အန်ဂလိုအော့ဘိုနာ၊ ဂျိမ်းစ်ကော်လင်းတို့ သုံးဦးသာ ကစားနိုင်သဖြင့် ကွင်းလယ်ကစားသမား ကူးယေ့ထ် ကိုခံစစ်ကစားသမားအဖြစ် အသုံးပြုနေရခြင်းကြောင့် ဖောင်တီအား ခေါ်ယူနိုင်ခြင်း ဝက်ဟမ်းစ်နောက်တန်းက ခံစစ်အထောက်အပံ့ပြုနိုင်မည်ဖြစ်သည်။ ဖောင်တီသည် ၂၀၁၀ခုနှစ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ဆောက်သမ်တန် အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ဆောက်သမ်တန်တွင် ခုနစ်ရာသီခန့် ကျင်လည်ခဲ့ပြီးနောက် လိဂ်ဝမ်းမှ ပရီမီယာလိဂ်သို့ တက်ရောက်နိုင်အောင်ကူညီပေးနိုင်ခဲ့သည်။

မေလဲ့သင်း-ရေးသားသည်

# သီပေါမြို့နယ် အုံမုဒေသ လက်ဖက်ခြံအတွင်း ထောင်မိုင်းပေါက်ကွဲ၍ တစ်ဦးသေ၊ နှစ်ဦး ဒဏ်ရာရ




**သီပေါ ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အုံမုကျေးရွာအုပ်စု မန်လွယ်ကျေးရွာ လက်ဖက်ခြံအတွင်း ဇန်နဝါရီ ၂၁ ရက် နံနက် ၈ နာရီက လုပ်ငန်းခွင်ဝင်နေစဉ် ထောင်မိုင်းပေါက်ကွဲမှုဖြစ်ပွားရာ မန်လွယ်ကျေးရွာနေ ပလောင်တိုင်းရင်းသူ တစ်ဦးသေဆုံးပြီး နှစ်ဦးမှာပြင်းထန်စွာ ဒဏ်ရာများရရှိခဲ့သည်။

မိုင်းစထိမှန်ဒဏ်ရာများကြောင့် နန်းအေးဦး (၂၀)နှစ်မှာ ရင်ညွန့်ဖောက်ဝင်ဒဏ်ရာ တစ်ချက်၊ နောက်ကျောဖောက်ဝင်ဒဏ်ရာ နှစ်ချက်တို့ကြောင့် ဆေးရုံအရောက်တွင် သေဆုံးခဲ့ပြီး နန်းအေးနောင့် (၁၅)နှစ်မှာ ဝဲ/ယာခြေသလုံးဒဏ်ရာ တစ်ချက်စီ၊ ဝဲလက်မောင်းဒဏ်ရာ တစ်ချက်၊ ဝဲနံစောင်းဒဏ်ရာ တစ်ချက်၊ ဝဲပေါင်ဒဏ်ရာ ငါးချက်(စိုးရိမ်ရ)နှင့် နန်းဆိုင်ဟွမ်(၁၃)နှစ်မှာ ဝဲလက်မောင်းဒဏ်ရာ သုံးချက်၊ ဝဲပေါင်ဒဏ်ရာ တစ်ချက်(မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကြသည်။

ထို့ကြောင့် မြို့နယ်မှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက လူနာတင်ယာဉ်များဖြင့် သွားရောက်သယ်ဆောင်ခဲ့ပြီး မြို့နယ်ဆေးရုံအုပ်ဆရာဝန်ကြီး ဒေါက်တာလှထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးဆိုင်ရာများ ပြုစုစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# တောင်ဒဂုံ(၁၈)ရပ်ကွက် ဘီယာဆိုင်မီးလောင်၊ အလုပ်သမားငါးဦးသေဆုံး

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၈)ရပ်ကွက် စည်ပင်လမ်းနှင့် မောင်းမကန်ကမ်းသာ လမ်းထောင့်ရှိ အကွိဘီယာဆိုင်(၁)တွင် ယနေ့နံနက် ၄ နာရီခန့်က ဆိုင်မီးဖိုဆောင်အတွင်း ဂက်စ်မီးဖိုအား မီးညှိရန်မီးခြစ်လိုက်ရာ ဂက်စ်ပိုက်ယိုစိမ့်ဓာတ်ငွေ့မှတစ်ဆင့် မီးလောင်ခဲ့ပြီး အလုပ်သမားငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထိုနေ့နံနက်က ဘီယာဆိုင်မှ အလုပ်သမားခေါင်းဆောင် ဖိုးခွား(ခေါ်)နေလင်းဦး (၂၅)နှစ်သည် ကြက်ဥကြော်ရန် မီးဖိုဆောင်အတွင်း ဝင်ရောက်၍ ဂက်စ်မီးဖိုအား မီးညှိလိုက်စဉ် မီးဖိုဆောင်အတွင်းပေါက်နေသည့် ဂက်စ်ပိုက်မှ ထွက်နေသော ဂက်စ်ဓာတ်ငွေ့မှတစ်ဆင့် မီးကူးစက်လောင်ခဲ့သည်။ ထိုအချိန်တွင် အခန်းတွင်းရှိ ဆီပုံးနှစ်ပုံးသို့ ထပ်မံကူးစက်လောင်ကျွမ်းပြီး ဆိုင်အလုပ်သမား မျိုးပြည့်စုံ (၁၈)နှစ်မှာ ခန္ဓာကိုယ်မီးလောင်(စိုးရိမ်ရ)ခဲ့ပြီး ဆိုင်အလုပ်သမားများဖြစ်သည့် မောင်သော်ဇင်ဖေဟန် (၂၄)နှစ်၊ မောင်ကောင်းထက်စံ(၂၉)နှစ်၊ မောင်မင်းမင်း(၂၀)နှစ်၊ မောင်ဝိုင်းတုန်ချစ်(၁၅)နှစ်၊ မောင်နေလင်း(၁၅)နှစ်တို့ ငါးဦးမှာ မီးလောင်မှုကြောင့် နေရာတွင်သေဆုံးခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် အလုပ်သမားခေါင်းဆောင် ဖိုးခွားနှင့်ဆိုင်တာဝန်ရှိသူ ဦးတေဟန်(ခေါ်)ဦးဖေဟန်(၆၂)နှစ်တို့ နှစ်ဦးအား တောင်ဒဂုံမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**

# ယာဉ်မီးလောင်ရာမှ ယာဉ်ပေါ်ပါ ကိုးဦးအနက် ရှစ်ဦးသေဆုံး

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ်(၄/၁)နှင့် (၄/၂)အကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဝင်းထွန်း မောင်းနှင်လာသော HIACE(အဖြူ) မော်တော်ယာဉ်မှာ ယနေ့နံနက် ၈နာရီခွဲက ဝဲဘက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းတွင် ကာရံထားသော အလူမီနီယံတန်းအား တိုက်မိ၍ မီးလောင်ရပ်တန့်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့ရသည်။ အဆိုပါယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသားနှစ်ဦး၊ အမျိုးသမီးခုနစ်ဦး ပေါင်းကိုးဦးအနက် ရှစ်ဦးသေဆုံးခဲ့ပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ရာ သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများကို အမှတ် (၃)လမ်းဆုံ အမြန်လမ်းမကြီးရဲစခန်းပိုင်ယာဉ်ဖြင့် လှည်းကူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ အခင်းဖြစ်ပွားသည့်ယာဉ်နှင့် ယာဉ်ပေါ်ရှိသူများမှာ သယ်န်းကျွန်းမြို့နယ် ဆဋ္ဌဂံ ဆောက်လုပ်ရေးကုမ္ပဏီမှဖြစ်ပြီး ပုဂံ-ညောင်ဦးသို့ ဘုရားဖူးသွားရောက်ပြီးအပြန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



**သန်းဦး(လေးမျက်နှာ)၊ ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**


## အထက(၃) ကြည့်မြင်တိုင်(ယခင်ဗိုလ်တာကျုံး)

(၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် နှစ်(၅၀)ပြည့် ရွှေရတုပွဲ ကျင်းပနိုင်ရေးအတွက် ပြက္ခဒိန်နှင့် မဂ္ဂဇင်းထုတ်ဝေရန် ဓာတ်ပုံ၊ မှတ်တမ်းမှတ်ရာများ၊ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများ ပေးပို့နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ သို့ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများမှ မှတ်တမ်းဓာတ်ပုံများရှိပါက အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်ပေးပို့ပါရန်နှင့် နှစ်(၅၀)ပြည့် ရွှေရတုကော်မတီအစည်းအဝေးကို (တနင်္ဂနွေနေ့) အပတ်စဉ်တိုင်း မွန်းလွဲ ၁ နာရီတွင် အထက(၃)ကြည့်မြင်တိုင် စကားဖြူခန်းမတွင် တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

၁။ဦးသိန်းလွင်-၀၉-၇၃၁၀၇၄၃၈ ၈။ကိုခင်စိုး-၀၉-၄၂၁၀၂၇၆၃၂
၂။ဦးမြင့်သန်း-၀၉-၅၁၀၁၀၉၂ ၉။ကိုဌေးဝင်း-၀၉-၅၁၈၅၆၅၇
၃။ဦးဆန်နီစိုးဝင်း-၀၉-၅၁၃၂၀၃၆ ၁၀။ကိုကျော်ကျော်နိုင်-၀၉-၃၁၃၅၂၉၆၆
၄။ဦးအောင်ကျော်ဦး-၀၉-၅၀၁၄၂၆၄ ၁၁။ဒေါ်မြင့်မြင့်စိန်-၀၉-၃၀၀၉၁၆၃၄
၅။ဦးခင်မောင်သိန်း-၀၉-၄၃၀၂၈၉၅၅ ၁၂။ဒေါ်မြင့်မြင့်သိန်း-၀၉-၃၁၉၀၇၅၄၁
၆။ဦးကံကြီး-၀၉-၅၀၈၅၉၆၉ ၁၃။ဒေါ်စန်းဌေး-၀၉-၃၁၆၄၁၀၄၆
၇။ဦးစိန်ထွေး-၀၉-၅၀၁၃၀၈၈ ၁၄။ဒေါ်ဌေးရီ-၀၉-၄၅၀၀၃၅၅၄၁

**ကျင်းပမည့်နေရာ - အထက(၃)ကြည့်မြင်တိုင်(ယခင်ဗိုလ်တာကျုံးကျောင်း)**

**(၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်**
**နှစ်(၅၀)ပြည့် ရွှေရတုဖြစ်မြောက်ရေးကော်မတီ**



## Myanmar Ever Bright Star Travels & Tours Co., Ltd.

သကြိန်တွင်းခရီးစဉ် ၀၁-၀၀၅၃

| | | | |
|---|---|---|---|
| မန္တလေး-ဘန်ကောက်-ပတ္တရား | ၁၀/၁၁/၁၂/၁၃(ဧပြီ) | (၅ည/၆ရက်) | $ 590 |
| ရန်ကုန်-ဘန်ကောက်-ပတ္တရား | ၁၀/၁၁/၁၂/၁၃(ဧပြီ) | (၅ည/၆ရက်) | $ 590 |
| စင်္ကာပူ-မလေးရှား | ၁၃(ဧပြီ) | (၅ည/၆ရက်) | $ 1000 |
| ကမ္ဘောဒီးယား-ဗီယက်နမ်-ထိုင်း | ၁၀/၁၁/၁၂(ဧပြီ) | (၈ည/၉ရက်) | $ 1200 |
| Guilin (တရုတ်)-ကွာလာလမ်ပူ | ၁၀(ဧပြီ) | (၈ည/၉ရက်) | $ 1300 |
| ဂျပန်ခရီးစဉ် | ၉/၁၀/၁၁/၁၂(ဧပြီ) | (၉ည/၁၀ရက်) | $ 2800 |
| ကိုရီးယားခရီးစဉ် | ၁၂(ဧပြီ) | (၉ည/၁၀ရက်) | $ 3400 |
| ဒိုဟာ-အီတလီ-ဆွစ်ဇာလန်-ပြင်သစ် | ၁၀/၁၂(ဧပြီ) | (၉ည/၁၀ရက်) | $ 2900 |
| အီတလီ-မိုနာကို-ပြင်သစ်-စပိန် | ၁၀(ဧပြီ) | (၉ည/၁၀ရက်) | $ 3000 |
| ဥရောပ-၉နိုင်ငံ (နိုင်ငံစုံ) | ၁၀(ဧပြီ) | (၁၄ည/၁၅ရက်) | $ 3900 |
| အမေရိကန်ခရီးစဉ် | ၈/၉/၁၀/၁၁/၁၂/၁၃(ဧပြီ) | (၁၄ည/၁၅ရက်) | $ 4000 |

အမှတ် ၉၁၊ ပ-ထပ်၊ ၅၂လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
Ph:09 250505559, 09 964505559, 01 9010835.



## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်မ ဒေါ်အေးမြင့်[၁၂/မဂတ(နိုင်)၀၀၂၅၂၃]သည် ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတော်၌ ၂၅-၁၁-၂၀၁၅ ရက်က အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-VI-၁၂၁၇၈/၁၅ ဖြင့် ဒေါ်မာမူဒါ(ခ) မလှလှခင်[၁၂/မဂတ(နိုင်)၀၃၆၇၆၄]အား အထွေထွေကိုယ်စားလှယ်လွှဲအပ်ခဲ့ပါသည်။ ယခုအခါ လုပ်ငန်းကိစ္စအဝဝ ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသဖြင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါသည်။

**ဒေါ်အေးမြင့်**
**အမှတ်(၁၂)၊ ၁၂၄-လမ်း၊**
**သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်**



## ပျောက်ဆုံး

ကျွန်တော် MYO TINT Passport No. MA-004918 (15-1-2017) ရက်က ပျောက်သွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါ။

**ဖုန်း-၀၉-၅၁၁၂၅၁၃**

## ပျောက်ဆုံး

ကျွန်မ ဒေါ်မာသီစိမ်း၊ MAR THI SEINN Passport No. MA.128735(15.1.2017) ရက်က ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၁၂၅၁၃**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ် အထက (၆) နဝမတန်း(S)မှ မောင်ကောင်းစည်သူ၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းစိုး[၁၂/အစန(နိုင်)၁၅၉၀၇၁] ဖြစ်ကြောင်း။ **ဦးမင်းမင်းစိုး**

## အိမ်ရောင်းမည်

ရေမီးစုံ၊ PT တစ်ထပ်ခွဲ၊ ၉ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ အမိုးကြီးဈေးရှေ့၊ သိန်း (၄၅၀)၊ ညှိနှိုင်း။

**ဖုန်း-၀၉-၉၆၄၂၅၆၃၃၂**

## အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အနောက်)၊ မြေကွက်အမှတ်-၂၁(က)၊ မြေကွက်တည်နေရာအမှတ်(၂၁/က)၊ မြေနီ(၁)လမ်း၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ် ၁။ဦးတင်ဝင်း[၁၂/သကတ(နိုင်)၀၂၄၁၈]၊ ၂။ ဒေါ်ခင်ဝင်း[၁၂/သကတ(နိုင်)၀၃၄၄၆၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ဝင်း၊ ဒေါ်ခင်ဝင်းထံမှ အရောင်းစာချုပ်-၄၄၈၄/၁၂(၁၃- ၉-၂၀၁၂)ဖြင့် ဝယ်ယူသူ ဦးစိုင်းသန်းထွန်းမြင့်[၁၃/မစတ(နိုင်)၀၀၀၃၁၃]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၉၉၂၉/၁၅ ရသူ ဒေါ်တင်အေး[၁၂/သကတ(နိုင်)၁၀၀၉၂၅]မှ ဂရန်မူရင်း ပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ်-သကတ/၇/ ၃၄၄/ ၉၂(၉-၃-၁၉၉၂) ဦးတင်ဝင်း၊ ဒေါ်ခင်ဝင်း အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန် (မူရင်း)အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ သံသုမာလမ်း၊ အမှတ်-၅၂၂၊ ကြီးပွားရေးရပ်ကွက်နေ ဦးအုန်းရွှေ-ဒေါ်ညွန့်ညွန့်တို့၏သား

**ကိုခန့်ညား** (BE, Mechtronics)
Operation Engineer, China National Petroleum Corporation

နှင့်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်၊ (၈)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၅၃/၃-A)နေ (ဦးအေးကို-ဒေါ်မေမေသိန်း)တို့၏သမီး

**မမီမီအေး**
B.Econs(Statistics), ACCA, UK Part II Singapore Accountancy Academy, Assistant General Manager, Millcon Thiha Ltd

တို့သည် ၈-၁၂-၂၀၁၆ ရက်တွင် ပုဇွန်တောင်မြို့နယ်တရားရုံး၊ တရားသူကြီးရှေ့မှောက်၌ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်းနှင့် မင်္ဂလာဧည့်ခံပွဲ ကုန်ကျငွေများကို ဆေးရုံများ၊ သာရေးနာရေးအဖွဲ့အစည်းများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လေးစားစွာ အသိပေးအကြောင်းကြားအပ်ပါသည်။ **ကိုခန့်ညား-မမီမီအေး**



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၁၄၂)၊ ဧရိယာပေ(၄၀×၆၀)အကျယ်အဝန်းရှိ ပါမစ်မြေကွက်သည် ဦးတင်ငွေ[၁၂/ဆကခ(နိုင်)၀၀၃၀၅၆]/(EE-၀၀၂၄၉၄)မှ အမည်ပေါက် ပိုင်ဆိုင်သောမြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်၏တစ်ဝက်တိတိဖြစ်သော တရားဝင်မခွဲစိတ်ရသေးသည့် ခြေရင်းခြမ်း ဧရိယာပေ(၂၀×၆၀) အကျယ်အဝန်းရှိ အမှတ်-၁၄၂/ခ၊ သမာဓိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ အထက်အမည်ပါ အမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေ-ဦးနေလင်းအောင်[၁၀/ရမန(နိုင်)၀၁၈၉၈၁]က ၁၉-၁-၂၀၁၇ ရက်တွင် အပြီးအပိုင်လွှဲပြောင်းဝယ်ယူပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုဝေမြင့်**
**LL.B, D.B.L, D.M.L, D.I.L, D.I.R, B.D.S(MOFA)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၉၉)**
**အမှတ်(၄၃၃)၊ ကန်ညီနောင်လမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**Ph:09-5193578, 09-254312678, 09-974197670**



## မြန်မာနိုင်ငံရူပဗေဒအသင်း
## PHYSICS REVIEW
## ရူပဗေဒစာစောင်
Chapter 1 to 13 ( All Chapters )

ဆက်သွယ်ရန် - မြန်မာနိုင်ငံရူပဗေဒအသင်း ရုံးအဖွဲ့မှူး ဖုန်း ၀၉ ၄၅၅ ၁၆၈၅၆၆ ကြိုတင် မှာကြား ဝယ်ယူ နိုင်ပါသည်။

တက္ကသိုလ်ဝင်တန်းကျောင်းသားကျောင်းသူများအတွက် ရူပဗေဒဘာသာရပ်ပြန့်ပွားရေးစာစဉ်

ပါမောက္ခ ဆရာကြီး ဒေါက်တာတင်အောင် အမှာစာ ရေးသား၍ ပါမောက္ခ ဒေါက်တာချစ်ရွှေ နှင့် ပါမောက္ခ ဒေါက်တာထွန်းခင် တို့ အမှတ်ပေး စည်းမျဉ်းနှင့် အညီရေးသား ပြုစု ထားပါသည်။

ရူပဗေဒဘာသာ သင်ကြားနေသော ဆရာ၊ ဆရာမများ လက်ကိုင် ထားသင့်သော စာစောင် ဖြစ်ပါသည်။

ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။



သင့်သွေးဖြင့် အသက်ကယ်ပါ

## ကောလာဟလတွေအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

*ယခုသီတင်းပတ်အတွင်း ဟောလိဝုဒ်မီဒီယာတွေအကြား ရေပန်းအစားဆုံး ကောလာဟလသတင်းတွေထဲက စိတ်ဝင်စားစရာ အကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်အတွက် တင်ဆက်ပေးလိုက်ပါတယ်။*



## အလုပ်အကြိုးစားဆုံး ၂၃ ပါ

အမေရိကန်ပေါ့ပ်အဆိုတော် အရီရန်နာဂရန်ဒီက သူ့ကိုယ်သူ (၂၃) နှစ်အရွယ် အမျိုးသမီးတွေထဲမှာ အလုပ်အကြိုးစားဆုံးသော အမျိုးသမီးဖြစ်တယ်လို့ ပြောကြားခဲ့ပြီးတဲ့နောက် ဝေဖန်မှုတွေကို ဆက်တိုက်ကြုံနေရကြောင်း အမ်တီဗွီဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

" Dangerous Woman "ရဲ့ တေးသံရှင် အရီရန်နာဂရန်ဒီက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအရှိဆုံးသူတစ်ဦးဖြစ်တယ်လို့ ဆိုရမလားပါပဲ။ သူက လူမှုကွန်ရက်မီဒီယာပေါ်မှာ သူ့ကိုယ်သူ ကမ္ဘာကြီးပေါ်မှာ လမ်းလျှောက်ခဲ့တဲ့ အသက် (၂၃) နှစ်ရှိပြီဖြစ်တဲ့ လူသားတွေထဲမှာ သူဟာ ချစ်စရာအကောင်းဆုံးနဲ့ အလုပ်အကြိုးစားဆုံးသူဖြစ်တယ်လို့ ရေးသားဖော်ပြပြီးတဲ့နောက်မှာ ပရိသတ်တွေရဲ့ ဝေဖန်မှုတွေကို ခံခဲ့ရတာဖြစ်ပါတယ်။

လတ်တလောမှာ အသက် (၂၃)နှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ ဂရမ်မီဆုရှင် အရီရန်နာဂရန်ဒီက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ယခုလို ဖော်ပြပြီးတဲ့နောက် အချို့သောပရိသတ်တွေက သူ့ကို လှောင်ပြောင်ခဲ့တာတွေရှိပါတယ်။ အချို့က သူ့ကို တကယ်လက်တွေ့ဘဝမှာ ကံကောင်းပါစေလို့ ခပ်ထေ့ထေ့လေး ပြန်လည်ဝေဖန်ခဲ့ပြီး တစ်ဦးကတော့ အလွန်ကိုနှိမ့်ချတတ်တဲ့ သူပဲလို့ အရွဲ့တိုက်ရေးထားကာ တစ်ဦးကတော့ တမင်သက်သက်ချဲ့ကား ပြောဆိုခြင်းသာဖြစ်တယ်လို့ ပြစ်တင်ဝေဖန်ခဲ့တာတွေ့ရပါတယ်။



## သတင်းတွေထွက်နေတဲ့ ဘရက်ပစ်နဲ့ ကိတ်ဟန်ဒ်စန်

လတ်တလောမှာ ဇနီးဟောင်းဖြစ်သူ အိန်ဂျလီနာဂျိုလီနဲ့ ကွာရှင်းဖို့ ဆောင်ရွက်နေတဲ့ ဟောလိဝုဒ်ကြယ်ပွင့် ဘရက်ပစ်ဟာ လတ်တလောမှာ မင်းသမီး ကိတ်ဟန်ဒ်စန်နဲ့အတူ နေထိုင်လျက်ရှိကြောင်း ကောလာဟလ သတင်းတွေထွက်နေတယ်လို့ အော့စ်ရှိုးဘစ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

သတင်းရင်းမြစ်တစ်ဦးရဲ့ပြောကြားချက်အရ လတ်တလောမှာ သူတို့ နှစ်ဦးဟာ ကိတ်ဟန်ဒ်စန်ရဲ့နေအိမ်မှာ အတူနေထိုင်လျက်ရှိပြီး အဆိုပါ နေအိမ်ဟာ ဘရက်ပစ်နဲ့ ကိတ်ဟန်ဒ်စန်တို့မကြာခဏလျှို့ဝှက်တွေ့ဆုံကာ အချိန်ကုန်ဆုံးနေကျ နေရာတစ်ခုလည်းဖြစ်ကြောင်း သိရပါတယ်။

အသက် (၅၂)နှစ်အရွယ် ဘရက်ပစ်နဲ့ (၃၇)နှစ်အရွယ် ကိတ်ဟန်ဒ်စန် တို့နှစ်ဦးဟာ ပြီးခဲ့တဲ့ နှစ်လခန့်ကစတင်ပြီး တွေ့ဆုံမှုတွေရှိခဲ့တာဖြစ် ကြောင်းလည်း သိရပါတယ်။ ဒါပေမယ့် အဆိုပါအချစ်ဇာတ်လမ်းနဲ့ ပတ်သက်ပြီး ကာယကံရှင်တွေက လတ်တလောအချိန်အထိ တစ်စုံတစ်ရာ တုံ့ပြန်ပြောကြားခြင်းမရှိသေးတာကြောင့် လတ်တလောမှာတော့ ကောလာ ဟလတစ်ခုအဖြစ်သာ ရှိနေသေးတာဖြစ်ပါတယ်။

## အချစ်ဟောင်းတွေက စွပ်စွဲကြသတဲ့လား



လတ်တလောမှာ ဟောလိဝုဒ်ရဲ့ ရေပန်းအစားဆုံးသောအချစ်ဇာတ်လမ်း တစ်ပုဒ်ကတော့ ဂီတကြယ်ပွင့်စုံတွဲတွေဖြစ်ကြတဲ့ ဆယ်လီနာဂိုမက်ဇ်နဲ့ သယ်ဝိခ်ကန်းဒ်တို့ရဲ့ဇာတ်လမ်းပဲလို့ဆိုရင် မမှားပါဘူး။ ဒီလိုမီဒီယာ စာမျက်နှာ တွေပေါ်ကို အလျှင်အမြန်ရောက်လာခဲ့တဲ့ ဇာတ်လမ်းတစ်ပုဒ်ရဲ့ ဇာတ်ဆောင် တွေဖြစ်ကြတဲ့ ဆယ်လီနာဂိုမက်ဇ်နဲ့ သယ်ဝိခ်ကန်းဒ်တို့ရဲ့ အချစ်ဟောင်း တွေကလည်း အဆိုပါအချစ်ဇာတ်လမ်းကို အံ့အားသင့်ခဲ့ရပြီး ဆယ်လီနာ အပေါ် ဝိုင်းဝန်းဝေဖန်ခဲ့ကြပါတယ်။ ဆယ်လီနာရဲ့ ချစ်သူဟောင်း ဂျက်စတင် ဘီဘာနဲ့ သယ်ဝိခ်ကန်းဒ်ရဲ့ အချစ်ဟောင်း ဘယ်လာဟစ်ဒီတို့က ဆယ်လီနာ ဟာ သယ်ဝိခ်ကန်းဒ်ကို တကယ်ကြိုက်နှစ်သက်ခြင်းမရှိဘဲ သူ့ရဲ့တေးသီချင်း တွေကို ပိုမိုရောင်းအားကောင်းလာစေဖို့ နာမည်ကြီးအောင်ဖန်တီးရာမှာ အသုံးချခဲ့ခြင်းသာဖြစ်တယ်လို့ စွပ်စွဲခဲ့ကြကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဆယ်လီနာဂိုမက်ဇ်ဟာ အတိတ်မှာလည်း အလားတူအသုံးချမှုတွေရှိခဲ့ပြီး ယခင်က "One Direction"အဖွဲ့ဝင်ဟောင်း ဇေမာလိခ်နဲ့ ချာလီပွတ်ခ်တို့ကို လည်း ယခုလိုအသုံးချခဲ့ဖူးကြောင်း အဆိုပါမီဒီယာက ဝေဖန်ပြောဆိုခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ခုနှစ် ဇန်နဝါရီလအတွင်း " I Want You to Know "တေးသီချင်းအသံသွင်းစဉ်က ဆယ်လီနာဟာ လတ်တလောမှာ အောင်မြင်နေတဲ့ ဇေမာလိခ်နဲ့ တွဲခဲ့ပြီး " We Don't Talk Anymore " တေးသီချင်းထုတ်လုပ်စဉ်ကလည်း ချာလီပွတ်သ်နဲ့ တွဲခဲ့ဖူးသူဖြစ်ပါတယ်။

ယူအက်စ်မဂ္ဂဇင်းကြီးကတော့ ဘယ်လာဟစ်ဒီဟာ ဆယ်လီနာဂိုမက်ဇ်ကို မနာလိုမှုတွေရှိနေပြီး ဆယ်လီနာရဲ့တေးသီချင်းတွေကို လုံးဝနားမထောင်တော့ ကြောင်း ဖော်ပြခဲ့ပါတယ်။ ဂျက်စတင်ဘီဘာကတော့ ဆယ်လီနာဟာ သယ်ဝိခ်ကန်းဒ်နဲ့ အလုပ်သဘောအရ တွဲနေခြင်းမျိုးဖြစ်ပြီး သူတို့နှစ်ဦး တေးသီချင်းသစ်တွေဖန်တီးနေတာဖြစ်နိုင်ကြောင်းဝေဖန်ခဲ့တယ်လို့ ဆိုပါ တယ်။

# 2NE1 ရဲ့နှုတ်ဆက်သီချင်း စတင်ထုတ်လွှင့် အဖွဲ့မှ မင်ဇီနဲ့ ပါ့ခ်ဘွန်တို့ ပယ်ဖျက်ခံရ

တစ်ချိန်က အာရှတစ်ခွင်မှာ လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့တဲ့ တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ 2NE1 ဟာအဖွဲ့ ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာပြီးတဲ့နောက် ဇန်နဝါရီ ၂၁ရက်မှာ အဖွဲ့ရဲ့ပရိသတ် တွေကို နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ တေးသီချင်းတစ်ပုဒ် ထုတ်လွှင့်ခဲ့ပါတယ်။ ဒ့ါအပြင် 2NE1ရဲ့ တရားဝင် လူမှုကွန်ရက်မီဒီယာ စာမျက်နှာပေါ်မှာ ဖော်ပြထားတဲ့ အဖွဲ့ရဲ့ဓာတ်ပုံဟောင်းကို ပယ်ဖျက်ပြီး ဓာတ်ပုံသစ်ကို အစားထိုးဖော်ပြခဲ့ပါတယ်။ ဒီလို ဖော်ပြရာမှာလည်း အဖွဲ့မှာ နောက်ထပ်ပါဝင်ခြင်းမရှိတော့တဲ့ အဖွဲ့ဝင်ဟောင်းတွေဖြစ်ကြတဲ့ မင်ဇီနဲ့ပါ့ခ်ဘွန်တို့ရဲ့ဓာတ်ပုံတွေကို ပယ်ဖျက်ခဲ့ပြီး ကျန်ရှိနေတဲ့အဖွဲ့ဝင် နှစ်ဦးဖြစ်တဲ့ စီအယ်လ်နဲ့ ဆန်ဒရာပါ့ခ်တို့ကိုသာ ဖော်ပြခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



စန်ဒရာပါ့ခ်

စီအယ်လ်

တောင်ကိုရီးယားရဲ့အသုံးများတဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ Naver ပေါ်က အဖွဲ့ရဲ့တရားဝင် စာမျက်နှာပေါ်မှာ စီအယ်လ်နဲ့ ဆန်ဒရာပါ့ခ်တို့ရဲ့ ဓာတ်ပုံနဲ့အတူ ကိုယ်ရေးအချက် အလက်တွေကို ဖော်ပြရာမှာလည်း စီအယ်လ်ကို တေးဆို၊ ရက်ပ်အဆိုရှင်နဲ့ အဖွဲ့ရဲ့ ခေါင်းဆောင်တစ်ဦးအဖြစ် ဖော်ပြခဲ့ပြီး ဆန်ဒရာပါ့ခ်ကိုတော့ တေးဆို တစ်ဦးအဖြစ်သာ ရေးသားဖော်ပြခဲ့ပါတယ်။


အဖွဲ့ကနေ နုတ်ထွက်လိုက်ပြီဖြစ်တဲ့ 2NE1အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ မင်ဇီက 2NE1ရဲ့ နှုတ်ဆက်သီချင်းနဲ့ပတ်သက်ပြီး သူ့ရဲ့ခံစားချက်တွေကို လူမှုကွန်ရက်မီဒီယာပေါ် သယ်ဆောင်လာခဲ့ပြီး နှုတ်ဆက်သီချင်းမှာ သူပါဝင်နိုင်ခြင်းမရှိတဲ့အတွက် ဝမ်းနည်းကြောင်းလည်း ဆိုခဲ့ပါတယ်။


"Goodbye"လို့ အမည်ရတဲ့ အဆိုပါနှုတ်ဆက်တေးသီချင်းမှ ပါဝင်ခွင့်ရခဲ့ပြီး လတ်တလောမှာတော့ 2NE1ရဲ့ အေဂျင်စီနဲ့ နောက်ထပ်စာချုပ်သစ်ထပ်မံချုပ်ဆိုခြင်းမရှိတော့ဘဲ နုတ်ထွက်လိုက်ပြီဖြစ်တဲ့ ပါ့ခ်ဘွန်ကလည်း နှုတ်ဆက်စကားဟာ သူ့ဘဝမှာ အနာကျင်ရဆုံးသော စကားဖြစ်ကြောင်း သူ့ရဲ့လတ်တလော ခံစားချက်ကို အင်စတာဂရမ် စာမျက်နှာ ပေါ်ကနေတစ်ဆင့်ဖော်ပြခဲ့ပါတယ်။




2NE1 အဖွဲ့ဟောင်း။

အေးပြည့် - စုစည်းသည်














ဓာတ်ပုံ- www.salon.com

# ဒီမိုကရေစီအစ ဝေသာလီက

ubkifo

'ထင်ပေါ်လျှင် စင်တော်ကကောက်' ဟူဘိသို့ပင် ထင်ပေါ်မှုနှင့်အတူ အမေရိကန်နိုင်ငံရေး စင်မြင့်ထက်သို့ တက်လာသူ ပုဂ္ဂိုလ်ကြီးသည်ကား စီးပွားရေးလောကအတွင်း အိမ်ရာခြံမြေ လုပ်ငန်းရှင် သူဌေးကြီးအဖြစ် ဘောဂဗလကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ခဲ့သူ ဒေါ်နယ်ထရန့် ဖြစ်သည်တကား။

**ဘောဂသမ္ပတ္တိနှင့် ပြည့်စုံသူ**

ဘောဂသမ္ပတ္တိနှင့် ပြည့်စုံသူ ထရန့်သည် ဇန်နဝါရီ ၂၀ ရက်က သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုလိုက်ပြီဖြစ်ရာ လူကုံထံသူဌေးကြီးတစ်ဦးက နိုင်ငံရေးအလံကို တလူလူလွှင့်ထူပုံမျိုးဖြစ်၏။ သဘောသဘာဝချင်းမတူသော စီးပွားရေးအလွှာမှ နိုင်ငံရေးအလွှာသို့ ကူးပြောင်းလာသူဟု ဆိုနိုင်၏။

ဒေါ်နယ်ထရန့်သည်ကား ကုဋေကြွယ်သူဌေးကြီးပါပေ။ သူပိုင်ဆိုင်သည့် 'ထရန့်အော်ဂနိုက်ဇေးရှင်း' အမည်ရှိ လုပ်ငန်းအုပ်စုကြီး၏ ဌာနချုပ်ရုံး အဆောက်အအုံကို နယူးယောက်မြို့လယ်ရှိ ထရန့်တာဝါတွင် အထင်အရှားတွေ့မြင်နိုင်၏။ ထရန့်သည် ၁၉၇၁ ခုနှစ်မှ အစပြု၍ ထရန့်အော်ဂနိုက်ဇေးရှင်း၏ ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့၏။ အမေရိကန်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရပြီးနောက် သူ၏ သားကြီးနှစ်ဦးဖြစ်သော ဒွန်ဂျူနီယာနှင့် အဲရစ်တို့ကို ကုမ္ပဏီ၏ စီမံခန့်ခွဲရေးကိစ္စအဝဝအတွက် လွှဲအပ်ပေးခဲ့ပြီးဖြစ်၏။ သားကြီးနှစ်ဦးမှာ ဖခင်ကြီး၏ ကုမ္ပဏီတွင် ဒုတိယဥက္ကဋ္ဌများအဖြစ် ကာလကြာရှည် တာဝန်ထမ်းရွက်ခဲ့ကြပြီးဖြစ်ရာ စီးပွားရေးလောကတွင် အဖေ့ခြေရာကို ဆက်လက်နင်းကြဦးမည်ဟု မျှော်လင့်ရ၏။

ထရန့်အော်ဂနိုက်ဇေးရှင်းသည် အိမ်ရာခြံမြေဖွံ့ဖြိုးရေးလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံရေးလုပ်ငန်း၊ ပွဲစားလုပ်ငန်း၊ ရောင်းဝယ်ရေးနှင့် ဈေးကွက်တိုးချဲ့ရေးလုပ်ငန်းတို့ဖြင့် အကျိုးစီးပွားဖြစ်နေသည်။ အိမ်ရာများ၊ ဟိုတယ်များ၊ အပန်းဖြေစခန်းများ၊ ဂေါက်ကွင်းများနှင့် ပတ်သက်နေသော စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံတကာအထိ ဖြန့်ကြက်လုပ်ကိုင်လျက်ရှိပြီး နယူးယောက်မြို့၏ မင်ဟပ်တန်အရပ်တွင် မြေနေရာများစွာကို ပိုင်ဆိုင်ထားသည်။

အိမ်ရာခြံမြေ ရောင်းဝယ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ဖျော်ဖြေရေးလုပ်ငန်း၊ စာအုပ်နှင့် မဂ္ဂဇင်းထုတ်ဝေရေးလုပ်ငန်း၊ မီဒီယာ၊ လက်လီရောင်းဝယ်ရေးလုပ်ငန်း၊ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်လုပ်ငန်း၊ စားနပ်ရိက္ခာနှင့် အဖျော်ယမကာလုပ်ငန်း၊ အွန်လိုင်း ခရီးသွားလုပ်ငန်း၊ လေကြောင်းလုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းပေါင်းစုံတွင် ခြေလှမ်းကျဲကျဲဖြင့် လုပ်ကိုင်နေသည့်အပြင် နယူးယောက်ရုပ်မြင်သံကြား ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုကိုလည်း ပိုင်ဆိုင်လေသည်။

**ပြောင်းလဲမည့် ပုဂ္ဂိုလ်ကြီး**

အမေရိကန်သမ္မတအဖြစ် အာဏာပလ္လင်ထက် တက်လာသူ ဒေါ်နယ်ထရန့်သည်ကား သူ၏ ပြည်ထောင်စုကြီးကို ကြီးကြီးကျယ်ကျယ် ပြောင်းလဲမည့် ပုဂ္ဂိုလ်ကြီးတစ်ဦးအဖြစ် ပြည်သူပြည်သားတို့က ရှုမြင်ကြကုန်၏။

ယရာဝါသ ကိစ္စမြားမြောင် နိုင်ငံရေးဘောင်၌ စွမ်းရည်သတ္တိများ သူမည်သို့ပြလိမ့်မည်ကို စောင့်ကြည့်ကြရပေအံ့။

ရှစ်နှစ်ကြာမျှ နိုင်ငံရေးပင်လယ်ကြီးထဲ ဖြတ်သန်းခဲ့သော ဘားရက်အိုဘားမားထက် သာလွန်၍ ပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ အားထုတ်လုံ့လပြုမည်လောဟု တွေးဆဆင်ခြင်အပ်ရာသည်။

မဲဆွယ်စည်းရုံးရေးကာလ သူ့အပြော၊ သူ့အဟောများကြောင့် အကျယ်အကျယ်မငြိမ်းဖွယ် အငြင်းအခုံပြုမှုများ ဖြစ်ပေါ်ပြီးသည့်နောက်ဝယ် ထရန့်က ယခင်အစိုးရအဖွဲ့နှင့် အခြေခံကျကျ မတူကွဲပြားခြားနားသော မူဝါဒများကို ချမှတ်ကျင့်သုံးလိမ့်မည်ဟု ရှုမြင်ရလေသည်။

'အမေရိကန်ပြည်ထောင်စုကြီးအား တစ်ကျော့ပြန်ကြီးမြတ် ထည်ဝါစေအံ့' ဟူသော ကြွေးကြော်သံသည်ကား ထရန့်က အသံကုန်ဟစ်ကြွေးခဲ့သည့် ဆောင်ပုဒ်တစ်ခုပေတည်း။

အိုဘားမားအတွက် ဂုဏ်ဝင့်ထည်စေခဲ့သည့် ကျန်းမာရေးစောင့်ရှောက်မှု မူဝါဒ၊ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ မူဝါဒ၊ အီရန်နှင့် ရရှိခဲ့သော နျူကလိယ သဘောတူညီချက်တို့ကို ထရန့်က ချေဖျက်ပစ်တော့မည်လောဟု စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်ခဲ့ကြရပြီးလျှင် လူဝင်မှုကြီးကြပ်ရေး မူဝါဒကိုလည်း ထရန့်က ပြောင်းလဲပြင်ဆင်လိမ့်မည်ဟု သောကဗျာပါပွေသူများ ရှိခဲ့ရလေသည်။

ရွှေ့ပြောင်းအခြေစိုက် နေထိုင်သူများကြောင့် အမေရိကန်ပြည်တွင်း၌ ရာဇဝတ်မှုများ တိုးလာရသည်ဟု ထရန့်က မဲဆွယ်စည်းရုံးရေးကာလက ဟောပြောခဲ့ရာ စီစီညံညံ သောသောညံခဲ့ရသေးသည်။ မက္ကဆီကိုနှင့် ထိစပ်နေသော နယ်စပ်တွင် ခြံစည်းရိုးကာမည်၊ မွတ်စလင်တို့ ပြည်ဝင်မှုကို ပိတ်ပင်မည်၊ ခွင့်ပြုချက်မဲ့ ရွှေ့ပြောင်းလာသူများကို နယ်နှင်မည်စသည်ဖြင့် ထရန့်က မဲဆွယ်စည်းရုံးခဲ့စဉ်က ကတိပြုခဲ့သည်။

မိမိဘဝကို မိမိ ကျေနပ်အားရမှုမရှိကြသည့် သာမန်ပြည်သူများ အကျိုးကျေးဇူးခံစားရစေနိုင်သော စီးပွားရေးပုံစံကို ထရန့်က ဖော်ဆောင်မည်ဟု ဆိုထားပြန်ရာ သူဘာတွေဆက်လုပ်မည်နည်းဟု ဆက်လက်စောင့်ကြည့်ကြရပေလိမ့်မည်။

အမေရိကန် နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများအား ပိုမိုဖန်တီးပေးနိုင်ရန် ထရန့်က မဟာဗျူဟာချကာ ကြိုးပမ်းရာတွင် ကိုယ်ကျိုးစီးပွားကာကွယ်ရေး ဝါဒကို ကျင့်သုံးလာမည်လောဟု ကမ္ဘာ့နိုင်ငံများက စိုးရိမ်ကြ၏။

**ကိုယ်ကျိုးစီးပွား ကာကွယ်သူလော**

ဒေါ်နယ်ထရန့်ကို ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒီအဖြစ် ရည်ညွှန်းကာ တရုတ်သမ္မတ ရှီကျင့်ဖျင်က ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့၌ ဇန်နဝါရီ ၁၇ ရက်က ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ် ညီလာခံတွင် ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့လေသည်။

လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်များသည် တစ်ကမ္ဘာလုံးအတွက် အကျိုးကျေးဇူးရရှိစေနိုင်ပုံကို တရုတ်ခေါင်းဆောင်က ကာကွယ်ပြောကြားခဲ့သည်။ ခေတ်သစ်စီးပွားရေးပုံစံအရ ကမ္ဘာလွှမ်းခြုံစနစ်ကို ပစ်ပယ်ထား၍ မရနိုင်၊ ကုန်သွယ်ရေးစစ်ပွဲဖြစ်လျှင် အောင်နိုင်သူဟူ၍ မရှိနိုင်၊ ကိုယ်ကျိုးစီးပွားကာကွယ်သူဟူသည် အလင်းရောင်နှင့် လေဝင်ရောက်မှုမရှိသည့် အခန်းတစ်ခန်းအတွင်း တစ်ကိုယ်တည်းနေထိုင်သူနှင့် အလားသဏ္ဌာန် တူညီသည် စသည်ဖြင့် သမ္မတရှီကျင့်ဖျင်က ကမ္ဘာ့စီးပွားရေးဖိုရမ် ညီလာခံတွင် ထရန့်၏ အမည်နာမကို ဖော်ပြခြင်း မရှိဘဲ ဝေဖန်ပြောကြားခဲ့လေသည်။

လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များကို ထရန့်က ပစ်ပယ်မည်ဆိုပါက နိုင်ငံတကာ ကုန်သွယ်ရေး၏ လေဟာနယ်အတွင်း အစားထိုးဝင်ရောက်ရန် တရုတ်နိုင်ငံက ပြင်ဆင်ထားပုံကိုလည်း ကျွန်ုပ် သတိပြုမိသည်။

ဒါဗို့စ်မြို့၌ ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ်သည် တရုတ်နိုင်ငံအတွက် ယင်း၏ မူဝါဒရေးရာ ပလက်ဖောင်းကို ချပြနိုင်သည့် အခွင့်အခါတစ်ရပ်ဖြစ်ရသည်။ နိုင်ငံတကာအရေးထက် ပြည်တွင်းရေးကို ဦးစားပေးမည့် အသွင်ဆောင်သော ဒေါ်နယ်ထရန့်အား ရည်စူးလျက် ဧကစာဝါဒကို ကမ္ဘာ့နိုင်ငံများ လက်မခံပယ်ချကြဖို့အရေး သမ္မတရှီက တိုက်တွန်းနှိုးဆော်ခဲ့သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမှသည် အကြမ်းဖက်မှုနှင့် နျူကလိယ လက်နက်ဖျက်သိမ်းရေးအထိ ကမ္ဘာ့နိုင်ငံများအားလုံး လက်တွဲညီညီ ရှေ့သို့ချီကြဖို့လိုအပ်ပုံကို သမ္မတရှီက စည်းရုံးခဲ့သည်။

ပစ္စက္ခကာလ ကမ္ဘာကြီး၏ 'နိုင်ငံပေါင်းစုံ လက်တွဲရေးဝါဒ' (မာလ်တီလစ်ထရယ်လစ်ဇင်)တွင် တရုတ်နိုင်ငံက ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားမည်ဟု သမ္မတရှီက ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂ (ဥရောပ) ဌာနချုပ်ရုံး၌ ဇန်နဝါရီ ၁၈ ရက်က မိန့်ခွန်းပြောကြားရာတွင် ဖော်ပြခဲ့သည်ကိုလည်း ကျွန်ုပ်သတိမူမိလေသည်။

**နိုင်ငံပေါင်းစုံ လက်တွဲရေးဝါဒ**

ဤတွင်ရွေ့ကား ကျွန်ုပ်အနေဖြင့် 'နိုင်ငံပေါင်းစုံ လက်တွဲရေးဝါဒ' နှင့် ပတ်သက်၍ တွေးဆဆင်ခြင်ကြည့်မိလေသည်။

တူညီသော အရေးကိစ္စတစ်ရပ်အတွက် နိုင်ငံအများအပြား လက်တွဲဆောင်ရွက်ကြခြင်းသည်ကား နိုင်ငံပေါင်းစုံလက်တွဲရေးဝါဒ၏ အခြေခံမူပေတည်း။

မဟာမိတ်ဖွဲ့ခြင်း၊ အသင်းအပင်းဖွဲ့စည်းခြင်းတို့သည် တူညီသော အကျိုးစီးပွားများကို ဖော်ဆောင်ရန်နှင့် တူညီသော အခက်အခဲများကို စုပေါင်းကျော်လွှားရန် ရည်ရွယ်သည်။ ယင်းဝါဒသည် 'တစ်ကိုယ်တော်ဝါဒ' (ယူနီလစ်ထရယ်လစ်ဇင်) ၏ ဆန့်ကျင်ဘက်ဖြစ်သည်။ တစ်ကိုယ်တော်ဝါဒသမားမှာ အများနှင့် တိုင်ပင်နှီးနှောလေ့မရှိ၊ အများနှင့် ပါဝင်ပတ်သက်မှု မရှိဘဲ ကိုယ့်လေ့ကိုယ်ထိုး ပဲခူးရောက်ရောက်၊ ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက် လုပ်လေ့ရှိပေသည်။

ဒီမိုကရေစီ အားကောင်းသော ကမ္ဘာကြီး၊ နိုင်ငံများအချင်းချင်း သာတူညီမျှမှုရှိသော ကမ္ဘာကြီးအဖြစ်သို့ တည်ဆောက်ရာဝယ် နိုင်ငံပေါင်းစုံ လက်တွဲရေးဝါဒပီပြင်ဖို့ အထူးလိုအပ်သည်ဟု ကျွန်ုပ်တွေးတောမိ၏။

နိုင်ငံပေါင်းစုံ လက်တွဲရေးဝါဒသည် နိုင်ငံတကာဥပဒေကို တစ်ပြေးညီ ကျင့်သုံးရန်အားပေးသည်။

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့အရ စံနမူနာပြသနိုင်သည့် နိုင်ငံကြီးတစ်နိုင်ငံဖြစ်ပေရာ ထရန့်၏လက်ထက်တွင်လည်း ဒီမိုကရေစီနည်းလမ်းနှင့်အညီ စီမံ အုပ်ချုပ်မှုကို ပီပီပြင်ပြင် ပြသနိုင်လိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်မိလေသည်။

ဗုဒ္ဓစာပေကျမ်းဂန်များက ညွှန်ပြသည်မှာကား ဝေသာလီပြည်၏ 'အပရိဟာနိယ ဓမ္မ'နှင့်အညီ အုပ်ချုပ်ခြင်းဖြစ်ပြီး ဒီမိုကရေစီ နည်းလမ်းအကျဆုံး အုပ်ချုပ်ခြင်းအဖြစ် ကျွန်ုပ်မှတ်သားခဲ့ရဖူးလေသည်။ ဝေသာလီမင်းဆက် ၇၇၀၇ ပါးတိုင်အောင် ပြည်ထောင်စု မပြိုကွဲစေဘဲ အုပ်ချုပ်နိုင်ခဲ့ခြင်းမှာ ဓမ္မနှင့်အညီ အုပ်ချုပ်ခြင်းကြောင့်ဖြစ်သည်။ ညီညွတ်စွာ မပြတ်စည်းဝေးတိုင်ပင်ခြင်း၊ မည်သည့်ကိစ္စတွင်မဟူ အားလုံး တညီတညွတ်တည်း ဆုံးဖြတ်ကာ လုပ်ကိုင်ခြင်း၊ အများ၏ဆန္ဒကို အလေးပေးခြင်း၊ လူတို့၏ထုံးဓလေ့များနှင့် ဥပဒေများကို ကျော်၍လုပ်ဆောင်မှုမရှိခြင်း၊ အနိုင်အထက်ပြုမှုမှုမရှိခြင်း၊ လူတိုင်းလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ပေးခြင်း၊ ပြည်သူ့ဆန္ဒကို အလေးထားခြင်း၊ ပြည်သူတို့ကို ကာကွယ် စောင့်ရှောက်မှုပေးခြင်းစသည့် စံနှုန်းများနှင့်အတူ အုပ်ချုပ်ခြင်းသည်သာ ပြည်သူပြည်သားတို့အတွက် အလိုလားဆုံး အုပ်ချုပ်ခြင်းဖြစ်သည်ဟု တွေးတောမိရင်း **"ဒီမိုကရေစီအစ ဝေသာလီက"** ဟူ၍ ကျွန်ုပ်ကျူးရင့် မိပါသတည်း။ ။

# အင်းဈေးလေး နမ့်ပန်

ကြင်လိုင်မြင့်

ညအမှောင်ထုကြီး၏ ဖြန့်ကြက်လွှမ်းခြုံထားခြင်းမှ စတင်လွတ်ကင်းစအချိန်ကာလလေးဖြစ်သည်။ အလင်းရောင်သည် မှိန်မှိန်ပျပျ ဝေဝေဝါးဝါး။ အရုဏ်ဦးနှင့်အတူ ဘုန်းတော်ကြီးကျောင်းများမှ အုန်းမောင်းခေါက်သံများ၊ ကြက်ဖ တွန်သံများ၊ ဝဲပျံငှက်လေးများ၏ တေးသီရင့်ကျူးသံများအား ပီပြင်သက်ဝင်စွာကြားနေရသည်။

အိကျ ပြိုဆင်းနေသော ထူထူထဲထဲနှင်းမြူထုကြီးအောက်ရှိ ကြည့်လဲ့လဲ့ ကန်ရေပြင်ပေါ်တွင် ဖြူဖြူလွလွ ပါးပါးလွှာလွှာရေခိုးရေငွေ့များ ယိမ်းနွဲ့ပျံတက်နေကြသည်။ ကန်ရေပြင်အောက်ရှိ ဒိုက်ပင်၊ မှော်ပင်များသည်လည်း အရုဏ်ဦး၏ အလင်းရောင်အားကြိုဆိုနှုတ်ခွန်းသဆက်ရန်နိုးထနေကြပြီးဖြစ်သည်။ စိမ်းရင့်ရင့်ဗေဒါပင်များသည်လည်း ဟိုတစ်အုပ် သည်တစ်အုပ်။

ဘေးဝဲယာတောင်တန်းများအား လှမ်းမျှော်ကြည့်လိုက်သောအခါ စိမ်းစိမ်းအုပ်အုပ် သစ်တောများကြားမှ ထုံးဖြူဖြူ စေတီလေးများကို သပ္ပာယ်စွာ ကြည်ညိုဖူးတွေ့ရပြန်ပါသည်။ လွန့်လူးရှည်လျားလှသော တောင်တန်းများအပေါ်ရှိ ထိုစိမ်းစိမ်းအုပ်အုပ်သစ်တောများနှင့် ထုံးဖြူဖြူစေတီလေးများအား တောင်အောက်ခြေတွင် အပြိုင်းပြိုင်းအရိုင်းရိုင်း ပွင့်ဖူးနေကြသော ဖြူသန့်သန့်ကျူပန်းခိုင်များက လေးနက်ပီပြင်စွာ အနားသတ်ပေးနေကြသည်။ နံနက်ခင်း၏ စွဲမက်စရာအလှသည် အမှန်တကယ်ပင် သက်ဝင်လွန်းနေသည်။

စက်တပ်လှေတချို့ ရေငွေ့ဖြူလွှာလေးများကြားတွင် ရှပ်ပြေးခုတ်ဆွဲမောင်းနှင်နေကြသည်။ ဦးတည်ရာလမ်းကြောင်းသည်အမျိုးမျိုး။

ကန်ရေပြင်ပေါ်တွင် တည်နေသော ရွာအစုအပေါင်းဖြစ်ကြသဖြင့် သယ်ယူပို့ဆောင်သွားလာရေးအတွက် လှေများကိုသာ အားထားအသုံးပြုကြသည်။ ထိုလှေတို့တွင် တချို့သည် စက်တပ်၊ တချို့သည် ခြေလှော်။

လူမျိုးစုံတို့သည် ရည်ရွယ်ချက်မျိုးစုံဖြင့် သက်ဝင်လှုပ်ရှားသွားလာနေကြသည်။ တချို့သည်လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းကိရိယာများကို လှေပေါ်တွင်တင်ဆောင်ပြီး ကိုင်းတောများဆီသို့။ တချို့သည် ကတော့ချွန်ပုံသဏ္ဍာန် ငါးဖမ်းမြှုံးများဖြင့် ငါးအုပ်များရှိရာဆီသို့။ ကျွန်တော်အပါအဝင် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည် ငါးဦးအားသယ်ဆောင်လာသည့် စက်တပ်လှေလေးသည် စိမ်းရောင်စို ကျွန်းမျောစိုက်ခင်းပြင်များအား တရိပ်ရိပ်တရွေ့ရွေ့ဖြတ်သန်းမောင်းနှင်နေသည်။ ကျွန်တော်တို့၏ ဦးတည်ရာသည်နမ့်ပန်ဈေးဆီသို့။

နမ့်ပန်ဈေးသည် ရှမ်းပြည်နယ် အင်းလေးဒေသတွင် တည်ရှိသည်။ ငါးရက်တွင် တစ်ကြိမ်သာ ခင်းကျင်းရောင်းချသည့် ဈေးဖြစ်သည်။ ထို့ကြောင့် အင်းလေးဒေသသို့ မသွားမီတွင် ထိုဈေး၏ ဈေးနေ့နှင့်တိုက် မတိုက်ကို အရင်ကြည့်ရသည်။ မတိုက်လျှင် ထိုဈေးနေ့နှင့်တိုက်ရန် ခရီးစဉ်ကို အချိန်ယူပြီးညှိနှိုင်းရေးဆွဲရသည်။ အင်းလေးဒေသသို့ ရောက်ပြီးမှ ဤဈေး၏ ဈေးနေ့နှင့် လွဲချော်၍မဖြစ်။

အင်းလေးဒေသတွင်းရှိ မတူညီသော နေရာဒေသငါးခုမှ ဒေသခံတိုင်းရင်းသားများသည် နေရာဒေသငါးခုတွင် အလှည့်ကျ ခင်းကျင်းရောင်းဝယ်ဖောက်ကားကြသဖြင့် ‘ငါး ရက်ဈေး’ ဟု အမည်တွင်လာရခြင်းဖြစ်သည်။ ဈေးနေ့ရောက်ပြီဆိုလျှင် မတူညီသော နေရာဒေသ ငါးခုမှ ဒေသခံတိုင်းရင်းသားများ ထိုဈေးရှိရာနေရာသို့ စုရုံးရောက်ရှိလာကြသည်။ ဒေသထွက်ကုန်များနှင့် မိမိတို့ လိုအပ်မည့် အခြားသောကုန်ပစ္စည်းကို လာရောက် ရောင်းဝယ်ဖောက်ကားကြသည်။

ကျွန်တော်တို့ စီးလာသော လှေလေး၏ဦးပိုင်းသည် ကြည်လင်သောရေပြင်ကို အရှိန်ဖြင့် တွန်းထိုးခွဲဝင်နေသည်။ လှေဦးထိပ်ဆီမှနေ၍ ဘေးဝဲ၊ ယာ နှစ်ဖက်သို့ လွင့်စင်ခွဲဖြာကျနေသောဖြူဖြူကားကား ရေမှုန်ရေမွှားများကိုလည်း မြင်တွေ့နေရသည်။

လမ်းကြောရှင်းသဖြင့် လှေဆရာသည် စက်ရှိန်ကို ခပ်ပါးပါးလေးထပ်တင်လိုက်သည်။ လှေလေးသည် ပင့်ကူအိမ်သဏ္ဍာန် ရှုပ်ထွေးကောက်ကွေ့နေသော ရေပေါ်လမ်းကြားများ၊ အရောင်အသွေးစုံ ကြာနွယ်ပင်များနှင့် အခြားသော ရေပျော်ပင်များကြားမှ တရိပ်ရိပ်နှင့်ရှပ်ပြေးလေးပြေးနေသည်။ လှေပေါ်တွင် ထိုင်ရင်း အေးမြလတ်ဆတ်သော လေကို ဦးခေါင်းမော့၍ တဝကြီး ရှူသွင်းလိုက်သည်။ ညာလက်သည်လည်း လှေ၏ညာပေါင်စွန်းသို့ထွက်ကာ လက်ချောင်းများအားကန်ရေပြင်နှင့် တွေ့ထိထားသည်။ မည်သည့် အရာ နှင့်မျှ မလဲနိုင် မထပ်နိုင်သော ခံစားမှုရသ။ အကြိမ်ကြိမ်အခါခါ ရောက်ဖူးသော်လည်း ရိုးမသွားသော ဤလုပ်ရပ်။



ကျွန်တော်တို့တည်းခိုသော ဟိုတယ်မှ မိနစ် ၂၀ ခန့် ခုတ်မောင်းပြီးသောအခါ ကျွန်တော်တို့၏ လှေလေးသည် နမ့်ပန်ဈေးဆီသို့ ဦးခိုက်စပြုနေပြီဖြစ်သည်။

လှေဆရာသည် ဤနမ့်ပန်ဈေး၏ လှေဆိပ်တွင် လှေဆိုက်ကပ်ဝင်ခိုရန် နေရာကို ဝေ့ဝဲရှာဖွေနေသည်။ လှေတစ်စီးနှင့်တစ်စီး တွန်းထိုးဆိုက်ကပ်ရသဖြင့် လက်မညပ်မိစေရန် ဧည့်သည်များအား သတိပေးနေရသည်။ ခက်ခဲရင်ဖိုစရာ ကောင်းလှသော်လည်း လှေဆရာသည် အလွယ်တကူပင် ဆိုက်ကပ်နိုင်ခဲ့သည်။ မိမိ၏ အသက်မွေးဝမ်းကျောင်းအလုပ်အား ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်လုပ်ဆောင်သွားနိုင်ခြင်းဖြစ်သည်။

လွန့်လူးယိမ်းထိုးနေသော လှေပေါ်မှ ဆင်းကြသည်။ ဆေးရောင်စုံပန်းချီကားချပ်ကဲ့သို့ ဖြစ်နေသော နမ့်ပန်းဈေးသည် ကျွန်တော်တို့အဖွဲ့အား ဆီးကြိုဖိတ်ခေါ်နေ၏။

ဧည့်သည်များ ဈေးထဲသို့မဝင်မီ ဈေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ အခြားသော သိသင့်သိထိုက်သည့် ဗဟုသုတများကို ဦးစွာ ရှင်းပြသည်။ အကယ်၍ လူစုကွဲသွားလျှင် ‘နမ့်ပန်ဈေး’ ဟူသောဆိုင်းဘုတ်ရှိရာဆီသို့ ပြန်လာကြရန်လည်း မှာရသည်။ ရခဲသောအခွင့်အရေးအား လက်လွတ်ဆုံးရှုံးမခံနိုင်ကြသဖြင့် ကျွန်တော်ရှင်းပြနေသည်ကို နားများသည် နားထောင်နေကြသော်လည်း ဧည့်သည်အားလုံး၏ မျက်လုံးအစုံတို့သည် ဈေးနေရာအနှံ့ဆီသို့ ဖြန့်ကြက်နေရာယူနေကြပြီဖြစ်သည်။ ကင်မရာများကိုလည်း တမြောက်မြောက်တမမနှင့် လုပ်နေကြသည်။ စိတ်ဝင်တစားနှင့် အားတတ်သရောဖြစ်နေကြသည်ကို ကြည့်ပြီး ကျေနပ်မိသည်။

အမျိုးအစားစုံလင်လှသော ဒေသထွက်ရာသီပေါ်သီးနှံများကို မြင်တွေ့ရသည်မှာ အရောင်အသွေးစုံလင်လှသဖြင့် စိတ်၏လန်းဆန်းမှုကို ဦးစွာခံစားကြရသည်။ ဤဈေးသည် ရောက်လာသူ လူအပေါင်းတို့အား မျက်စိပသာဒ ဖြစ်စေရုံသာမက စိတ်ချမ်းသာမှုကိုပါ ပေးနိုင်စွမ်းသည့် ဈေးဖြစ်သည်။

ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ဆောင်းရာသီတစ်ခုတည်းတွင်သာရရှိသည့် ဆောင်းဦးကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ရုံးပတီသီး၊ ပဲထောင့်ရှည်၊ ဂျုံးမြစ်၊ ငရုတ်သီးမျိုးစုံ၊ ကွမ်းရွက်၊ ပိန်းဥ၊ သနပ်ဖက်၊ ဆေးပေါ့လိပ်မျိုးစုံ စသည်ဖြင့် အမျိုးအစားစုံလင်လှသည်။

ဗုဒ္ဓဆင်းတုတော်များ၊ ရွှေထည်၊ ငွေထည်များ၊ ယွန်းထည်များ၊ ဝါးထွက်ပစ္စည်းများ၊ လုံချည်များ၊ရှမ်းလွယ်အိတ်များ၊ ရှမ်းရိုးရာ ဝတ်စုံများကိုလည်း ခင်းကျင်းရောင်းချနေကြသည်။ သယ်ယူရန် မလွယ်ကူလှသော်လည်း ဤဈေးကြီးသို့ ရောက်သည့်အခါတိုင်း အာသာပြေ အနည်းငယ်စီဝယ်ယူမိသည်။

မနက်စောစော အရောက်လာမှသာ ခင်းကျင်းရောင်းချသော ကုန်ပစ္စည်းမျိုးစုံ၊ ရောင်းဝယ်ဖောက်ကားရန် လာကြသော ရိုးရာဝတ်စုံဝတ် တိုင်းရင်းသားမျိုးစုံ၊ ကြည့်ရှုလည်ပတ်ရန်လာကြသော နိုင်ငံခြားသားမျိုးစုံတို့ကို ကိုယ်တိုင်မြင်တွေ့နိုင်မည်ဖြစ်သည်။ နောက်ကျ၍ ဈေးကွဲချိန်ရောက်သွားလျှင် ဤကဲ့သို့သော အဖိုးတန်အခွင့်အရေးမျိုးကို လက်လွှတ်ဆုံးရှုံးရမည်ဖြစ်သည်။

ဤဈေးသည် ငါးရက်မှ တစ်ကြိမ်သာခင်းကျင်းရောင်းချသည့် ဈေးဖြစ်သဖြင့် လာရောက်လေ့လာ ကြည့်ရှုလည်ပတ်ကြသော နိုင်ငံခြားသားဧည့်သည်များအတွက်သာမက ဒေသခံ တိုင်းရင်းသားများအတွက်ပါ လက်လွှတ်ဆုံးရှုံးမခံသင့်သော ကြီးမားသည့် မဟာအခွင့်အရေးကြီးတစ်ရပ် ဖြစ်သည်။

ကျွန်တော်၏ ဧည့်သည်များ ဈေးအတွင်းတွင် တစ်ခဏချင်းဆိုသလို လူစုခွဲလိုက်ကြသည်။ ကျွန်တော်သည် သူတို့အား မျက်ခြည်မပြတ် လိုက်ကြည့်နေရသည်။ သူတို့လိုအပ်သည့်အခါတွင် အကူအညီပေးနိုင်ရန်အတွက် အသင့်ပြင်ထားရသည်။

ကျွန်တော် ရပ်ကြည့်နေသော နေရာတွင် မုန့်ဟင်းခါးရည်နှင့်ဆင်တူသော ဟင်းရည်အိုးကြီးများ ပွက်ပွက်ဆူနေကြသည်။ အငွေ့တထောင်းထောင်း ဖြစ်နေကြသည်။ ထွက်လာသော ဟင်းရည်နံ့သည် ကျွန်တော်၏ ဗိုက်ကို ဆာသည်ထက်ပို၍ဆာစေသည်။ ဖိုပေါ်မှ ချခါစ တို့ဟူးကြော် ပူပူနွေးနွေးလေးများကို ကြည့်ရင်း စိတ်ကို မနည်းထိန်းနေရသည်။ ဧည့်သည်များနှင့်ဖြစ်နေသဖြင့် မိမိစိတ်တိုင်းကျ ဝင်ထိုင်စား၍မဖြစ်။ အခြားသူများ စားနေကြသည်ကိုသာ ကြည့်နေရသည်။

ထိုဟင်းရည်ဆိုင်တွင်းသို့ ရိုးရာဝတ်စုံများ ဝတ်ဆင်ထားသော ရှမ်း၊ ပအိုဝ်း၊ ဓနု၊ ကယား၊ ဗမာစသော တိုင်းရင်းသားပေါင်းစုံတို့ ဝင်လာကြသည်။ အသင့်ခင်းထားသော ထိုင်ခုံများတွင် နေရာယူကြသည်။ ကလေး၊ လူကြီး၊ ယောက်ျား၊ မိန်းမ အစုံပါသည်။ သူတို့၏ ကိုယ်ပိုင်ဘာသာစကားများဖြင့် ပြောဆိုသုံးနှုန်းနေကြသည်။ နားမလည်သော်လည်း နားထောင်၍ အလွန်ကောင်း သည်။ သူတို့၏ မျက်လုံးအစုံများသည်လည်း ပွက်ပွက်ဆူနေသော ဟင်းရည်အိုးကြီးများဆီသို့ ရှိနေကြသည်။

လွယ်လာသော အိတ်များအတွင်းမှ အစိမ်းရောင်ကြာဖက်များဖြင့် ထုပ်လာသော အထုပ်များကို ကိုယ်စီဆွဲထုတ်ကြသည်။ အထုပ်မဖြေတတ်သည့် ကလေးငယ်များအား အမေဖြစ်သူများက ကူ၍ဖြေပေးနေကြသည်။ စိတ်ဝင်တစား ကြည့်လိုက်မိသည်။ အစိမ်းရောင် ကြာဖက်များဖြင့် ထုပ်လာကြသည်မှာ ထမင်းများဖြစ်သည်။

ကြာဖက်များကို ဖြေပြီး ဆိုင်ရှင်ဆီသို့ ပိုက်ဆံနှင့်အတူ ထိုးပေးလိုက်သည်။ ဆိုင်ရှင်ဖြစ်သူ အမျိုးသမီးက ယောက်ချိုဇွန်းကို ဟင်းရည်အိုးကြီးထဲသို့ နှစ်လိုက်သည်။ ဟင်းရည်ခပ်ယူသည်။ သူ၏ရှေ့တွင် မြောက်ကိုင်တန်းစီနေသော ထမင်းထုပ်များပေါ်သို့ ဟင်းရည်ပူပူများ လောင်းထည့်ပေးလိုက်သည်။

ဟင်းရည်ရပြီးသူများသည် သတင်းစာစက္ကူပိုင်းဖြင့် ထုပ်လာသော အထုပ်လေးများကို လွယ်လာသော အိတ်များအတွင်းမှ ထုတ်လိုက်ကြသည်။ စိတ်ဝင်တစား ကြည့်မိပြန်သည်။ ငရုတ်သီးအကျက်မှုန့်ထုပ်လေးများဖြစ်သည်။ ဟင်းရည်ပူပူ ဆမ်းထားသော ထမင်းပေါ်သို့ ငရုတ်သီးအကျက်မှုန့်ဖြူးလိုက်သည်။ သမအောင် လက်ဖြင့်နယ်ကြသည်။ ထမင်းလုပ် ကြီးကြီးလေးလုပ်ပြီး ပါးစပ်တွင်းသို့ အရှိန်ဖြင့် ပစ်သွင်းလိုက်သည်။ ထို့နောက် တို့ဟူးကြော်ပူပူလေးကို ကောက်ဝါးလိုက်သည်။ နဖူးစပ်မှ ချွေးများ ယိုစီးကျလာကြသည်။ ရေနွေးကြမ်း ငှဲ့သောက်သည်။ သူတို့ စားနေသည်ကို ကြည့်ပြီး ကိုယ်စိတ်ကိုယ်ထိန်းမရ။ စားချင်လာသည်။ ဧည့်သည်များ၏ အခြေအနေကိုကြည့်ပြီး ဝင်စားလိုက်သည်။

စာမျက်နှာ ၂၁ သို့

# လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းစွမ်းဆောင်ရည်မြှင့် သင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီလ ၂၁**
နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ်အတွင်းရှိ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံ တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေး တည်ဆဲမြေယာဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရန် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းစွမ်းဆောင်ရည်မြှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၉ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နေပြည်တော် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က သင်တန်းသားများအနေဖြင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုနှင့် ပတ်သက်၍ မြေပြင်ကွင်းဆင်းသည့်အခါ စနစ်တကျဆောင်ရွက်နိုင်ရန် သင်တန်းတွင်ပို့ချဆွေးနွေးတဲ့ ဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်ဆိုင်ရာ ပြဋ္ဌာန်းချက်များအပေါ် ဆောင်ရွက်ရမည့် မူဝါဒများကို ဂရုတစိုက်လေ့လာမှတ်သားရန် မှာကြားသည်။ ဆက်လက်၍ ဥတ္တရခရိုင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဆွေက လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီတွင် တောင်သူလယ်သမားကိုယ်စားလှယ်များ ပါဝင်သည့်အတွက် တောင်သူလယ်သမားများ၏ အခက်အခဲများကို အမှန်တကယ် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းအား မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီဝင် စုစုပေါင်း ၁၃၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်ခဲ့သည်။

သင်တန်းတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ချမှတ်ပေးထားသော မူဝါဒလမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေ၊ လမ်းမကြီးများ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာများ၊ သစ်တောဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ မြို့ပြမြေယာဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ မြို့ပြ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ၁၈၉၄ မြေသိမ်းအက်ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများအား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဥတ္တရခရိုင်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးအေးသောင်း၊ နေပြည်တော်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန တိုင်းဦးစီးမှူးဦးကျော်ဝင်း၊ နေပြည်တော် ရှစ်မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသားများတက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မင်းကွန်းတွင် နိုင်ငံခြားခရီးသွားများ ရေယာဉ်ဖြင့် လည်ပတ်မှုများ၍ ရေယာဉ်လုပ်သားများအဆင်ပြေ



**မန္တလေး ဇန်နဝါရီ ၂၁**
မန္တလေးမြို့သို့ လာရောက်လည်ပတ်ကြသော နိုင်ငံတကာမှ ခရီးသွားဧည့်သည်များမှာ မန္တလေး ဧရာဝတီမြစ်ဆိပ်ဖြစ်သည့် မရမ်းခြံဆိပ်မှ တစ်ဆင့် မင်းကွန်းဘက်သို့ ရေယာဉ်များဖြင့် သွားလာကြသည်။ အများအားဖြင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှု၍ရစေရန် လှပစွာတည်ဆောက်ထားသော ရေယာဉ်များဖြင့် စနစ်တကျ စီမံပေးထားသည်။ မင်းကွန်းဘက်သို့ နိုင်ငံတကာ ခရီးသွား ဧည့်သည် သွားရောက်လည်ပတ်မှုများသည့်အတွက် ရေယာဉ် ၂၉ စီးဖြင့် တစ်နေ့ နှစ်ခေါက်နှုန်း ပြေးဆွဲနေရသည့်အတွက် ရေယာဉ်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

စင်းလုံးငှား ရေယာဉ်များ၏ ခရီးစဉ်များတွင် မန္တလေး-မင်းကွန်း၊ မန္တလေး-မင်းကွန်း-စစ်ကိုင်း-မန္တလေး-အင်းဝ၊ မန္တလေး-ပုဂံ-မန္တလေး-ပြည်-မန္တလေး-ကျောက်မြောင်း၊ မန္တလေး-ဗန်းမော်အဖြစ် သတ်မှတ်ပြေးဆွဲကြောင်း သိရသည်။ အများစုသော စင်းလုံးငှားရေယာဉ်များမှာ ခရီးဝေးထက်ခရီးနီးဖြစ်သော မန္တလေး-မင်းကွန်းကို အဓိကထားပြေးဆွဲကြသည်။ စင်းလုံးငှား ရေယာဉ်မန္တလေး-မင်းကွန်း ခရီးစဉ်တွင် လူငါးဦးအတွက် ဈေးနှုန်းတစ်မျိုးနှင့် လူ ၁၀ ဦးအထက်တွင် ဈေးနှုန်းတစ်မျိုး လူဦးရေပေါ်မူတည်ကာ ယူကြသည်။

နိုင်ငံတကာမှ ခရီးသွားဧည့်သည်များသည် မင်းကွန်းဘက်သို့ သွားလာလည်ပတ်ရခြင်းကို အထူးနှစ်သက်ကြသည်။ ဧရာဝတီရဲ့ အလှကို ခံစားရသလို မင်းကွန်းဒေသမှ ကြီးလေးကြီးဖြစ်သော မင်းကွန်းခေါင်းလောင်းကြီး၊ ခြင်္သေ့ကြီး၊ ရေကန်ကြီး၊ ပုထိုးတော်ကြီးတို့မှ မြန်မာ့လက်ရာ ပန်းဆယ်မျိုး အနုပညာများကို လေ့လာကြသည်။ စုစုစည်းစည်းဖြင့် ဖွင့်လှစ်ပြသထားသော မြန်မာ့ရိုးရာ အနုပညာလက်ရာများ၊ ဒေသယဉ်ကျေးမှုသရုပ်ပြပန်းချီကားများစွာကို ပြခန်းများစွာဖြင့် စည်ကားစွာ ရောင်းချခြင်းများကြောင့် နေ့စဉ်စည်ကားလျက်ရှိသည်။ လေ့လာစရာများကို တစ်စုတစ်စည်းတည်း လေ့လာနိုင်သလို ဒေသခံများမှ နိုင်ငံတကာ ခရီးသွားဧည့်သည်များအတွက် သီးသန့်တင်ဆောင်ပေးသော ပေါင်းမိုးလှည်းများစီးခြင်းကိုလည်း အထူးနှစ်သက်သဘောကျကြသည်။

လက်ရှိကာလတွင် မင်းကွန်းဒေသသည်နိုင်ငံတကာ ခရီးသွားဧည့်သည်များစွာ စိတ်ဝင်စားသောဒေသအဖြစ် တည်ရှိနေသည်။ မင်းကွန်းဘက်သို့သွားလာမှုအဆင်ပြေရေးအတွက် မင်းကွန်း-မန္တလေးသွား ရေယာဉ်များက ဝန်ဆောင်မှုပေးလျက်ရှိသည်။ ရေယာဉ်ပေါ်တွင် ခရီးသည်များ သက်သောင့်သက်သာ ထိုင်နိုင်ရေးအတွက် မြန်မာ့ရိုးရာ ထန်းလျှော်ကုလားထိုင်များနှင့် ကြိမ်ကုလားထိုင်များကို စီစဉ်ပေးထားကြသည်။ အများစုမှာထန်းကုလားထိုင်ကို အသုံးပြုမှုများပြားပြီး ဧရာဝတီမြစ်ရှုခင်းနှင့် မင်းကွန်းအလှကို ကြည့်ရှုခံစားနိုင်အောင် စီစဉ်ထားသည့်အတွက် နိုင်ငံတကာ ခရီးသွားဧည့်သည်များ အထူးသဘောကျကြောင်း သိရသည်။

**တိမ်တမန်**

## အင်းဈေးလေး…

စာမျက်နှာ ၁၉ မှ

ဒေသခံ တိုင်းရင်းသားများ ဤဟင်းရည်နှင့် ထမင်းအား မည်သည့်အတွက်ကြောင့် နှစ်သက်ကြသည်ကို နားလည်သဘောပေါက်လိုက်မိသည်။

မည်သည့်အချိန်ကတည်းက ရောက်နေမှန်းမသိသော ကျွန်တော်၏ ဧည့်သည်များ ကျွန်တော်အပါအဝင် ဒေသခံများ အားပါးတရ စားသောက်နေကြသည်ကို ဓာတ်ပုံရိုက်ကြသည်။ ဗီဒီယို ရိုက်ကြသည်။ သူတို့ ပြုံးနေကြသည်ကိုကြည့်ပြီး ကျွန်တော်လည်း ပြုံးမိသည်။

ငွေရှင်းပြီး၍ မုန့်ဆိုင်မှထွက်လာသောအခါ ဧည့်သည်များကို ရှာမတွေ့ ဖြစ်ခဲ့သည်။ လိုက်ရှာသည်။ တွေ့ပါပြီ။ သူတို့အုပ်စုသည် မြေပြင်ပေါ်တွင် ခင်းကျင်း ရောင်းချနေသော ဆိုင်တစ်ဆိုင်တွင် ဝိုင်းအုံနေကြသည်။ သူတို့မည်သည့်အရာအား စိတ်ဝင်စားနေကြသည်ကိုသိရှိရန် ခေါင်းတိုး၍ ဝင်ကြည့်လိုက်မိသည်။ ရာသီပေါ် ဟင်းသီးဟင်းရွက်များ ရောင်းသည့် ဆိုင်လေးဖြစ်နေသည်။ သူတို့ စိတ်ဝင်တစားရှိနေကြသည်မှာ ဟင်းသီးဟင်းရွက်များမဟုတ်။ ထိုဟင်းသီးဟင်းရွက်များအား ချိန်တွယ်သည့် ချိန်ခွင်ဖြစ်နေသည်။ ချိန်ခွင်သည် ကျွန်တော်တို့သုံးသောချိန်ခွင်ကဲ့သို့ ခွက်နှစ်ခုမပါ။ ထိပ်ချွန် ငရုတ်ကျည်ပွေ့တွင် ကြိုးဆိုင်းပြီး ချိန်တွယ်သည့် ပစ္စည်းထည့်ရန် ခွက်တစ်ခုသာပါသည့် ချိန်ခွင်မျိုးဖြစ်သည်။ ကင်မရာများ၊ ဗီဒီယိုကင်မရာများ အသေအချာ ချိန်ရိုက်ကြသည်။ မြန်မာအလေးချိန် တစ်ပိဿာသည် အင်္ဂလိပ်အလေးချိန် ၃ ဒသမ ၆ ပေါင်နှင့် ညီသည်ဟု ရှင်းပြထားသဖြင့် ထိုချိန်ခွင်ကိုသုံး၍ အကြိမ်ကြိမ် ချိန်ကြည့်တိုင်း အလေးချိန် မှန်သဖြင့် အံ့အားသင့်ကြသည်။ အမှတ်တရပစ္စည်းအဖြစ် တစ်ယောက်တစ်ခု ဝယ်ယူကြသည်။

ဈေး၏အတွင်းပိုင်းသို့ ဆက်ဝင်ကြသည်။ ဝိုင်းအုံကြပြန်သည်။ သည်တစ်ကြိမ် အုံကြည့်ကြသောဆိုင်မှာ နေကြာစေ့လှော်ရောင်းသည့် ဆိုင်ဖြစ်သည်။ နေကြာစေ့လှော်ရောင်းသူသည် အခြောက်ခံထားသော နေကြာပန်းများအား အိတ်ကြီးတစ်ခုအတွင်းမှ ထုတ်လိုက်သည်။ ဝယ်သူလာလျှင် ထိုအခြောက်ခံထားသော နေကြာပွင့်များအား တုတ်ဖြင့် အကြိမ်ကြိမ်ရိုက်သည်။ ထွက်ကျလာသော နေကြာစေ့များမီးဖိုပေါ်ရှိ ဒယ်အိုးထဲသို့ တတောက်တောက်ဖြင့်ကျသွားသည်။ ဆားအနည်းငယ်ထည့်သည်။ အနံ့မွှေးသည်။ ခဏအကြာတွင် နေကြာစေ့လှော်နံ့မွှေးမွှေးလေးထွက်လာသည်။ ဆိုင်တွင် ထိုင်စားမည်ဆိုလျှင် စံပယ်နံ့သင်းနေသော ရေနွေးကြမ်းပေးသည်။ ပါဆယ်ထုပ်မည်ဆိုပါက သတင်းစာစက္ကူဖြင့်ပြုလုပ်ထားသော အိတ်ဖြင့် ထည့်ပေးသည်။ ဧည့်သည်များ ဆိုင်တွင်လည်း ထိုင်စားကြသည်။ လက်ဆောင် ပါဆယ်များလည်း ထုပ်ကြသည်။ ဆိုင်ရှင်၏ နေကြာစေ့ထုတ်လုပ်ပုံ အဆင့်ဆင့်ကို ဗီဒီယို၊ ဓာတ်ပုံတို့ဖြင့် မှတ်တမ်းတင်ကြသည်။ ဆိုင်ရှင်ပျော်နေသည်ကိုကြည့်ပြီး ကျွန်တော်လည်း ပျော်မိသည်။

ဈေး၏ အနောက်ဘက်ဆီသို့ ဆက်သွားကြသည်။ ရေစပ်စပ် ကုန်းမြေပျော့ကို နင်းကျော်ကြသည်။ နွားလှည်းများသည် အဆင်သင့်။ နွားလှည်းစီးရမည်ဆိုသောကြောင့် ဧည့်သည်များ ပျော်ကြသည်။ နွားလှည်းမစီးမီတွင် လှည်းများနှင့်အတူ ဓာတ်ပုံရိုက်ကြသည်။ ရယ်သံများသည် တသောသော။ လှည်းပေါ်သို့ရောက်သောအခါ လက်မကိုယ်စီထောင်ကြသည်။ အနီးဝန်းကျင်သို့ လည်ပတ်ကြသည်။

နွားလှည်းစီးပြီးသောအခါ ကမ်းစပ်သို့ ဆင်းပြီး လက်လှမ်းမီရာ ကြာပန်းများကို ခူးကြသည်။ ဒေသခံများဆွဲပေးသော ကြာပုတီးများကို လည်တွင်ဆွဲကာ ကကြသေးသည်။

ဈေးအနှံ့လည်ပြီသောအခါ လှေဆီသို့ ပြန်ကြသည်။ လှေလေးအား ရွှေ့ရုံသာလှော်ပြီး ဆောင်းခိုငှက်များရှိရာဆီသို့ သွားကြပြန်သည်။ အမျိုးအစားစုံလင်လှသော ဆောင်းခိုငှက်များကို ကြည့်ပြီး အံ့သြကြသည်။ စုတ်တသပ်သပ် ဖြစ်ကြသည်။ နှုတ်မှလည်း ပြောကြသည်။

"ဧည့်လမ်းညွှန်. . . မင်း. . . မြန်မာပြည်မှာ လူလာဖြစ်တာ ကံအရမ်းကောင်းတာပဲ။ ဗုဒ္ဓဘာသာကလည်း အေးချမ်းတယ်။ သဘာဝပတ်ဝန်းကျင်ကလည်း မပျက်စီးသေးဘဲ ဒီအတိုင်း ရှိနေသေးတယ်။ မင်းတို့ မြန်မာလူမျိုးတွေကို ပြောပေးပါ။ အေးချမ်းတဲ့ ဗုဒ္ဓဘာသာရယ်၊ မပျက်စီးသေးတဲ့ သဘာဝပတ်ဝန်းကျင်မှာရယ် ဒီအတိုင်းလေးပဲ ဆက်နေသွားပေးကြပါလို့။ ငါတို့ကို ဒီလိုစွဲမက်စရာကောင်းလွန်းလှတဲ့ နေရာလေးကို ခေါ်လာပေးလို့ မင်းကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်"

ဧည့်သည်များ၏ ကျေနပ်ပီတိဖြစ်သံများသည် ကျွန်တော့်အတွက် အားဆေးတစ်ခွက်ပင်ဖြစ်သည်။ နောင်တွင် ထပ်မံရောက်ရှိလာဦးမည့် ဧည့်သည်များအား နိုင်ငံတော်အတွက်ရော လူမျိုးအတွက်ပါ ဂုဏ်ယူစရာအတိရှိနေသော ဤနမ့်ပန်ဈေးဆီသို့ ခေါ်လာပါဦးမည်ဟု တွေးတောရင်း ကျွန်တော်တို့၏ လှေလေးသည် ကြည်လဲ့လဲ့ ကန်ရေပြင်ပေါ်တွင် တရိပ်ရိပ်ပြေးနေပြန်ပါသည်။ ကျွန်တော်တို့၏ ဦးတည်ရာသည်ကား ဧည့်သည်များ တည်းခိုရာ ဟိုတယ်ဆီသို့. . .။

## ကလေးစာပေပွဲတော်ပါဝင်ရေးပိုစတာများကပ်ထားပေး

**ကျောက်ဆည် ဇန်နဝါရီ ၂၁**
ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT) တွင် ဇန်နဝါရီ (၂၇၊ ၂၈၊ ၂၉) ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ)နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည့် ကလေးစာပေပွဲတော်အဖြစ် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲသို့ အများပြည်သူများတက်ရောက်လေ့လာပါဝင်ဆင်နွှဲနိုင်ရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများသည် ကျောက်ဆည်မြို့လူစည်ကားသည့် လမ်းဆုံလမ်းခွများ၊ မြို့မဈေးနှင့် အေးမြကြည်လင်ဈေးကြီးများ၊ အဝေးပြေးကားလက်မှတ်အရောင်းဆိုင်များနှင့် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံတို့တွင် ကြော်ငြာပိုစတာများ လိုက်လံ ကပ်ထားပေးလျက်ရှိနေကြောင်း သိရသည်။

အဆိုပါကလေးစာပေပွဲတော်တွင် ဆပ်ကော်မတီများဖွဲ့စည်းပြီး ပုံပြောပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ စက္ကူခေါက်ပြိုင်ပွဲများ၊ ကာတွန်းပြပွဲနှင့် ပုံတူပန်းချီရေးဆွဲခြင်းများ၊ပန်းချီပြိုင်ပွဲများ၊ အိမ်တည်ဆောက်မှုပြိုင်ပွဲများ၊ အရုပ်ဆက်ကစားနည်းများ၊ စကားပုံဆက်ကစားနည်းများ၊ (Game) ကစားနည်းများ၊ ကလေးစာပေမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲများ၊ စာပေဟောပြောပွဲများ၊ ကလေးစာဖတ်ခန်းသရုပ်ပြ အစီအစဉ်များနှင့် ဖြေဖျော်ရေးအစီအစဉ်များ ထည့်သွင်းကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင်ဆုရရှိသူများကိုလည်းနေ့စဉ်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

**သက်မောင် (ကျောက်ဆည်)**



# ငါးနှစ်တာကာလအတွင်း ရော်ဘာဈေးနှုန်း အမြင့်ဆုံးရောက်ရှိ၍ ခြံပိုင်ရှင်များ အဆင်ပြေလာ



**သထုံ ဇန်နဝါရီ ၂၁**
မွန်ပြည်နယ် သထုံမြို့နယ်တွင် ငါးနှစ်တာကာလအတွင်း ယခုနှစ်တွင် ရော်ဘာဈေးအမြင့်ဆုံး ရောက်ရှိလာသောကြောင့် ရော်ဘာစိုက်တောင်သူများ အဆင်ပြေကာ ယခင်နှစ်များက တွက်ခြေမကိုက်သဖြင့် ရပ်နားထားသည့် ခြံများ အစေးခြစ်လုပ်ငန်းများကို ပြန်လည်လုပ်ကိုင်လာကြကြောင်း သိရသည်။

"အရင်နှစ်တွေကဆို ဈေးက အတော်လေးကျတယ်။ အစေးခြစ်ကျွမ်းကျင်လုပ်သားကလည်းရှားတော့ ဈေးပိုပေးရတယ်။ တစ်ရာသီလုံးလုပ်တာတောင် အလုပ်သမားခ မကျန်ချင်ဘူး။ လက်ရှိကတော့ ပြီးခဲ့တဲ့ ငါးနှစ်အတွင်းမှာ ဈေးအမြင့်ဆုံးအချိန်ကို ပြန်ရောက်လာတော့ အရင်ကတွက်ခြေမကိုက်လို့ နားထားတဲ့ ခြံတွေကလည်း ပြန်လုပ်လာကြတယ်" ဟု သထုံမြို့နယ် ဝင်းပကျေးရွာမှ တစ်နိုင်တစ်ပိုင်ရော်ဘာခြံလုပ်ကိုင်သူ ဒေါ်နန်းမြင့်အေးက ပြောသည်။

ဒေသတွင်း ခြံလုပ်ကိုင်သူအများစုမှာ လက်ရှိအချိန်တွင် ရော်ဘာထုတ်လုပ်ရာတွင် ဈေးနှုန်းသင့်သည့် ဆာလဖြူရစ်အက်စစ်ကိုသာ အသုံးပြုနေရဆဲဖြစ်ပြီး ဈေးနှုန်းပိုမိုကောင်းမွန်သည့် အရည်အသွေးမြင့် ရော်ဘာများရရှိစေရန်အတွက် ဈေးနှုန်းမြင့်သည့် ဖောမစ်အက်စစ်ကို အသုံးပြုနိုင်ရန် ခက်ခဲနေသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရော်ဘာဈေးနှုန်းများမှာ ယခင်နှစ်က နောက်ဆုံးခြိပိတ်ဈေး နံပါတ် ၃ မှိုင်းကျ တစ်ပေါင်လျှင် ကျပ် ၈၀၀ ဝန်းကျင်၊ (ဒေသအခေါ်) နေလွတ် တစ်ပေါင်လျှင် ကျပ် ၇၅၀ ဝန်းကျင်၊ နေလှန်း တစ်ပေါင်လျှင် ကျပ် ၇၂၀ ဝန်းကျင်ခန့်သာရှိခဲ့သော်လည်း လက်ရှိအချိန်တွင် နံပါတ် ၃ မှိုင်းကျ တစ်ပေါင် ကျပ် ၁၂၂၀၊ နေလွတ် တစ်ပေါင်လျှင် ကျပ် ၁၁၈၀၊ နေလှန်းတစ်ပေါင်လျှင် ကျပ် ၁၁၅၀၊ ခါးစာ တစ်ပေါင်လျှင် ကျပ် ၅၆၀၊ အဆုပ်တုံးတစ်ပေါင် ကျပ် ၅၄၀ ဈေးပေါက်နေပြီး ဈေးနှုန်းများ ဆက်လက် မြင့်တက်လာရန်ရှိကြောင်း သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်ရှိ ရွှေလက်ဆောင် ရော်ဘာရောင်းဝယ်ရေးလုပ်ငန်းမှ သိရသည်။

**သက်ဦး(သထုံ)**

## ထိုင်းနိုင်ငံမှတစ်ဆင့်ကုန်ကြမ်းများရယူပြီး အိမ်သုံးဆပ်ပြာရည် ထုတ်လုပ်မှု ဈေးကွက်အတွင်း တွင်ကျယ်စွာရောင်းချ

**ရေး ဇန်နဝါရီ ၂၁**
ထိုင်းနိုင်ငံမှတစ်ဆင့် ကုန်ကြမ်းများကို အိမ်သုံးဆပ်ပြာရည်ဘူးများ တစ်ပိုင်တစ်နိုင် ထုတ်လုပ်မှုလုပ်ငန်းမှာ ၂၀၁၄ ခုနှစ်လောက်က စတင်ထုတ်လုပ်ဖြန့်ချိရောင်းချခဲ့ရာ ယနေ့အချိန်အခါတွင် ဈေးကွက်အတွင်း သုံးစွဲသူ လက်ဝယ်ထံ ပိုမိုတွင်ကျယ်စွာ ရောင်းအားကောင်းလာနေကြောင်း သိရသည်။

ထိုင်းနိုင်ငံကနေ ကုန်ကြမ်းဘူးခွံ ဆပ်ပြာရည်များကို အလွယ်တကူ မှာယူဝယ်ခဲ့ရသော်လည်း ထိုင်းဘတ်ငွေဈေးနှုန်း အပေါ်မှာ မူတည်ကာ ကုန်ကြမ်းဈေးတက်လျှင် ထုတ်လုပ်မှုလည်း ကျဆင်းလာပါတယ်။ ကုန်ကြမ်းဈေးနှုန်းက သက်သာရင်ပိုမိုထုတ်လုပ်ရတယ်။ ဝယ်လိုအားက ပွင့်လင်းရာသီတွေမှာ အရောင်းအဝယ်ပိုကောင်းပါတယ်" ဟု ရေးမြို့နယ် ဟံဂံကျေးရွာနေ ထုတ်လုပ်ဖြန့်ချိရောင်းချသူ ဦးမင်းထိုက်က ပြောသည်။

ငတိုးလေးက ကြိုးစလေးကိုလွှတ်လိုက် ပြန်ဖမ်းလိုက်ဖြင့် ပျော်နေလေရဲ့။ ဖိုးချွန် ရွာထဲသို့ရောက်လာပြီး

"ဦးလေးလှမောင် ဗျို့ ဦးလေးလှမောင်"

"ဟေ ဘာလဲကွ ဖိုးချွန်"

"ဟာ ဦးလေးကလည်း ကျွန်တော့်နာမည် ထွန်းကျော်ပါဗျာ"

"အေးပါကွာ ပြော ဘာလာချွန်ဦးမလို့လဲ"

"ကဲဗျာ အကောင်းပြောလည်းမယုံမှတော့ မပြောတော့ပါဘူး"

"ပြောမှာသာပြောစမ်းပါကွာ မင်းကလည်း"

ဖိုးချွန်ဟန်လုပ်ပြီး မပြောတော့ဘူးလို့ပြောနေတာကို သိနေပေမယ့် မကြားဘဲလည်းမနေနိုင်တာမို့ ပြောခိုင်းလိုက်ရသည်။

"ကပ္ပိယကြီး ဦးကံ ပြောသွားတာ ကျွန်တော် ကြားမိလိုက်လို့ပါ"

"မောင်ကံက ဘာပြောသွားလို့လဲ"

"ဩော် ကလေးတွေ တော်တော်ဆိုးတယ် ဝဋ်လိုက်မှာ မကြောက် ဘာမကြောက်နဲ့တဲ့"

ဖိုးချွန်က စကားဖြတ်ပြီး ဦးလှမောင်ကို အကဲခတ်လိုက်သည် ဦးလှမောင် မနေနိုင်တော့ အလျင်စလိုမေးလိုက်သည်။

"ဘာဖြစ်လို့လဲ ဘယ်သူ့ကိုပြောတာလဲ"

"ဦးလေးလှမောင်သား ငတိုးလေးကို ပြောတာဖြစ်မှာပေါ့။ ကပ္ပိယကြီး ဦးကံပြောတာကိုကြည့်လေ။ ဖအေက ဘုရားကိုးဆူဆရာလုပ်ပြီး သားကပုစဉ်းဖမ်း ကြိုးချည်ဆော့နေတာ။ မဆုံးမဘူးလားမသိဘူးတဲ့။ ဘုရားကိုးဆူဆရာဆိုလို့ ဒီရွာမှာ ဦးလေးလှမောင်အပြင် ဘယ်သူရှိသေးလို့တုံး"

ဖိုးချွန် ဦးလှမောင်ကို တစ်ချက်ကြည့်ပြန်သည်။ အိုကေ ဦးလှမောင် မျောသွားပြီ။ ဖိုးချွန်ပဲကွာ မယုံလို့ ဘယ်ရမလဲ။ စိတ်ထဲကကြိမ်းဝါးရင်း ဖိုးချွန်ကြိတ်ပြုံးနေမိပါသည်။ ဦးလှမောင်ကလည်း ဖိုးချွန်အကြောင်းသိနေတော့ နည်းနည်းတော့ စဉ်းစားပြီးမှ

"ငါ မောင်ကံကိုသွားမေးဦးမယ်။ ပိုသေချာအောင်ပေါ့"

ပြောပြီး ဖိုးချွန်ကို ပြန်အကဲခတ်သည်။ ဖိုးချွန်က ဘာမှမဖြစ်သလိုနေပြီးတော့မှ

"မေးချင်လည်း သွားမေးပေါ့။ ကပ္ပိယကြီးက ပြောသေးတာ။ ဆရာတော့်ကိုပါ လျှောက်ထားဦးမှလို့ ပြောလို့ ကျွန်တော်ကတောင် ဟာ ကပ္ပိယကြီးကလည်း ဆရာတော်သိရင် ဦးလေးလှမောင်ကို ခေါ်တွယ်မှာပေါ့။ ဦးလေးလှမောင်ကို ကျွန်တော်ပြောလိုက်ပါ့မယ်။ သူ့သားကို သူဆုံးမမှာပါ။ ဒီကိစ္စလေးနဲ့တော့ ဆရာတော်ကို ပြောမနေပါနဲ့လို့ပြောလိုက်ရတယ်။ ကလေးကမသိလို့ဆော့တာ။ ကျွန်တော်တောင် ပုစဉ်းတစ်ကောင်ဖမ်းပေးမိလိုက်သေးတယ်။ မသိလို့ပါပြောတော့ အေးအေးမလုပ်ကြနဲ့ ဝဋ်လိုက်တတ်တယ်ကွလို့ပြောပြီး ထွက်သွားတာပဲ"

ဖိုးချွန်၏စကားကြောင့် ဦးလှမောင်ငြိမ်သွားလေတော့သည်။ ကပ္ပိယကြီးကိုမေးမှ ဆရာတော့်နားပေါက်ကြားသွားလျှင်အခက်။ ဆရာတော်ကိုတော့ ညောင်ပင်သာ တစ်ရွာလုံး ကြောက်ကြရသည်လေ။

ဤသို့ဖြင့် ဖိုးချွန်၏ကောင်းမှုကြောင့် ငတိုးလေးခမျာ ဆော်ပလော်အတီးခံရလေတော့သည်။ သည်နေ့ ကျောင်းဆင်းချိန်မှာ ရွာမြောက်ပိုင်း ကြီးတော်ရွှေမြရဲ့ နွားအုပ်ကလည်း လွှတ်ချလိုက်တာနဲ့တိုးတော့သည်။ ကြီးတော်ရွှေမြဆိုတာ ဖိုးချွန်အဖေ ဦးထွန်းခင်ရဲ့ အစ်မအကြီးပေါ့။ ဘကြီးဖြိုးဆုံးပါးပြီး သားတစ်ယောက်ကလည်း စစ်ထဲမှာဆိုတော့ ကြီးတော်တစ်ယောက်တည်းမို့ အဲဒီနွားအုပ်ကို ဖိုးချွန်မကြာခဏ ကျောင်းပေးရသည်။ နွားအုပ်က ရွာလယ်လမ်းအတိုင်းသွားပြီး ရွာတောင်ဘက်မှာ စိမ့်အိုင်နဲ့ မြက်ခင်းရှိတဲ့ကွင်းမှာ စားကျက်လုပ်တာလေ။

ဖိုးချွန်က လွယ်အိတ်ကိုလည်ပင်းမှာချိတ်ပြီး လက်နှစ်ဖက်ကို လွယ်ကြိုးအတွင်းမှလျှိုကာ လွယ်အိတ်ကို ခေါင်းပေါ်ကျော်ပြီး နောက်ကျောဘက်ကိုချလိုက်တော့ ကျောပိုးအိတ်ဖြစ်သွားတာပေါ့။ လက်ကထိန်းစရာ မလိုတော့ဘူးလေ။ နွားအုပ်ထဲမှာပါတဲ့ ကျောက်နီဆိုတဲ့ နွားသိုးတစ်ကောင်က ဖိုးချွန်စီးနေကျ စီးတော်နွားပေါ့။ ကျောက်နီကို စီးပြီး နွားကျောင်းနေကျပါ။ ဒီနေ့လည်း ဖိုးချွန် ကျောင်းအဆင်းနဲ့တိုးနေသည်မို့ ကျောက်နီကျောပေါ် ခွတက်လိုက်ပြီး နွားအုပ်ကိုမောင်းလေတော့သည်။ ပါးစပ်မှလည်း

"ဗိုလ်အောင်ဒင်လာပြီဟေ့ လွတ်အောင်ရှောင်ကြနော်၊ ဟေး. . . ဟေး. . . "

ဖိုးချွန်၏အော်ဟစ်မောင်းမှုကြောင့် နွားအုပ်ကြီးမှာ ရွာလမ်းအတိုင်း ဒုန်းစိုင်းပြေးလေတော့သည်။ နွားအုပ်ကြီးကြောင့် ရွာမြောက်ဘက်ရှိကျောင်းမှ တောင်ဘက်နှင့် ရွာလယ်ပိုင်းသို့ပြန်ကြရသော ကျောင်းသားများမှာ နွားအတိုးမခံရအောင် နီးစပ်ရာအိမ်ခြံများအတွင်း ဝင်ပြေးကြရလေသည်။ ရွာလယ်လမ်းမှာ ရေထမ်းလာသော ကိုချစ်ညိုကြီးလည်း နွားအုပ်ကိုရှောင်ရင်း ရေပုံးများ မှောက်ကုန်လေတော့သည်။

ဖိုးချွန်ကား ကျောက်နီ၏ကျောပေါ်မှ ဟန်ပါပါဖြင့် တဟားဟားရယ်ရင်း ကျေနပ်ပျော်ရွှင်နေလေသည်၊ သည်တစ်ခါ ဖိုးချွန်အပျော်ဆုံးဖြစ်လေသည်။ အရင်ကဆိုလျှင် ဖိုးချွန်တို့ကျောင်းဆင်းပြီးမှ ကြီးတော်ရွှေမြရဲ့နွားတွေ လွှတ်နေကျ။ ဒီနေ့ ကျောင်းမှာဆရာမကြီး မိန့်ခွန်းပြောနေလို့ နောက်ကျသွားတာနဲ့ ကျောင်းအဆင်းနဲ့ နွားအလွှတ်ဆုံသွားတာပါ။ ဖိုးချွန်အဖို့ကတော့ ဒီတစ်ချီတည်းနဲ့ တစ်ရွာလုံးကိုနောက်ရလို့ ပျော်နေတယ်။ ကိုချစ်ညိုကြီးရဲ့ ရည်းစား မခင်တုတ်ကြီးလည်း ဖိုးချွန်ကောင်းမှုကြောင့် ရေအိုးကြီးကျကွဲသွားတယ်လေ။ ကောင်းဘွိုင် ဖိုးချွန်ရဲ့ နွားအုပ်ကြောင့် တစ်ရွာလုံး ဗရုတ်သုတ်ခဖြစ်ခဲ့ပြီး ဖိုးချွန်တို့အိမ်ရှေ့နားအရောက်မှာတော့ ဖိုးချွန်က ကျောက်နီကို စုတ်သပ်ပြီး အရှိန်လျှော့ကာခုန်ဆင်းလိုက်တယ်။ တစ်ကိုယ်လုံး ဖုန်မှုန့်နဲ့ ချွေးများနှင့် ပေတူးနေပြီး အိမ်ခြံဝင်းအတွင်း ဝင်လိုက်သည်နှင့်

"သား သားလေး ထွန်းမော် ထွန်းမော် သားလေး လုပ်ကြပါဦး။ ကျွန်မသားလေး ခေါ်လို့မရတော့ဘူး"

ဖိုးချွန်အမေ မစန်းမော်၏ အော်ငိုသံကြောင့် ဖိုးချွန် အိမ်အတွင်းသို့ အပြေးဝင်သွားရင်း

"အမေ ညီလေးဘာဖြစ်လို့လဲ"

"သားကြီးဖိုးချွန် မင်းညီလေးကိုကြည့်ပါဦး။ မင်းကျောင်းအပြန်ကို ထွက်ကြိုနေရင်း ခုနနွားအုပ် ဝင်တိုးသွားတာလေ"

"ဟင် နွားတွေနင်းမိသွားတာလား"

"မနင်းမိပေမယ့် တိုးမိလိုက်တော့ လွင့်ပြီး ခြံတိုင်နဲ့ ဆောင့်မိသွားတယ်ထင်တယ်။ အမေကလည်း ထမင်းအိုးတည်နေတုန်း သေချာမသိလိုက်ပါဘူး"

မစန်းမော်၏အသံကြောင့် အိမ်နီးနားချင်းများ ရောက်လာကြပြီး ကိုထွန်းခင်လည်း ပြန်ရောက်လာသည်။

"ဘယ်လိုဖြစ်တာလဲကွာ ဒါအစ်မရွှေမြ နွားတွေ မဟုတ်လား။ အရင်ဆို ရွာလမ်းအတိုင်း ဖြည်းဖြည်းသွားနေတဲ့ နွားတွေပါ။ ဒီနေ့မှ ကဆုန်ပေါက်သွားရတယ်လို့တောက်"

ကိုထွန်းခင် နာကြည်းစွာ တက်တစ်ချက်ခေါက်လိုက်သည်။ ဖိုးချွန်တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။ ထွန်းမော်သည် သူ၏ အချစ်ဆုံးညီလေးပါ။ ဖိုးချွန် ကျောင်းကပြန်တိုင်း ညီလေးဖို့ မုန့်တစ်ခုအမြဲပါနေကျမို့ ဒီနေ့လည်း သူ့ကိုစောင့်ရင်း နွားတိုးခံလိုက်ရခြင်း ဖြစ်လေသည်။ ဘကြီးအောင်ရောက်လာပြီး စမ်းသပ်ရာ

"ဆောင့်မိတဲ့အရှိန်ရယ် ကလေးက လန့်သွားတာရယ်ကြောင့် အသက်ပါထွက်သွားတာပါပဲကွယ်"

ဖိုးချွန် ခုမှသတိရသဖြင့် လွယ်အိတ်ကိုဖြုတ်လိုက်ပြီး နှိုက်ကြည့်လိုက်သည်။ ကြက်ဥကိတ်မုန့်အလုံးလေးမှာ ပြားချပ်၍နေလေပြီ။ သူ၏အပျော်လွန်မှုကြောင့် ခုတော့ ညီလေးသေရပြီ။ ဖိုးချွန် ခုမှနောင်တကြီးစွာရလေပြီ။ တစ်ချိန်က အနောက်အပြောင်သန်လွန်းသဖြင့် ရွာထဲမှ

"ဟဲ့ နင်သူများတွေကိုအရမ်းနောက်တာ ဝဋ်လည်မယ်နော်"ဟု ပြောတဲ့သူတွေကို ဖိုးချွန်က

"ဝပ်ပြီးလည်တာ ဂျင်ဗျ။ မြောက်ပြီးလည်တာ ပန်ကာပါဗျာ ဟား ဟား ဟား. . . "

ခုတော့ ဂျင်နဲ့ ပန်ကာသည်လည်း ဖိုးချွန်ကို မကယ်နိုင်တော့ပေ။ ဖိုးချွန် ပြန်လည်ပေးဆပ်လိုက်ရသော ဝဋ်ကြွေးသည်ကား အကြီးမားဆုံးမဟုတ်ပါလား။ ဝဋ်ဆိုတာ လျင်မြန်လှသော ရောင်ပြန်အလင်းတန်းတစ်ခုဆိုတာ ဖိုးချွန်တစ်သက်တာ နားလည်သွားမိပါတော့သည်။ ။

## လှပယဉ်ကျေး မြန်မာမလေး

မြန်မာမလေး လှပဂေး
ယဉ်ကျေးလုံခြုံ ဝတ်ဆင်လေ။
ဆံကေသာထုံး ခရေကုံး
ခပ်ခုံးခုံးလေး ပန်ဆင်လေ။
ရင်ဖုံးရိုးရိုး ချည်ပန်းထိုး
လှတိုးယဉ်ဆင့် မြန်မာရှင့်။
ချိတ်လုံချည်လေး ဝတ်ဆင်ပေး
အေးဆေးယဉ်စ သူ့အလှ။
ဇာပဝါပါး ပခုံးလွှား
ဝင့်ကြွားယဉ်စ သူ့အလှ။
ရှင်မတောင်သွေး တကယ်မွှေး
ခပ်ရေးရေးလေး လိမ်းကာလေ။
ပုံတော်ဖိနပ် ဖဝါးထက်
သပ်သပ်ရပ်ရပ် ဝတ်ဆင်လေ။
ကုဋေတစ်သန်း ခြေတစ်လှမ်း
ခမ်းခမ်းနားနား သူ့အလှ။
မြင်သူဘဝင် စိတ်ကြည်လင်
ချိုလွင်ပြုံးစ သူ့အလှ။
မြန်မာ့အလှ တယ်ယူကြ
တိုင်းတစ်ပါးက လေးစားရ။
ကမ္ဘာ့အလယ် ဂုဏ်ယူဖွယ်
တင့်တယ်လှပ မြန်မာဗျို။ ။

မဒီ(လှိုင်)

# ရင်ဖွင့်သံစဉ်

စိုးပြည့်စုံ(လင်းရိပ်)
ပထမနှစ်ဆေးဝါးတက္ကသိုလ် (ရန်ကုန်)

ကျွန်တော့်နာမည်က မြန်မာဆန်ဆန် တဖွဲ့တနွဲ့ပြောရရင် "မျက်နှာစာအုပ်"ပါ။ ဒါက တိုက်ရိုက်ဘာသာပြန်ထားတဲ့ စာလုံးဆိုလည်း မမှားပါဘူး။

ကျွန်တော့်ကို တီထွင်ခဲ့တဲ့နိုင်ငံက လူတွေအတိုင်း ဘိုဆန်ဆန်ပြောရရင်တော့ "Facebook"လို့ တံတွေးစင်လောက်အောင် ခေါ်နိုင်ပါတယ်။

ကျွန်တော့်နေရပ်လိပ်စာက အတည်တကျမရှိပါဘူး။ များလွန်းအားကြီးတယ်လေ။ ကျွန်တော်က များသောအားဖြင့် လူသားအားလုံးရဲ့ဖုန်းများမှာ ကိုယ်တွေခွဲပြီး နေတယ်။ ကျွန်တော့်ရဲ့သင်္ကေတစာလုံးလေးကတော့ ရိုးရိုးရှင်းရှင်းလေးပဲ "F"တဲ့။

ကျွန်တော့်ရဲ့လက်ရှိအလုပ်အကိုင်ကတော့ နည်းနည်းရှုပ်တယ်ဗျ။ ကျွန်တော်ကတော့ ကျွန်တော့်အလုပ်လေးကို "လူသားအသီးသီး၏ဆန္ဒများ ဖော်ထုတ်ပြသပေးခြင်း" လို့ စာဆန်ဆန်ပေဆန်ဆန် ဂုဏ်ယူစွာနဲ့ အမည်မှည့်ထားလေရဲ့။ ကျွန်တော်ဘာလို့ ဒီလိုနာမည်လေးပေးရတာလဲဆိုတာ နည်းနည်းရှင်းပြပါရစေ။

လူတွေက ကျွန်တော့်ကို စဖွင့်လိုက်တာနဲ့ သူတို့ခံစားချက်တွေကို တစ်နည်းမဟုတ်တစ်နည်းနဲ့ ပြောခိုင်းတော့တာပဲဗျ။ တချို့က သူတို့ဒီနေ့ ဘယ်သွားဖြစ်တယ်။ ဘာတွေ လုပ်ဖြစ်တယ်။ ဘာတွေမြိန်ရေရှက်ရေ စားသောက်ခဲ့တယ်။ ဘယ်သူတွေနဲ့တွေ့ခဲ့တယ်။ ဘယ်လိုအမှတ်တရတွေဖြစ်ခဲ့တယ်။ စတာတွေကို ဓာတ်ပုံနဲ့တစ်မျိုး၊ ဗီဒီယိုအသေးစားလေးနဲ့တစ်ဖုံ၊ စာအရှည် အတို အလတ်တွေ လက်ညောင်းအောင်ရေးပြီးတော့တစ်လီ ကျွန်တော့်ရဲ့ status ဆိုတဲ့နေရာလေးကတစ်ဆင့် တစ်နိုင်ငံလုံးသိအောင် ပြောပြခိုင်းကြတာဗျ။

အဲ. . အဲလို ကျွန်တော်က ပြောပြလိုက်တော့ လူတွေက Like ဆိုတဲ့စာလုံးလေးတွေ ပြန်ပေးကြတယ်။ အဲဒီမှာ ကျွန်တော်သိလိုက်တာတစ်ခုရှိတယ်။ လူတွေက ပြိုင်ဆိုင်လိုစိတ် ပြင်းထန်လွန်းတယ်ဆိုတာပါပဲ။ သူတို့တွေက တစ်ယောက်နဲ့တစ်ယောက်တွေ့လိုက်ရင် အဲဒီ Like ဆိုတဲ့စာလုံးအရေအတွက် အနည်းအများကို အချင်းချင်းကြွားဝါပြိုင်ဆိုင်ပြောဆိုကြတယ်။ နည်းတဲ့သူက ခေါင်းတောင် မဖော်ရဲလောက်အောင် ပြိုင်ချက်ကပြင်းပါတယ်။ မတည့်တဲ့သူတွေကျပြန်တော့လည်း block ဆိုတာလေး လုပ်ပြီး လျစ်လျူရှုထားရတာပေါ့လေ။

တချို့လူတွေကျတော့လည်း ခက်ပါတယ်ဗျာ။ ကျွန်တော်က ဘာသာစကားမျိုးစုံတတ်ပါတယ်။ သင်တန်းတွေ လျှောက်တက်ထားလို့တော့မဟုတ်ပါဘူး။ ကျွန်တော်အဲလိုတတ်ပေမယ့် တစ်ခါတလေ လူတွေက ကျွန်တော်ကိုယ်တိုင်တောင် နားမလည်နိုင်တဲ့ ဘာသာစကားတွေသုံးပြီး ပြောပြခိုင်းတယ်ဗျ။ ကျွန်တော့်ကို နေရာစုံမှာ အချိန်မရွေးအသုံးပြုကြတယ်။ အိမ်တွေမှာ၊ ကျောင်းတွေမှာ၊ ရုံးဌာနတွေမှာ၊ ဘတ်စ်ကားပေါ်တွေမှာ၊ အများပြည်သူနဲ့ သက်ဆိုင်တဲ့ ရုပ်ရှင်ရုံတို့ ပန်းခြံတို့တွေမှာ၊ စာသင်နေတုန်းမှာ၊ လမ်းလျှောက်နေတုန်းမှာ၊ အလုပ်လုပ်နေတုန်းမှာ၊ အဲလို အဲလိုအချိန်တွေ၊ နေရာတွေမှာ ကျွန်တော့်ကို ခိုင်းစေအသုံးပြုကြတယ်။ လူတန်းစားပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံကလူတွေလည်း သုံးကြပါတယ်။ ယဉ်ကျေးမှုနည်းပါးတဲ့လူတွေလည်း ကျွန်တော့်ကို သုံးစွဲကြပါတယ်။

သူများတွေက ကျွန်တော့်ကို သူတို့အကြောင်းတွေ ပြောခိုင်း။ ကျွန်တော်ကပြောပေး။ ယဉ်ကျေးမှုဆိုတာ ခေါင်းထဲမထည့်တဲ့လူတွေက ကျွန်တော့်ကို ဆဲဆိုခိုင်းတယ်ဗျာ။ ပြောခိုင်းလိုက်ကြတာ။

ကျွန်တော်သာ သူတို့ကို ပြန်ပြီးလွန်ဆန်နိုင်ရင် သူတို့ခိုင်းသမျှ ဘာမှမလုပ်ပေးဘဲတောင် နေပစ်လိုက်ချင်တယ်။ အခုတော့ သူတို့ပြုသမျှနုရတဲ့ဘဝမှာ ကျွန်တော်က ရန်ပွဲတွေကြားက ဖျန်ဖြေသူမဟုတ်ခဲ့ပါဘူး။

အော် ကျွန်တော့်အကြောင်းပြောရရင် ကျွန်တော့်ရဲ့အခင်ဆုံး၊ ကျွန်တော်နဲ့ ဘယ်ဖုန်းထဲမှာပဲဖြစ်ဖြစ် အမြဲမခွဲဘဲ တတွဲတွဲနေလေ့ရှိတဲ့ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကိုလည်း ထည့်ပြီးမိတ်ဆက်ပေးရမယ်ဗျ။

သူ့ကို ကျွန်တော်ကတော့ စာပို့စာသွင်းသိုလှောင်ရုံလို့ ချစ်စနိုးနဲ့ခေါ်သဗျ။ သူကတော့ သူ့ကိုယ်သူ ဘိုဆန်ဆန်ပဲ Messenger တဲ့။

လူတွေက ကျွန်တော့်ကို သူတို့ဖုန်းထဲသွင်းရင် ကျွန်တော့်သူငယ်ချင်းကိုလည်း အဖော်သွင်းပေးတယ်ဗျ။ ကျွန်တော့်အတွက် အပေါင်းအသင်းရတာပေါ့ဗျာ။ သူ့အလုပ်ကတော့ ကျွန်တော့်ထက်မြင့်တယ်ဗျ။ ကျွန်တော်က သူများပြောချင်တာတွေကို တစ်ဆင့်ပြောပေးရတာ။ သူကကျတော့ လူတွေက သူ့ရှိမှ အချင်းချင်းပြောဆိုဆက်သွယ်နိုင်တဲ့ အထာမျိုးနဲ့ဗျ။ သူသာမရှိရင် လူတွေအချင်းချင်း အဆက်အသွယ်မရှိတော့လောက်အောင် အရေးပါလွန်းတဲ့ ကျွန်တော့်သူငယ်ချင်းပါ။

ကျွန်တော်နဲ့ စကားလက်ဆုံပြောဖြစ်တဲ့အချိန်တွေကျရင် သူကလည်းညည်းတွားပါတယ်။ အခုတစ်လောသူ့ကြောင့် ကမ္ဘာမှာ အမှုအခင်းတွေများလာတယ်တဲ့။ သူပြောတာကို ကျွန်တော်က နားမလည်လို့ ဘာလို့လဲလို့ ပြန်မေးတော့ မင်းလည်းသိသင့်သလောက်သိတာပဲကွာတဲ့။ လူတွေက မင်းကိုပြောခိုင်းတယ်မှတ်လားတဲ့။ Messenger ကစကားပြောရင်း သမီးရည်းစားဖြစ်သွားရာက အပြင်မှာချိန်းတွေ့ကြတော့ ခဲအိုနဲ့ ခယ်မဖြစ်နေတာတို့၊ Messenger ကနေ သိကျွမ်းရာက အပြင်မှာတွေ့တော့ ဓားပြပြီး ပိုက်ဆံတောင်းတဲ့ လူငယ်ဓားပြဖြစ်နေတာတို့၊ အဲဒါတွေက ငါ့ကြောင့်ဖြစ်တယ်လို့ ခံစားနေရပြီး ငါ့ကိုယ်ငါ အပြစ်ရှိတယ်လို့ခံစားနေရတယ်လို့ ရင်ဖွင့်ရှာပါတယ်။ ကျွန်တော်ကတော့ တစ်ခွန်းတည်းပဲ ပြတ်ပြတ်သားသား အဖြေပြန်ပေးခဲ့ပါတယ်။ "မင်းက အသုံးချခံရတဲ့ မြေဇာပင်ဖြစ်နေတာပါကွာ"လို့ဆိုတော့ သူ့သက်ပြင်းသံကို ကြားလိုက်ရသလိုပါပဲ။

ကျွန်တော်ကြားဖူးတဲ့ ဆရာကြီးရွှေဥဒေါင်းရဲ့ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များမဟုတ်ပေမယ့် Facebook ဆိုတဲ့ ကျွန်တော့်ရဲ့ တစ်ခဏတာမှတ်စုနှင့် ပြောဆိုသံများဆိုတဲ့စကားဝိုင်းလေးကိုတော့ အခုနိဂုံးချုပ်ချင်ပြီဗျာ။

နောက်ဆုံးအနေနဲ့ တိုက်တွန်းပြောဆိုရရင် ကျွန်တော့်ကို ကောင်းတဲ့နေရာမှာ အကျိုးရှိရှိအသုံးချပေးကြပါလူသားတို့။ ကျွန်တော့်ကြောင့် ဘာသာစကားကင်းမဲ့ခြင်း ဒုက္ခများလည်း မဖြစ်ရလေအောင် ကာကွယ်ကြပါလူသားတို့။ လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။ အသိတရားနဲ့ ဆင်ခြင်ဉာဏ်ပေါင်းစပ်ကာ တွေးနိုင်၊ ပြောနိုင်၊ ရေးနိုင်ကြပါစေ။

စာကြွင်း။ ။ ကျွန်တော့် သူငယ်ချင်းကလည်း ကျွန်တော့်အတိုင်းပဲ ဆုတောင်းပါတယ်လို့ သူငယ်ချင်းတို့ကို ပြောခိုင်းလိုက်ပါတယ်ခင်ဗျာ။ ။

## အထာ

○ ကောင်းသောပြောင်းလဲခြင်းမှာလည်း
အခက်အခဲတော့ရှိစမြဲ။
○ ပုဆိုးလုံချည်အသစ်ကျပ်ချွတ်
ကျွတ်မကျတာကလွဲရင်
ဝတ်လို့အဆင်မပြေတတ်သလိုမျိုး
ရှိုးတိုးရှန့်တန့်တော့ ဖြစ်ဖူးမှာပဲ။
○ ဖိနပ်အသစ်ဝယ်စီး ခရီးသွားကြည့်လိုက်ပါ
အဟောင်းလိုအထာမကျ
အချိန်ခဏတော့ ယူကြရစမြဲ။
○ ရာထူးတိုးတဲ့ဝန်ထမ်း
အလုပ်ခန်းပြောင်းထိုင်
စတိုင်လ်ရသလိုလိုနဲ့
အထိုင်ကျအောင် ကြိုးစားရမြဲ။
○ ထမင်းဖက်ထုပ် လက်ဆုပ်စားသူက
ဇွန်းခက်ရင်း ကြွေပန်းကန်ကို
အနေမှန်အောင် အကိုင်ခက်မှာပဲ။
○ စီးနေကျ ကား စက်ဘီး ဆိုင်ကယ်
ကျွမ်းကျင်တယ် ဘယ်သူပြောပြော
အသစ်ပြောင်းစီးရင် အကြောသိဖို့
အချိန်တွေ ခဏမျှော်ကြည့်ကြရတာပဲ။
○ ကျွမ်းကျင်သူမြင်းသမားလည်း
စားကျက်ခင်းမှာတွေ့တဲ့မြင်းတွေတိုင်း
အထာမကျခင် ဒုန်းမစိုင်းရဲ။
○ အချိန်ယူ ကြိုးမညှိရင်
ဂစ်တာအသစ်ပင်ဖြစ်ပါစေ
သံစဉ်တွေ ကမောက်ကမ
နေသားတကျဖြစ်ဖို့ခက်မှာပဲ။
○ အပြောင်းအလဲမှာအထာကျဖို့
အချိန်တစ်ခုဟာ မဖြစ်မနေလိုအပ်မြဲ။
○ အထာ
ကောင်းသောစနစ်မှာ အထာကျ
မကောင်းသောစနစ်ဟာ ပြာကျပါစေ။

**အောင်မြင့်(ချင်းတွင်း)**

## တစ်ဦးမေတ္တာ တစ်ဦးမှာ

နိုဗာ
B.C.Sc(Hons)Q

အမျိုးသားတစ်ယောက်က အဘွားအိုကြီးရောင်းတဲ့ လိမ္မော်သီးတွေကို အမြဲဝယ်လေ့ရှိတယ်။ သူ့စိတ်ကြိုက်လိမ္မော်သီးတွေ ရွေးပြီးတာနဲ့ ကီလိုချိန်တယ်။ အဲဒီအတွက် ကျသင့်ငွေတွေရှင်းပြီး သူ့လွယ်အိတ်ထဲပဲ ထည့်ယူသွားတယ်။ ဒါပေမယ့် အဲဒီလို လွယ်အိတ်ထဲ လိမ္မော်သီးတွေ ထည့်တိုင်း သူလုပ်လေ့ရှိတာကတော့ ပိုက်ဆံရှင်းပြီးသားလိမ္မော်သီးအားလုံး လွယ်အိတ်ထဲထည့်ပြီးတာနဲ့ လိမ္မော်သီးတစ်လုံးကို အိတ်ထဲက ပြန်ထုတ်တယ်။ ဆိုင်မှာပဲ အခွံခွာပြီး လိမ္မော်သီးကို စားကြည့်တယ်။ ပြီးတော့ "ဒီလိမ္မော်သီးက တအားချဉ်တာပဲ"လို့ လိမ္မော်သီးတစ်စိတ်ကိုစားရင်း သူကပြောပြီးတာနဲ့ ကျန်တဲ့တစ်လုံးလုံးကို ဆိုင်ရှင်အဘွားကြီးကို ပေးလိုက်တယ်။ အဘွားအိုကြီးကလည်း တစ်စိတ်စီစားကြည့်ရင်းနဲ့

"ဘာဖြစ်လို့လဲ။ မချဉ်ပါဘူး။ သူက ချိုပါတယ် လူကလေးရဲ့"လို့ ပြန်ပြောတယ်ဆိုရင်ပဲ အဲဒီလူဟာ သူ့ရဲ့လိမ္မော်သီးအိတ်ကလေးလွယ်လို့ ထွက်သွားနှင့်ပြီ ဖြစ်တယ်။ ဒီအပြုအမူဟာ သူလိမ္မော်သီးလာဝယ်တိုင်း လုပ်နေကျပါပဲ။

တစ်ခါတော့ သူနဲ့ အမြဲတူတူလိုက်လာတဲ့ ဇနီးဖြစ်သူက နားမလည်နိုင်စွာ မေးတယ်။

"အဲဒီ အမေကြီးဆိုင်က လိမ္မော်သီးတွေက အမြဲချိုပါတယ်။ ဒါပေမယ့် ရှင်ကဘာကြောင့် အဲဒီလိုပဲ အမြဲလုပ်နေရတာလဲ"

ထိုအခါ ယောကျ်ားဖြစ်သူက ပြုံးပြီးပြောတယ်။

"အမေကြီးက ချိုမြိန်တဲ့လိမ္မော်သီးတွေ အမြဲရောင်းပေမယ့် ပိုက်ဆံမတတ်နိုင်လို့ သူ့လိမ္မော်သီးတွေကို သူတောင်မစားဖူးဘူး။ ငါဒီလိုလုပ်လိုက်တဲ့နည်းနဲ့ သူက မြည်းကြည့်ရင်းပဲဖြစ်ဖြစ် သူ့ပိုက်ဆံတစ်ပြားမှမကုန်ဘဲ လိမ္မော်သီးချိုချိုလေးတစ်လုံး စားလိုက်နိုင်တာပေါ့တဲ့"

ဒီလိုပဲ အဘွားအိုရဲ့ဘေးဆိုင်က ဈေးသည်မိန်းမကလည်း အဲဒီအမျိုးသားကို ပြစ်တင်ဝေဖန်တယ်။

"ရှင့်ဆိုင်က လိမ္မော်သီးတွေက ချိုရဲ့သားနဲ့ အဲဒီလူက အမြဲချဉ်တယ်ပြောတယ်။ ဒါတောင် ရှင်က အမြဲအဆစ်ပိုထည့်ပေးတယ်နော်"

ဒီစကားကြားတော့ အမေအိုကြီးက ကျေကျေနပ်နပ်ပြုံးလိုက်ရင်း. . .

"သူဒီလိုလုပ်တာ ငါ့ကို လိမ္မော်သီး အလကားကျွေးချင်လို့ဆိုတာ ငါသိတယ်။ ငါက အဆစ်ထည့်ပေးတာ မဟုတ်ပါဘူး။ သူ့ရဲ့ မေတ္တာတရားက အလေးသာသွားတာပါ"လို့ ပြောပြလိုက်ပါတယ်။

ဘဝရဲ့ပျော်ရွှင်မှုတွေဟာ ဒီလိုသေးငယ်တဲ့ ချစ်စရာအပြုအမူလေးတွေလိုပဲ လူသားအချင်းချင်း အသားရောင်ခွဲခြားမှုမရှိ။ ဘာသာရေးခွဲခြားမှုတွေ ကင်းကွာကာ အဆင့်အတန်း ခွဲခြားမှုတွေက ရှန်းထွက်ရင်း၊ တစ်ဦးပေါ်တစ်ဦး မေတ္တာထားကြရင်း၊ တစ်ဦးပေါ်တစ်ဦး စာနာနားလည်ပေးကြရင်းနဲ့ ဒီလိုနဲ့ ဘဝရဲ့ပျော်ရွှင်မှုတွေဟာ စတင်ကြတယ်။

## တတ်စွမ်းသမျှ ပရဟိတ

ငါတတ်စွမ်းရာ၊ ငါ့ပညာဖြင့်
သပြာမငဲ့၊ အခမဲ့ပေါ့
လှိုင်းဖွဲ့လေကြမ်း၊ အရိုင်းကမ်းမှ
ဆင်ငြမ်းကျော့တွင်၊ လွယ်သိုင်းတင်ကာ
ညင်သာပွေ့ထမ်း ၊ အယဉ်ကမ်းသို့
ရွှေ့လှမ်းဆောင်ပို့၊ ကလေးချို့တွက်
ကူးတို့သမား လုပ်ပါသည်။
မြတ်စွာဗုဒ္ဓ၊ ဟောညွှန်ပြသည့်
ဓမ္မသစ္စာ၊ ဒေသနာနှင့်
ဉာဏ်လွှာနှငြား၊ ကလေးများ၏
အကြားဝင်လျက်၊ ကိုယ်နှင့်ဆက်၍
နှစ်သက်ရွှင်မြူး၊ ပီတိလူးသည့်
ပေါင်းကူးတံတား လုပ်ပါသည်။
တတ်စွမ်းသမျှ၊ စိတ်အလှဖြင့်
ဘဝတံတိုင်း၊ ခါးညွတ်ကိုင်းတိုင်
အရိုင်းအယဉ်၊ နှိုင်းပြယှဉ်လျက်
လမ်းစဉ်တစ်လျှောက်၊ တံတားဆောက်၍
ရှေ့နောက်ထောက်ဆ၊ ကြောင်းကျိုးပြသည့်
ပရကူးတို့ လုပ်နေမည်။ ။

**သာကီနွယ်(နတ်မောက်)**
သာသနဓဇဓမ္မာစရိယ

## ဝလုံးနဲ့ခဲဖျက်

လေးကြောင်းမျဉ်းဥပဒေထဲ
ကိုယ်ယုံကြည်ချက်တလွဲတွေ
ဆွဲဆွဲပြီးရေးနေတော့
ဝလုံးဟာ
အတ္တကြောင့် စောင်းရွဲ့
မာနကြောင့် စောင်းရွဲ့လို့။
ကိုယ်ရေးတဲ့ ဝလုံးပဲ
မဝိုင်းရင် ကိုယ့်ခဲဖျက်နဲ့ကိုယ်ဖျက်ဖို့
သတ္တိတော့ရှိရမယ်။
ခဲဖျက်နဲ့ဖျက် ဆက်ရေး
ဝလုံးလေးဝိုင်းပြီဆို
ကိုင်း မင်းပြုံးနိုင်ပြီ။ ။

**သစ်ဝေခ**
စစ်ကိုင်းပညာရေးတက္ကသိုလ်

# ခွင့်လွှတ်သောမေတ္တာ

ဆုဆုတာ

"ဟဲ့ မယ်မြ၊ ညည်းနှယ်အေ မိုးကျနေတာတောင် အကြော်ရောင်းမနားပါလား"

တဲအတွင်းမှ ဘွားလေးစံစကားသံကြောင့် မယ်မြတစ်ယောက် ပြုံးပြရင်း တဲအတွင်းဝင်ထိုင်လိုက်ပါတယ်။ "ဘွားလေးကလည်း မိုးကတအားမကျပါဘူး။ ဖွဲဖွဲကျရုံလေးပါ။ ဒီမိုးလောက်ကတော့ ကျွန်မခံနိုင်ပါတယ်။" ကျွန်မစကားကို ဘွားလေးစံက အလိုမကျစွာဖြင့် "ညည်းနှယ်အေ ညည်း သမီး အခုတက္ကသိုလ်တက်လို့ ဘွဲ့တောင်ယူတော့မှာဆို။ ညည်းသမီးက တစ်နှစ်မှ တစ်ခေါက်နှစ်ခေါက်ပြန်လာတယ်။ ပိတ်ရက် အိမ်ပြန်လာလည်း သူ့ကိုယ်သူပဲ သနေတယ်။ ငွေလိုရင်သာ ဘာဖိုးညာဖိုးနဲ့။ ညည်းကို လုပ်ကူတယ်ဆိုတာ မမြင်မိပါအေ။ အလုပ်ကို လျှော့လျှော့ပေါ့ပေါ့လုပ်ပါလားအေ။" ဘွားလေး၏ ကရုဏာစကားကို မယ်မြနားထောင်ရင်း တက္ကသိုလ်နောက်ဆုံးနှစ်ပြီးကာ ဘွဲ့မယူခင်စပ်ကြား ကွန်ပျူတာသင်တန်းဆိုလား နိုင်ငံခြားစကား သင်တန်းဆိုလား။ ဘာသင်တန်းမှန်းမသိ တတ်နေသတဲ့။ သမီးပြောတာကတော့ ဒီခေတ်က ဘွဲ့ရရုံနှင့်မပြီးဘူး။ တတ်ထားသင့်တဲ့အရာတွေ သူများထက်နောက်မကျအောင်တတ်ထားမှ တော်ကာကျမယ်။ အလုပ်လွယ်မယ်လို့ အရင်တစ်ခါ သမီးဆီပိုက်ဆံပို့ရင်း သိခဲ့ရတယ်။ ဘွဲ့ယူရင်လည်း ရိုးရိုးအဝတ်အစားနှင့်မရ။ သူများလို လှနေမှ။ ခုခေတ်ဝတ်နေကြတဲ့ မြန်မာ့ရိုးရာ ချိတ်ထဘီ အကောင်းစားတွေ၊ အင်္ကျီတွေဝတ်ပြီး ဘွဲ့စင်ပေါ်တက်နိုင်မှ အများမကဲ့ရဲ့မှာတဲ့လေ။ သမီးဘွဲ့ယူရင်လည်း ကျွန်မက မိဘအနေနဲ့ မိတ်ကပ်တွေလိမ်း၊ အကောင်းစား ချိတ်ထဘီဝတ်ပြီး သမီးနောက်လိုက်နိုင်မှ တင့်တယ်မယ်တဲ့လေ။ မုဆိုးမဖြစ်တဲ့ကျွန်မ သမီးလေးတစ်ယောက်သာရှိပြီး သမီးကလည်း ပညာထွန်းပေါက်သူမို့ တက္ကသိုလ်ကျောင်းသူ ဘွဲ့ရပညာတတ်ကြီး ဖြစ်စေချင်လွန်းလှပါတယ်။ ကျွန်မက သမီးကို ပညာအမွေပဲပေးနိုင်မှာ။

"ဟဲ့ မယ်မြ၊ ငါပြောနေတာကြားလား။ ဘာတွေ တွေးနေတာလဲအေ။" ဘွားလေးစကားကြားမှ အတွေးတို့ပျက်ပြယ်ရင်း ဘွားလေးကိုပြုံးရယ်ကာဖြင့် "ဘွားလေးစံရဲ့ ကျွန်မသမီးကသိပ်တော်တာ။ အခု ရှေ့လဆို ဘွဲ့ယူရတော့မှာ။ ဗမာလိုဆို ပြာသိုလပြည့်ကျော် ၁ ရက်နေ့။ ကျွန်မသမီးက ပညာတတ်ကြီးဖြစ်ပြီ ဘွားလေးစံရဲ့။ ဒါမို့ သမီးအတွက် ဘွဲ့ယူရင်ဝတ်ဖို့ အကောင်းစားအင်္ကျီထဘီတွေ ဝယ်ပေးနိုင်ဖို့ ခုပိုက်ဆံကြိုးစားပြီး ပိုရှာနေတာ ဘွားလေးရဲ့။" ကျွန်မစကားကို ဘွားလေးစံက တစ်ချက်မဲ့ပြရင်း "ဟုတ်ပါပြီတော်၊ သမီးဘွဲ့ရတာ၊ ယူတာ အရေးမကြီးဘူး။ ညည်းလည်း ပိန်ချည့်နေပြီ။ ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်ဦး။" စိုးရိမ်မှုဖြင့်ပြောလာသော ဘွားလေးစကားကြောင့် "ဟုတ်ကဲ့ပါ ဘွားလေးရဲ့ သမီးဘွဲ့ယူသွားရင် ဘွားလေးစံပါ ခေါ်မယ်သိလား။" တက်ကြွစွာပြောလိုက်သည့်စကားကို ဘွားလေးစံသဘောကျကာ "လိုက်ရချည်သေးရဲ့ မယ်မြရေ့။" ဘွားလေးစံကို အကြော်ပေးခဲ့ပြီး တက်ကြွသော ခြေလှမ်းတို့ဖြင့် "အကြော်စုံ ပူပူလေးရမယ်။"

နတ်တော်လ၏ညချမ်းအချိန်က အေးစက်၍ မေးများပင် ခိုက်ခိုက်တုန်နေပေပြီ။ မယ်မြတစ်ယောက်ကတော့ စောင်ထဲတွင် မကွေးနိုင်သေး။ မနက်အတွက် အကြော်ကြော်ရန် ပြင်ဆင်နေပါတယ်။ အချိန်က ၁၀ နာရီခွဲ အိပ်ရန်မယ်မြပြင်ဆင်ခါနီး စဉ်းစားမိတာက ခေါင်းရင်းက သံသေတ္တာလေးထဲက စုဆောင်းထားငွေများ။ သတိရ၍ ရေတွက်ကြည့်တော့ တစ်သိန်းပြည့်ပေတော့မယ်။ ဒါဆို မနက်ဖြန် သန်ဘက်ခါဖြစ်ဖြစ် သမီးအတွက် ဘွဲ့ယူရင်ဝတ်ဖို့ သမီးပြောတဲ့ အကောင်းစားချိတ်ဝယ်ရပေတော့မယ်။ မဝယ်ခင် သမီးဖြစ်သူ အဆောင်ကိုသွားပြီး သားအမိနှစ်ယောက် မြို့ပတ်ကာ အင်္ကျီတွေဝယ်ရမယ်။ မိမိအတွက်ရော သမီးကို ရွေးခိုင်းရမယ်။ တွေးရင်းဖြင့် ကြည်နူးမိကာ ဆောင်းရာသီရဲ့ ညတစ်ညက အေးစက်နေသည့်တိုင်



ရင်ထဲ နွေးလို့နေပါတယ်။

"ဒေါင် ဒင် ဒေါင် ဒင်"။

နံနက် ၄ နာရီ အချိန်မှန် လုပ်ငန်းစရပေတော့မည်။ အေးစက်လွန်းလှတဲ့ အချိန် စောစောထရ၍လား၊ အသက်ကြီးလာ၍လားမသိ။ ခေါင်းက တစ်ချက်တစ်ချက် မူးလို့နေပါတယ်။ ခေါင်းမူးတာကို အရေးမလုပ်နိုင်။ လုပ်စရာရှိသည်များကို အမြန်လုပ်ရမည်။ ဒီနေ့ သမီးဆီကို သွားရမည်လေ။ အချိန်က နေ့ ၁၂ နာရီ။ လိုင်းကားကို သုံးလေးစီးဆင့်ကာစီးရင်း ရောက်ပါပြီ သမီးလေးရှိသည့်အဆောင်။ လွယ်ထားသည့် လွယ်အိတ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း သမီးကြိုက်လှတဲ့ ငှက်ပျောသီးကို ခေါင်းပေါ်တင်ရွက်ရင်းလာခဲ့ပါတယ်။

အဆောင်ရှေ့ရောက်သည်နှင့် အဆောင်မှူးက မိမိကို သိထားတဲ့အတွက် "ဟော ချိုချိုမှာ့ အမေပါလား။ လာလာ"လို့ ဆီးကြိုနှုတ်ဆက်ပါတယ်။ ဧည့်တွေ့ခုံမှာ ထိုင်စောင့်ခိုင်းပြီး သမီးဖြစ်သူကိုသွားခေါ်လေပြီ။ "အမေ" ခေါ်လိုက်သည့်အသံကြောင့်ကြည့်မိတော့ မြို့သူတမျှ ဖွေးဥကာလှပနေသည့် ကျွန်မသမီး။ ကျွန်မ မွေးထားသည်ဟုမထင်ရလောက်အောင်ပင် လှပလို့နေပေသည်။ မမြင်တာကြာပြီဖြစ်သည့်သမီးကိုထွေးပွေ့ရင်း သာကြောင်းမာကြောင်းမေးကာ လာရခြင်းအကြောင်းက ဘွဲ့ယူလျှင်ဝတ်ဖို့ အဝတ်အစားကို အတူတူသွားဝယ်ရအောင်ပြောလိုက်ပါတယ်။ "ဟာ အမေကလည်း အမေလိုက်မနေနဲ့ သမီးကို ပိုက်ဆံတစ်သိန်းပေးခဲ့။ သမီးဘာသာသမီး သူငယ်ချင်းတွေနဲ့ ဝယ်ထားလိုက်မယ်။ အမေလိုက်လည်း အလကားပဲ။ သမီးသူငယ်ချင်းတွေနဲ့ အတူသွားဝယ်လိုက်မယ်။ ချုပ်တာရော အမေပူမနေနဲ့။ သမီးဘာသာ သူငယ်ချင်းတွေနဲ့အတူလုပ်လိုက်မယ်။ ပြီးတော့ ငှက်ပျောခိုင်ကြီး ဘာလို့ယူလာတာလဲ။ ခု ငှက်ပျောသီးမစားဘူး။ ဝိတ်တက်မှာစိုးလို့။"

သမီးဖြစ်သူရဲ့စကားကြောင့် မယ်မြတစ်ယောက် သမီးနှင့်အတူ ဈေးဝယ်ထွက်ဖို့ မျှော်လင့်ချက်ပျက်ရပြီ။ သို့ပေမယ့် စိတ်မခုနိုင်ပါ။"ဟုတ်ပါပြီသမီးရယ်။ အမေ ပိုက်ဆံပေးခဲ့မယ်။" "ဒါနဲ့ အမေ အဲဒီတစ်သိန်းက အမေ့အတွက်မပါဘူးနော်။ သမီးတစ်ယောက်တည်းအတွက်ပဲ။ အမေက အမေ့ဘာသာ ရွာနားကဈေးမှာသွားပြီး ဝယ်ပြီးချုပ်ထားလိုက်တော့. . .။ ဒါနဲ့ အမေက တန်းပြန်မှာမို့လား။" သမီးဖြစ်သူရဲ့စကားကြောင့် "မဟုတ်ဘူး။ အမေတစ်ညနှစ်ညလောက် အိပ်ဦးမလားလို့။" ကျွန်မစကားကို သမီးဖြစ်သူက အလိုမကျသည်လားမသိ။

"အမေကလည်း အခု ညနေ ၃ နာရီရှိပါသေးတယ်။ တန်းပြန်လိုက်တော့။ ဒီမှာအဆောင်က လူကျပ်နေတာ။ သမီးအခန်းကလည်း အိပ်မရဘူး။ အဆောင်မှူးကို အားနာစရာကြီး အမေရဲ့။ သမီးဘွဲ့မယူခင် တစ်ရက်အလို အမီ ပြန်လာမယ်လေနော်။ အမေက အကုန်ပြင်ဆင်ထားလိုက်။" သမီးဖြစ်သူစကားကို မယ်မြ ဘာမှပြန်မပြောနိုင်။ သမီးအလိုကျ ခေါင်းညိတ်ကာ မှာစရာရှိတာမှာ၊ ပြောစရာရှိတာပြောဖြင့် ညနေ ၄ နာရီအချိန် ပြန်ခဲ့ပါတော့တယ်။ ငှက်ပျောခိုင်ကြီးတော့ အဆောင်မှူးပေးခဲ့လိုက်ပြီ။

မှတ်မိသည်က ပြာသိုလပြည့်ကျော် ၁ ရက် နေ့ခင်း ၁၂ နာရီ အရောက်လာရမည်။ ဘွဲ့နှင်းခန်းမဆီသို့။ ဆောင်းတစ်နေ့တာက တိုလွန်းလှပါတယ်။ နောက်ထပ်ကားတစ်ဆင့်စီးမယ့်အချိန်မှာ မှောင်နေပေပြီ။ ဘယ်ကားမှမတွေ့တော့ ဘယ်လိုလုပ်ရပ့်။ ဟိုဒီကြည့်ရင်း လမ်းကြုံရှာတော့ ရွာဘက်ရောက်မယ့် ထော်လာဂျီတစ်စီး အကူအညီနဲ့ လိုက်ပါလာခဲ့ပါတယ်။ သမီးကို တစ်သိန်းပေးခဲ့လို့ လက်ကျန် ငါးရာတန်လေးတစ်ရွက်က အိတ်ထဲမှာ ကပ်လို့နေပါတယ်။ မိမိအတွက်တော့ မင်္ဂလာဆောင်က ဝတ်တဲ့ထဘီကို အင်္ကျီစလေးဝယ်ကာ ဝတ်တော့မည်။ လမ်းကြမ်းပေါ်မှာ စီးရတဲ့ထော်လာဂျီမို့ ဗန်းထဲ ဆီးဖြူသီးလိမ့်သလိုပင်။ မောင်းသူကလည်း ပြိုင်ကားမောင်းနေသည့်အလား။ ရွာမှာက ဘွဲ့ရပညာတတ်က ရှားလှတယ်။ မိမိကသာ ပညာမတတ်ပေမယ့် သမီးဖြစ်သူ မိချိုကို ဘွဲ့ဝတ်စုံကြီးနဲ့ မြင်ရတော့မယ်။ မိမိလည်း ရင်ကော့ကာ ဘွဲ့ယူတဲ့သမီးနောက်လိုက်ရမည်။ သမီးနဲ့အတူ ဓာတ်ပုံယှဉ်တွဲရိုက်ရင်း မိမိအိမ်ရှေ့ခန်းမှာ ချိတ်နိုင်တော့မည်။ အတွေးများဖြင့် မယ်မြပျော်ရလေပြီ။

"ဝုန်း ဒုတ်"အတွေးတို့ စီးမျောနစ်ရင်း အသိတို့ အမှောင်ကမ္ဘာဆီသို့။ "ဟင်း ဟင်း အင်း" နာကျင်မှုနဲ့ အတူ ညည်းညူရင်း မျက်လုံးဖွင့်ကြည့်မိတော့ ဘေးနားမှာ အဘွားစံနှင့် ရွာကလူတချို့။ "ဟဲ့မယ်မြ သတိရလာပြီလား။" အဘွားစံစကားကိုနားထောင်ရင်း တစ်ချက်ပြုံးပြလိုက်ပါတယ်။ မျက်လုံးကိုလျှောက်ကြည့်ရင်း ပြက္ခဒိန်ကိုကြည့်မိတော့ "ဟင် ဒီနေ့ ပြာသိုလပြည့်နေ့ပဲ။ ဒါဆို သမီးဘွဲ့ယူမှာ နက်ဖြန်ပေါ့။ ဒီနေ့ သမီး ငါ့ဆီပြန်လာမှာပဲ။" ဝမ်းသာမှုတို့စီးမျောရင်း နာရီကိုကြည့်မိတော့ မနက် ၇ နာရီ။ မဖြစ်ဘူး။ ရွာထိပ်ကသွားစောင့်မှ။ ဝမ်းသာစိတ်ဖြင့် မျှော်ရင်းငေးရင်း စိတ်လွတ်ကာ ဝရုန်းသုန်းကား ပြေးမိပါတော့တယ်။ သမီးပြန်အလာကိုမျှော်ရင်း ဇောကပ်ကာ ပြေးလိုက်တာ ကားသုံးဆင့်စီးသည့်လမ်းခရီးကို ဘယ်လိုကျော်ဖြတ်လာသည်မသိ။ သမီးအဆောင်ရှေ့ပင် ရောက်နေပေသည်။ အဆောင်မှူးလည်း မတွေ့။ သမီးကို တွေ့လိုဇောဖြင့် အော်ခေါ်လိုက်တော့ ဝတ်စားလှပစွာဖြင့် ထွက်လာသော သမီးဖြစ်သူနှင့် သူငယ်ချင်းတစ်သိုက်။ လက်မှာလည်း အထုပ်တွေနှင့် အင်္ကျီထုပ်၊ လက်ဆောင်ထုပ်တွေထင်ပ့်။ ရယ်မောစွာထွက်လာလိုက်ကြတာ မိမိကို မမြင်။

အဖွဲ့ထဲက သူငယ်ချင်းတစ်ယောက်က "ဒီနေ့ ပြာသိုလပြည့်နေ့ ငါ့အမေကိုသွားကန်တော့မယ်။ ဘိုးဘွားရိပ်သာမှာ သန့်ရှင်းရေးကုသိုလ်လုပ်ကြမယ်"လို့ ပြောသံကြားလိုက်ပါတယ်။ သမီးဖြစ်သူက မိမိကိုမမြင်သည်လား မမြင်ယောင်ဆောင်သည်လားမသိ။ ဘာမှမပြောဘဲ သူတို့နောက်ကပ်လိုက်မိတော့ သူငယ်ချင်းအိမ်ဝင်ကာ မိခင်ဖြစ်သူကို ကုန်းကန်တော့နေလေရဲ့။ သမီးဖြစ်သူ အပါအဝင်ပေါ့။ တစ်အိမ်ဝင် တစ်အိမ်ထွက်ကန်တော့ပြီး ဘိုးဘွားရိပ်သာမှာ သန့်ရှင်းရေးကုသိုလ်လုပ်နေတဲ့ သမီးကို အပြစ်မမြင်နိုင်။ ပီတိဖြစ်ရပြန်တယ်။

"ငါ့မြေးက အမေကိုကန်တော့ပြီးပြီလားကွဲ့" အဘွားအို တစ်ယောက်က စပ်စုစကားဖြင့် မိချိုကို မေးလိုက်ပါတယ်။ မိချိုက မျက်နှာမဲ့ပြရင်း "သမီးအမေက ဆုံးပြီ အဘွားရဲ့။" မိချိုအဖြေကို မယ်မြကြားရသည်မှာ ရင်ထဲမချည့်လှ။ ဘွဲ့မယူခင် တစ်ရက်အလိုပြန်လာမည်ဆိုတဲ့ ငါ့သမီး။ ပြာသိုလပြည့်နေ့ သူများအမေတွေကို လိုက်ကန်တော့နေတဲ့သမီး။ မိဘအရင်းဖြစ်သူ မိမိကိုတော့ မေ့ထားရုံပင်မက သေပြီတဲ့လားကွယ်။ ရင်ထဲက ခံစားမှုကြောင့် နာကျင်မျက်ရည်တွေကျကာ မယ်မြထိုနေရာမှ ပြေးထွက်ခဲ့ပါတော့တယ်။

"ဟူး ဟူး ဟူး "အသက်ကို ပင်ပန်းကြီးစွာရှိုက်ရင်း မယ်မြတစ်ယောက် အမောဖောက်နေလေပြီ။ မနေ့ကတော့ ညည်းညူသံဖြင့် သတိလည်လာသေးသည်။ ဒီနေ့မှာ ပိုအမောဖောက်ကာ စိုးရိမ်နေရပေပြီ။ ဘေးက အဘွားစံပင် စိတ်မကောင်း။ ထော်လာဂျီမှောက်သောအရှိန်ဖြင့် ရင်ဘတ်ဆောင့်မိကာ အတွင်းဒဏ်ရာအကြီးအကျယ်ရ၍ ဆေးရုံကပင် မနိုင်တော့လို့ ဆင်းလာရတယ်။ အခြေအနေ ကောင်းမယ်ထင်လို့ သူ့သမီး မိချိုကို အဘွားစံတို့ အကြောင်းမကြားမိ။ ဘွဲ့ယူရမယ့်ရက်က ရောက်တော့မယ်လေ။ ခုတော့ မရတော့။ အကြောင်းကြားထားတယ်။ ဒါတောင် သမီးဖြစ်သူက တန်းမလာ။ ပြာသိုလပြည့်အလုပ်ကိစ္စအရေးကြီးနေတယ်တဲ့လေ။ သူတို့က ပညာတတ်တွေဆိုတော့လည်း ကိုယ်လိုပညာမတတ်က ဘယ်သိနိုင်ပ့်မလဲ။ အမေဖြစ်သူ မယ်မြကတော့ သူ့သမီးကို မျှော်နေတဲ့အလား အသက်ငင်နေပြီ။ ဘယ်လောက်ပင်ကြိုးစားကာ အသက်ငင်ရင်း ရောက်မလာတဲ့ သမီးဖြစ်သူကို မျှော်နေသည်က အချည်းနှီးပင်။ "ဘွားလေးစံ ဒီနေ့ ပြာသိုလပြည့်နေ့မို့လား။" အမောဖောက်ရင်း ပြောလာတဲ့ မယ်မြစကားကြောင့် ဘွားလေးစံ အံ့ဩရတယ်။ "ဟုတ်တယ်လေ မယ်မြရဲ့။ ညည်းသမီး မနက်ဖြန်ဘွဲ့ယူမှာ။ ညည်းလိုက်ရမှာ အားတင်းထားနော်မယ်မြ။" ဘွားလေးစံစကားကို မယ်မြကြားလား၊ မကြားလားမသိ။ မောရင်းရှိုက်ရင်းမှ "ဟုတ်တယ် ဘွားလေးစံရေ၊ မနက်ဖြန် ကျွန်မသမီးဘွဲ့ယူ ကျွန်မလိုက်ရမှာ၊ မင်္ဂလာဦးတုန်းက ထဘီကိုဝတ်မှာ ဘွားလေးစံရဲ့။" ပြုံးရိပ်သန်းကာပြောနေတဲ့ မယ်မြကိုကြည့်ရင်း ဘွားလေးစံ မျက်ရည်ကျရပေပြီ။

အသက်၄၂ရှိ ဒေါ်မြမြမူကတော့ ပြာသိုလပြည့် ညနေ ၅ နာရီတွင် ကွယ်လွန်သွားခဲ့ပါတယ်။

အချိန်က နေ့ ၁၁ နာရီ။ အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။ သာဓု သာဓု သာဓု ကြေးစည်သံများ ဇရပ်အတွင်းပျံ့လွင့်လို့နေပေသည်။ ဇရပ်အတွင်းမှာတော့ ရေစက်ချနေတဲ့ ဘွဲ့ဝတ်စုံနဲ့ ကလေးမတစ်ဦး။ ဇရပ်အပြင်ဘက်မှာတော့ မင်္ဂလာဦးချိတ်ကိုဝတ်ဆင်ကာ ပြုံးရယ်ပြီး စိတ်ချမ်းသာနေသော မျက်နှာထားအပြည့်နှင့် မိန်းမကြီးတစ်ယောက်။ "ဟေး သမီးရေ သွားကြစို့။ ဘွဲ့ယူချိန်က ၁၂ နာရီ နေ့ခင်းအရောက်ဆို။ နောက်ကျနေမယ်။ အမေက အကုန်ပြင်ပြီးပြီ။ ဘွားလေးစံတို့၊ ဦးသာဗျောတို့ရော လိုက်ကြမှာ။ အမေနဲ့သမီး နှစ်ယောက်တွဲ ဓာတ်ပုံရိုက်ပြီး အိမ်ရှေ့ခန်းချိတ်မယ်နော် သမီး။ ဇရပ်အပြင်ဘက်က တက်ကြွစွာအော်နေသော မိန်းမကြီးအသံကို ဘယ်သူမှ ကြားမည်မထင်။ ဇရပ်အတွင်းမှာတော့ ငိုသံရှိုက်သံတို့ ပြည့်လျက်ဖြင့်။ ။

၀၀၀

# လူ့ယဉ်ကျေးမှုအနုပညာကိုခံစားမိခြင်း

**မနွယ်စိုး(မြန်မာစာ)**

ကျောင်းပိတ်ရက်ဖြစ်သည့်အားလျော်စွာ အိမ်လုပ်ငန်းများ လုပ်ကိုင်အပြီးတွင် အိမ်ရှေ့သရက်ပင်အောက်ရှိ ထိုင်ခုံ၌သတင်းစာဖတ်ရင်း အနားယူရတော့သည်။ ကလေးငယ်များကား ဆူညံစွာဆော့ကစားလျက်။ အပူအပင်ကင်းမဲ့စွာ ဆော့ကစားနေကြသော ကလေးငယ်များ၏ ဘာသာဘာဝသဘောတရားကို ကျွန်မနှစ်သက်သည်။ စားလိုက်အိပ်လိုက်၊ ကျောင်းတက်လိုက်၊ စာကြည့်လိုက်ဖြင့် သူတို့၏ဘဝကလေးများတွင် ဝန်ထုပ်ဝန်ပိုးသိပ်မရှိလှ။ ယခုလည်းတူတူပုန်းတမ်းကစားနေကြသော ကလေးဆယ်ယောက်ရှိသည်။ အိမ်ကတူလေးသုံးယောက်နှင့် ဘေးအိမ်များမှ ကလေးခုနစ်ယောက်။ကလေးတစ်ယောက်မှာနို့မပြတ်သေးသော တစ်နှစ်ခွဲခန့်ညီငယ်လေးကို ချီပိုးရင်းဆော့နေရရှာသောကြောင့် တကယ်ဆော့ကြသော အရေအတွက်က ကိုးယောက်သာရှိသည်။ ညီငယ်ကိုချီပိုးရင်းဆော့ကစားနေရသောကလေးငယ်မှာ ခုနစ်နှစ်သားအရွယ်မျှသာ ရှိသေးသော်လည်း အကြီးပီသသည့်ပုံရိပ်လွှာများက မြင်တွေ့နေရသော ကျွန်မ၏စိတ်ကို လာရောက်ထင်ဟပ်စေပါသည်။

တူတူပုန်းရသူသည်လုံခြုံသည့်နေရာတွင် အသံတိတ်နေမှသာ ခွေးရူးလုပ်ရသူကရှာမတွေ့မည်ဖြစ်သည်။ ထိုကလေးပုန်းရသည့်အလှည့်တွင် ကံမကောင်းလှ။ ညီငယ်ကိုချီ၍စခွဲ့အိုးကိုကွယ်ကာ အသံတိတ်ပုန်းသော်လည်း ညီငယ်၏ဂျီထိုးသံကို ခွေးရူးလုပ်သူကကြားသဖြင့် သူ့အမည်ကိုအရင်အခေါ်ခံရသည်။ ဤသို့ဖြင့် သူခွေးရူးဖြစ်ကာ အခြားသူများအားလိုက်ရှာရတော့သည်။ သူရှာရသည့် အလှည့်တွင်လည်း အဆင်မပြေလှ။ သူ့ညီလေးငိုသဖြင့် ချော့မြူနေရင်းရှာရသည်။ညီငယ်ကိုအာရုံစိုက်၍ချော့နေရသောအချိန်တွင် ပုန်းနေသူများကခေါင်းလာပုတ်သဖြင့် နောက်တစ်ကြိမ်ခွေးရူးလုပ်ရပြန်သည်။ သုံးလေးကြိမ်ဆက်တိုက် ခွေးရူးလုပ်နေရသောအခါ ကျွန်မသူ့ကိုပင်သနားလာမိတော့သည်။ ငါးကြိမ်ဆက်တိုက်ခွေးရူးလုပ်ရသောအခါတွင် ညီငယ်က အီးပါချပါတော့သည်။ ကလေးငယ်ခမျာသူ့အိမ်ဘက်ဆီသို့ပြေး၍ ညီငယ်ကို ကိုယ်လက်သုတ်သင်၍ အဝတ်အစားလဲပေးသည်။ သူတို့၏ဖခင်မှာ လက်သမားဖြစ်ပြီး မိခင်မှာ ခေါင်းရွက်ဗျပ်ထိုးဈေးသည်ဖြစ်သည်။ ကျောင်းဖွင့်ရက်များတွင် သားကြီးဖြစ်သူ ဒုတိယတန်းကျောင်းသားမှာ ကျောင်းတက်ရသောကြောင့် သားငယ်ကို မိခင်ဖြစ်သူကဈေးရောင်းရင်းထိန်းသည်။ ကျောင်းပိတ်ရက်တွင်တော့သားကြီးက ထိန်းရခြင်းဖြစ်သည်။ကလေးငယ်သည် ကစားနေသောနေရာသို့ ညီငယ်ကိုခါးထစ်ခွင်လျက်ခပ်သုတ်သုတ်ပြန်လာသည်။သည်တစ်ခါတော့ ကလေးတွေဘောလုံးကန်ကြပြန်သည်။ ညီငယ်ကိုချ၍ဘောလုံးဝင်ကန်သောအခါ တစ်မိနစ်ပင်မကြာလိုက်။ညီငယ်ကငို၍ဘောလုံးကန်နေသည့်အစ်ကိုဆီသို့ တဖြည်းဖြည်းလှမ်းသွားသည်။ အစ်ကိုဖြစ်သူမှာညီငယ်ကိုချီ၍အခြားကလေးများကစားနေသည်ကိုသာ ငေးကြည့်ရရှာတော့သည်။

ငါးမိနစ်မျှကြာသောအခါ ရပ်ကွက်ထဲသို့ ခေါက်မုန့်သည်ရောက်လာသည်။ အိမ်ကတူလေးများကလည်းပူဆာသဖြင့် ခေါက်မုန့်သည်ကိုလှမ်းအော်ခေါ်ကာဝယ်ကျွေးရတော့သည်။ တစ်ခုလျှင်တစ်ရာဖြစ်သဖြင့် အခြားကလေးငယ်များလည်းဝယ်ယူကြသည်။ ထိုကလေးငယ်ခမျာလည်း ညီဖြစ်သူကိုပွေ့ချီကာ နှစ်ရာတန်အနွမ်းကလေးဖြင့် နှစ်ခုဝယ်သည်။ တူလေးများအတွက် ခေါက်မုန့်ဖိုးရှင်းအပြီး အိမ်မှာမွေးထားသော ခွေးမမှပေါက်ဖွားသည့်ခွေးပေါက်စညီနောင်၏ အချင်းချင်းကိုက်နေသည့်အသံကို ကြားလိုက်ရသည်။ ခွေးငယ်၏စူးစူးဝါးဝါးအော်သံကြောင့် ထိုခွေးညီနောင်မှ အငယ်ကောင်အကိုက်ခံနေရကြောင်းတပ်အပ်ကျသိလိုက်သည်။ ကျွန်မပြေးသွားတော့အမေက ကိုက်နေသောခွေးနှစ်ကောင်ကိုခွဲပြီးနှင့်ပြီ။ ခွက်နှစ်ခွက်ချ၍တစ်ခွက်စီခွဲကျွေးသော်လည်း ခွေးအကြီးကောင်မှအငယ်ကောင်စားနေသည့်ခွက်ကို ကြီးနိုင်ငယ်ညှဉ်းပြု၍လုစားသည်။ စားခွက်ကိုခွေးငယ်လာနှိုက်သဖြင့် သဲကြီးမဲကြီးကိုက်လိုက်ခြင်းပင်ဖြစ်သည်။ခွေးတွေအနားရောက်လို့မှ ငါးမိနစ်မကြာသေး။ကလေးငယ်၏ငိုသံကိုကြားရပြန်တော့သည်။ လှမ်းကြည့်လိုက်သောအခါ ကလေးငယ်သည်မြေပြင်ပေါ်တွင်လူးလိမ့်လျက်။တူလေးများကပဲအနိုင်ကျင့်ကြလို့လားဟု ကျွန်မစိုးရိမ်သွားမိသည်။ အမှန်တော့မဟုတ်ပေ။ ဝယ်ထားသောခေါက်မုန့်နှစ်ထုပ်စလုံးကို သူတစ်ဦးတည်းမစားရ၍ ငိုခြင်းပင်ဖြစ်သည်ဟု သိရသည်။ အစ်ကိုလုပ်သူခမျာ တစ်ကိုက်ကိုက်ထားပြီးသောခေါက်မုန့်ထုပ်ကလေးကို ညီငယ်အားပြန်ပေးသည်အထိ တော်တော်နှင့်အငိုမတိတ်။အကြီးကောင်လေးကိုကျွန်မသနားမိလာသည်။


အခြားကလေးငယ်များကစားနေချိန်တွင် သူလည်းလွတ်လွတ်လပ်လပ် ကစားချင်ရှာပေမည်။ အခြားကလေးငယ်များမုန့်စားနေချိန်တွင် သူလည်းစားချင်ရှာပေမည်။ သို့သော်ဘဝကံအကျိုးပေးအရ အမေကအရင်မွေးသောသားကြီးဘဝကို ခံယူထားရသည့်အလျောက် အငယ်အပေါ်ကိုတတ်စွမ်းသမျှဂရုစိုက်ရှာသည်။ ညီငယ်ငိုလိုက်မှာကို ကမ္ဘာပျက်မတတ်ကြောက်သည်။ ညီငယ်အငိုတိတ်ဖို့ အစာအငတ်ခံသည်။ လွတ်လပ်ပျော်ရွှင်ခြင်းတွေပေးဆပ်ရသည်။ မီးဖိုချောင်ထဲမှအမေ၏ ခွေးငေါက်သံကိုကြားလိုက်ရသောအခါ ခွေးညီနောင်ကိုလည်းစိတ်မျက်စိဝယ်မြင်ယောင်လာသည်။ခွေးတို့ကားလူကဲ့သို့မဟုတ်။ အကြီးနှင့်အငယ်ညှာတာမှုမရှိသလောက်ရှားသည်။အစာချကျွေးပါကနိုင်သူစားစတမ်းပင်။ ခွေးနှင့်ဆက်စပ်ပြီး ကြက်အကြောင်းကိုပါတွေးမိသည်။ကြက်များကပို၍ဆိုး၏။ မိခင်ကြက်မကြီး သားခွဲခါနီးလျှင်တစ်ကောင်နှင့်တစ်ကောင် အသေအကျေခွပ်၍ အနိုင်လုကြသည်။ တချို့တိုက်ကြက်မျိုးကောင်းများမှာ ရှုံးနိမ့်နိုင်သော်လည်း အနိုင်မခံအရှုံးမပေးစိတ်ဖြင့် အနာခံ၍ ခွပ်ကြသဖြင့်ဒဏ်ရာဒဏ်ချက်များကဗရပွ။ ရာသီဥတုမကောင်းပါကထိုဒဏ်ရာနှင့်ပင် သေတတ်ကြသေး၏။ အသိဉာဏ်ရှိသောလူသားတို့တွင်မူ အကြီးဘဝကိုရရှိလာကတည်းက အငယ်အပေါ် ညှာတာတတ်သော၊ သည်းခံတတ်သော၊ ချစ်မြတ်နိုးသောစိတ်ထားတို့က ပြုစုပျိုးထောင်ပေးစရာမလိုဘဲ အလိုလျောက်ဖြစ်တည်လာသည်ကများ၏။ကျွန်မအခါလည်းသမီးအရွယ်ကအမေတိုက်ဖွိုက်ဖြစ်သည်။အဖေကရပ်ဝေးတွင် အလုပ်လုပ်နေချိန်မို့ပြန်မလာ။ကျွန်မထက်ဆယ်နှစ်ကြီးသော အစ်ကိုကကျွန်မကိုထိန်းရသည်ဟု အမေပြောပြဖူးပါသည်။ အစ်ကို့ခမျာနို့ဘူးတစ်ဖက်မုန့်ထုတ်တစ်ဖက်ဖြင့် အိပ်ရေးတော်တော်ပျက်ခဲ့ရရှာသည်ဟုသိရပါသည်။ အကြီးနှင့်အငယ်၏မေတ္တာတရားကို ညီကိုမောင်နှမရှိကြသူတိုင်းအနည်းနှင့်အများတော့ခံစားဖူးကြပေလိမ့်မည်။ ညီငယ်၊ မောင်ငယ်၊ ညီမငယ်များအပေါ်တွင် သည်းခံမြတ်နိုးစိတ်ဖြင့် စောင့်ရှောက်ခဲ့ကြသော အစ်ကိုအစ်မများ၏ဂုဏ်ကျေးဇူးကို ရှင်မဟာရဋ္ဌသာရက "အစ်ကိုကြီးအား ညီငယ်များလည်းစကားနှုတ်ဆက်ဖက်၍မဆို ရိုသေလှစေ ကိုကြီးအစ်မသည်နှစ်ဝကို မိဘကဲ့သို့ မှတ်ပါလေ"ဟူ၍ရိုသေလေးစားသင့်ကြောင်း ကဗျာစပ်ဆိုခဲ့ဖူးပါ၏။ဤယနေ့သည်ကျွန်မအတွက်လူသားဆန်သော ယဉ်ကျေးမှုပန်းချီကားတစ်ချပ်ကို မြင်တွေ့ခံစားလိုက်ရခြင်းပင်ဖြစ်ပါသည်။ကလေးငယ်၏ညီလေးလည်းအိပ်ပျော်သွားပြီ။ဈေးရောင်းရာမှပြန်လာသောသူ့အမေလည်းပြန်လာလေပြီ။သူ့ညီလေးကိုသာသာယာယာချီပိုး၍အိမ်ပြန်လေပြီ။အကြီး ကလေးငယ်လေး၏လွတ်လပ်တော့မည့်ပုံရိပ်လေးကို တွေးကြည့်ရင်းကြည်နူးမိပါတော့သည်။ ။

## အတွင်းရေး(၁၁)

ရန်ကုန်ဆိုတာကြီး
ပျော်စရာတွေဘယ်လောက်ပေါပေါ
ရွာမှာကျန်ခဲ့တဲ့ငယ်ဘဝလောက်
မြူဆွယ်မှုအားမပြင်းဘူး။
ချစ်ခဲ့ဖူးတဲ့ငယ်စိတ်နဲ့ လွယ်အိတ်ကိုဘေးချပြီး
ထွေးမြကိုငေးခဲ့ဖူးတယ်။
စာသင်ချိန်အခါခါငိုက်လို့
ဆရာလာရိုက်တာလည်းခံခဲ့ဖူးတယ်။
ကျောင်းအပြန်ချောင်းအိုင်ထဲမှာ
ဘသိုက်နဲ့လည်းငါးနှိုက်ဖူးတယ်။
လမ်းတစ်ဝက်ကမ်းစပ်အရောက်မှာ
စောရန်နဲ့လည်းဘောကန်ဖူးတယ်။
အိမ်အပြန်နောက်ကျလို့
ထရံပေါက်ဝကနေအဖေကန်တာခံရဖူးတယ်။
နွားညီနောင်ရွှေခြူတုံးနဲ့
အဘာလယ်မှာစပါးနယ်ခဲ့ရဖူးတယ်။
သရဏဂုံကိုရင်ဝယ်စိုက်
ပင်လယ်ပိုက်လည်းလိုက်ခဲ့ဖူးတယ်။
ရန်ကုန်ဟာဘောလ်ပင်ကိုင်နေရတာတောင်
အခုချိန်ထိငယ်ပုံရိပ်ကြမ်းကြမ်းတွေကို
မီးအောင်အသေးစိတ်ပုံမဖော်နိုင်သေးဘူး။ ။

(ညီဆောင်းဦး)

## ဒုတိယခင်ဦးအဖြစ်နဲ့ကျွန်မ



**ဇီဇဝါ ( ခရမ်း )**

အေးမြတဲ့ဆောင်းလေပြည် မြောက်လေရူးက ကျွန်မနှလုံးသားကိုတူးဆွနေတယ်။ အတွေးတွေနဲ့ ချာချာလည်နေတဲ့ကျွန်မကို ဘေးလူတွေ့ရင်တော့ အမှန်ကိုကြက်သေကြီးနဲ့ တူနေတယ်လို့ထင်ကြေးပေးမှာသေချာပါတယ်။ အိမ်ထောင်ရေးဆိုတာကြီးကိုအစကတည်းကငြီးငွေ့ခဲ့ရင် အခုလိုခံစားနေရမှာ မဟုတ်လောက်ဘူး။

အခုတော့ နောင်တဆိုတာ နောင်မှရဆိုသလို အိမ်ထောင်ပြုပြီးမှရတဲ့နောင်တဟာ အိမ်ထောင်ရေးအဆင်မပြေတဲ့ပြဿနာပါပဲ။ ချစ်စတုန်းကတော့ မိုးမမြင်လေမမြင် အချစ်ကိုရူးသွပ်နေခဲ့မိတယ်။ အငိုလွယ်ပြီး အရှိုက်ခက်တာနားမလည်ခဲ့တော့ အိမ်ထောင်တစ်ခုကိုအလွယ်ပြုခဲ့တယ်။ သီးချိန်တန်သီးပွင့်ချိန်တန်ပွင့်ဆိုပေမယ့် ပွင့်ချိန်တန်တော့ဟုတ်ခဲ့ပေမယ့် အဲဒီအိမ်ထောင်ရေးမှာ တွေးခေါ်မှုတွေမပါခဲ့ဘူး။ ရူးသွပ်ခြင်းတွေသာပါခဲ့တယ်။နောင်တရပေမယ့် ကျွန်မစဉ်းစားတာက ကျွန်မဟာမိသားစုအပေါ် သစ္စာရှိတယ်။ အိမ်မှုကိစ္စလည်း သာမန်မိန်းမတစ်ယောက်ထက်မညံ့ဖျင်းခဲ့ပါဘူး။ ဒါလည်းကျွန်မကိုကျွန်မအသိဆုံးပါ။ကျွန်မသိသလို ကျွန်မအမျိုးသားလည်းသိသင့်ပါတယ်။ ပြီးတော့အိမ်ထောင်ရေးဖောက်ပြန်နေတဲ့ ကျွန်မအမျိုးသားဟာလည်း တစ်ချိန်ကအရမ်းချစ်ပါတယ် ပြောခဲ့ဖူးတဲ့ လူတစ်ယောက်ပါပဲ။ ဒါပေမယ့် အခုတော့ တစ်ယောက်ထက်မက သူက ချစ်စကားတွေဆိုနေတက်ပြီလေ။ ကျွန်မလည်းနေတက်အောင်တော့ကြိုးစားနေရတော့မှာပါပဲ။ ဘာလို့ဆိုရင်ကျွန်မဟာမိန်းမသားဖြစ်နေလို့ပဲ။

ကျွန်မဟာမိန်းမသား ဒါပေမယ့်အနွယ်အပွားအစွဲအလမ်းဖြစ်စေမယ့် သားသမီးတွေလည်းရှိနေတဲ့ အိမ်ထောင်သည်မိန်းမသားတစ်ယောက်။ ကွဲလွယ်ရှလွယ် ပျက်လွယ်တဲ့အိမ်ထောင်ရေးဟာ လွယ်လွယ်နဲ့လမ်းခွဲချင်ပေမယ့် လွယ်လွယ်နဲ့လမ်းခွဲဖို့မသင့်တဲ့ ကျွန်မတို့ရဲ့သားသမီးတွေရှိသေးတယ်။အဲဒီအတွက် ပင်လယ်ထဲကို ရောက်နေတဲ့ကျွန်မ လှိုင်းပုတ်ဒဏ်တော့ခံနိုင်ရမှာပေါ့။ အရေးကြီးတာက ကျွန်မစီးတဲ့လှေမှာ သားသမီးတွေပါတဲ့အတွက် အဆင်ပြေချောမွေ့စွာကမ်းကပ်သွားဖို့ပဲလိုလားတယ်။

ကျွန်မဟာအပယ်ရတနာလို ပထမဆုံးသောမယားဖြစ်ခဲ့ပေမယ့် နှလုံးသားကတော့ သည်းခံမှု၊ နစ်နာမှု၊ ပေးဆပ်မှုမှာတော့အငယ်ဆုံးမယားဖြစ်တဲ့ ခင်ဦး နှလုံးသားနဲ့ထူးမခြားနားပါပဲ။ သို့သော်သူတော့ ကျန်စစ်သားမဖြစ်နိုင်ဘူး။ မလွှဲသာလို့လုပ်နေတဲ့ လုပ်ရပ်မှုမဟုတ်တာ လုပ်ချင်လို့ လုပ်နေတာပါပဲ။ ဘယ်လိုပင်အဆင်မပြေမှုတွေရှိနေပါစေ ကျွန်မတို့ မိန်းမသားတွေဟာ လွယ်လွယ်နဲ့အိမ်ထောင်တစ်ခုကိုမဖျက်စီးတက်တာဟာ မုချဧကန်ပါပဲ။ ဒါကြောင့် ကျွန်မလည်း အဆင်မပြေပေမယ့် အနွယ်အပွားကလေးတွေအတွက် နားလည်ပေးမှု၊ ပေးဆပ်မှု၊ သည်းခံမှု စတဲ့အချက်တွေနဲ့ ပထမလူအပယ်ရတနာနေရာ အငယ်အနှောင်းဖြစ်တဲ့မြင့်မြတ်သူစိတ်ထားပိုင်ရှင်ခင်ဦးနှလုံးသားနဲ့ မိသားစုဘဝကိုထိန်းသိမ်းနေရဦးမှာပဲ။ ။

## ခါနွှေဦး၏ပန်းချီကား

☛ သရက်လည်းဖူး လေပြည်ရူးတို့
လူးလွန့်တိုက်ခတ် ရော်ဝါရွက်လည်း
ဆင်းသက်မြေပြင် မြူမင်းလွင်နှင့်
မြစ်ပြင်နိမ့်ဆင်း သဲသောင်ခင်း။
☛ ငှက်ကျေးသာရကာ တေးသံသာ၍
ဝမ်းစာဖူလုံ သီးနှံစုံတို့
အကုန်ရိတ်သိမ်း လယ်မြေစိမ်းလည်း
အငြိမ်းစားယူကြလေပြီ။
☛ တောမီးအငွေ့ နှင်းအငွေ့တို့
ထိတွေ့စုဆုံ တောရဂုံဝယ်
နွယ်ချုံနွမ်းခြောက် ရွက်စိမ်းပျောက်၍
ကြိုထောက်နွေဦး အသွင်ထူး။
☛ နွေ၏အရိပ် နွေတံဆိပ်နှင့်
နွေမိတ်ဆွေများ နွေရထားသည်
ရက်များမကြာ တို့မြန်မာကို
ပြန်လာဆိုက်ရောက်ပေတော့မည်။

မောင်စိုးဝေ(မြို့သာ)

# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

(ခ) ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများနှင့်သက်ဆိုင်သော စာရင်းစာအုပ်များကို ထိန်းသိမ်းထားခြင်းနှင့်စပ်လျဉ်း၍ အသုံးပြုသည့် သို့မဟုတ် အသုံးပြုရန်ရည်ရွယ်ထားသည့်ကိစ္စရပ်ကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်စက်ပစ္စည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ ဖတ်ရှုရန် ခက်ခဲသည့်ပုံစံဖြင့် မှတ်တမ်းတင်ထားရှိသည့် သို့မဟုတ် ထိန်းသိမ်းထားရှိသည့်အခါ -

(၁) အရေးကြီးသည့်ကိစ္စရပ်များတွင် မှားယွင်းသည်ဟုလည်းကောင်း၊ သို့မဟုတ် လွဲမှား၍တင်ပြထားသည်ဟုလည်းကောင်း သိရှိပြီး အဆိုပါပစ္စည်းများဖြင့် ထိုကိစ္စရပ်အား မှတ်တမ်းတင်ထားရှိသူ သို့မဟုတ် ထိန်းသိမ်းထားရှိသူတစ်ဦးဦး၊

(၂) အဆိုပါပစ္စည်းဖြင့်မှတ်တမ်းတင်ထားရှိသော သို့မဟုတ် ထိန်းသိမ်းထားရှိသော ကိစ္စရပ်များ၊ သို့မဟုတ် အဆိုပါပစ္စည်းဖြင့် မှတ်တမ်းတင်ထားရှိရမည့် သို့မဟုတ် ထိန်းသိမ်းထားရှိရမည့် အခြားကိစ္စရပ်များကို မှတ်တမ်းတင်ထားရှိရန် သို့မဟုတ် ထိန်းသိမ်းထားရှိရန် ရည်ရွယ်၍ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့ကို စုစည်းဆောင်ရွက်ခြင်း သို့မဟုတ် ပြန်လည်ပြုစုခြင်းတို့တွင် အသုံးပြုရန်အတွက်ဖြစ်စေ ပြုစုဆောင်ရွက်သည့်ကိစ္စရပ်များတွင် ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် အချက်အလက်များကို မှားယွင်းစေရန် ပြင်ဆင်ခြင်းတို့ကို ဖြစ်စေသော အပြုအမူများကိုဆောင်ရွက်သူတစ်ဦးဦး၊ သို့မဟုတ်

(၃) အဆိုပါပစ္စည်းဖြင့်အကြောင်းကိစ္စရပ်များကို မှတ်တမ်းတင်ထားရန် သို့မဟုတ် ထိန်းသိမ်းထားရှိရန် တာဝန်ရှိပြီး ထိုသို့ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူတစ်ဦးဦးသည် -

(ကက) ထိုသို့မှတ်တမ်းတင်ထားရှိရမည့် သို့မဟုတ် ထိန်းသိမ်းထားရှိရမည့်အကြောင်း ကိစ္စရပ်များမှ အချက်အလက်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မှားယွင်းစေရန် ရည်ရွယ်၍ ရေးသွင်းချက်များကိုပြုလုပ်ခြင်း သို့မဟုတ် ပြုစုခြင်း၊ သို့မဟုတ်

(ခခ) အကြောင်းကိစ္စရပ်များကို ထိုသို့ မှတ်တမ်းတင်ထားရှိရန် သို့မဟုတ် ထိန်းသိမ်းထားရှိရန် ပျက်ကွက်ခြင်းသည် ထိုသို့ မှတ်တမ်းတင်ထားသည့် သို့မဟုတ် ထိန်းသိမ်းထားသည့် အခြားသော သီးခြားအရေးကြီးသည့်အကြောင်းကိစ္စများတွင် မှားယွင်းစေမည်ဖြစ်ကြောင်း သို့မဟုတ် လွဲမှားစွာ တင်ပြခြင်းဖြစ်စေကြောင်း သိရှိခြင်းသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ဆောင်ရွက်ရာရောက်သည်။

(ဂ) တရားပြိုင်သည် ပြစ်မှုမြောက်သော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု ဖြစ်ပေါ်စေသည့်အခြေအနေများ အားလုံးကို သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ကြောင်းနှင့် အပြစ်မှ ကင်းလွတ်ခွင့်ပြုသင့်ကြောင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ (က) သို့မဟုတ်ပုဒ်မခွဲ(ခ) အရ ဖြစ်ပေါ်လာသည့်စွဲချက်တစ်ရပ်ရပ်ကို ခုခံချေပရာရောက်သည်။

(ဃ) ဤပုဒ်မပါပြဋ္ဌာန်းချက်များကို ပုဒ်မ ၄၅၃ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ ကျင့်သုံးဆောင်ရွက်ရမည်။

**အထွေထွေပြစ်မှုများ**

၄၅၈။**အထွေထွေပြစ်ဒဏ်ဆိုင်ရာပြဋ္ဌာန်းချက်များ**

(က) ကုမ္ပဏီအပါအဝင်တစ်ဦးတစ်ယောက်သည် -

(၁) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားသည့်ပြုလုပ်မှု သို့မဟုတ် အကြောင်းကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လျှင်၊ သို့မဟုတ်

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဆောင်ရွက်ရန်လိုအပ်သည့် သို့မဟုတ် ညွှန်ကြားထားသည့်ပြုလုပ်မှု သို့မဟုတ် အကြောင်းကိစ္စတစ်ရပ်ရပ်ကိုဆောင်ရွက်ခြင်းမပြုလျှင်၊ သို့မဟုတ်

(၃) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အခြားနည်းတစ်ရပ်ရပ်ဖြင့် ဆန့်ကျင်ဆောင်ရွက်လျှင်၊ အမျိုးအစားတစ်ရပ်တွင်ပါရှိသော

ဤဥပဒေပါအဆိုပါပြဋ္ဌာန်းချက် သို့မဟုတ် အခြားသော ပြဋ္ဌာန်းချက်များက ထိုသူသည်အောက်ပါအတိုင်းပေါ်ပေါက်ခဲ့ခြင်းမရှိလျှင် ဤပုဒ်မခွဲအရပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာရောက်သည် -

(ကက) ထိုသူသည်ပြစ်မှုတစ်ရပ်အရ အပြစ်ရှိကြောင်း၊ သို့မဟုတ်

(ခခ) ထိုသူသည်ပြစ်မှုတစ်ရပ်အရအပြစ်မရှိကြောင်း။

(ခ) တစ်ဦးတစ်ယောက်သည် ဤပုဒ်မ၏ ပုဒ်မခွဲ(က) အရဖြစ်စေ၊ အခြားပြဋ္ဌာန်းချက်များအရဖြစ်စေ ဤဥပဒေအရ ပြစ်မှုတစ်ရပ်နှင့်ပတ်သက်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှုနှင့်သက်ဆိုင်သည့်ပြစ်ဒဏ်ထက် မပိုသော ပြစ်ဒဏ်တစ်ရပ်ကိုကျခံရမည်။

(ဂ) ဤဥပဒေပါ သီးခြားပြဋ္ဌာန်းချက်တစ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်မှုအတွက် သက်ဆိုင်သော ပြစ်ဒဏ်ကို ဤပုဒ်မမှတစ်ပါး ဤဥပဒေ၏ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်တွင် သီးခြားပြစ်ဒဏ်၊ ငွေဒဏ်သို့မဟုတ် အခြားပြစ်ဒဏ်တစ်ရပ်အဖြစ် သတ်မှတ်ဖော်ပြထားလျှင် အဆိုပါ ဆန့်ကျင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့်ပြစ်မှုအတွက် သက်ဆိုင်သည့်ပြစ်ဒဏ်သည် သီးခြားသတ်မှတ်ဖော်ပြထားသော ပြစ်ဒဏ်ဖြစ်သည်။

(ဃ) ပြစ်ဒဏ်ကိုဤဥပဒေတွင်အတိအကျသတ်မှတ်ဖော်ပြထားခြင်း မရှိခဲ့လျှင်တရားရုံးသည်မှုခင်းအခြေအနေနှင့်သင့်လျော်မျှတသည်ဟုထင်မြင်ယူဆသည့်ပြစ်ဒဏ်ကိုချမှတ်နိုင်ပြီး ဤဥပဒေပါအခြားအလားတူပြစ်မှုများနှင့် သက်ဆိုင်ရာဥပဒေနှင့်အညီ ကိစ္စရပ်များအားလုံးအတွက် သတ်မှတ်ထားသည့်ပြစ်ဒဏ်များကိုလည်း ထည့်သွင်းသုံးသပ်ရမည်။

၄၅၉။**စီရင်ပိုင်ခွင့်နယ်မြေအတွင်း အချို့တစ်ဝက်ကျူးလွန်ပြီး စီရင်ပိုင်ခွင့်နယ်မြေပြင်ပတွင်အချို့အဝက်ကျူးလွန်သောပြစ်မှုများ**

အကယ်၍-

(က) တစ်ဦးတစ်ယောက်သည် တားမြစ်ထားသည့် ပြုလုပ်မှုတစ်ရပ်ကို နိုင်ငံတော်၏ပြင်ပတွင်ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ဆောင်ရွက်ရမည့် ပြုလုပ်မှုတစ်ရပ်ကိုနိုင်ငံတော်၏ပြင်ပတွင် ပျက်ကွက်ခဲ့လျှင်၊

(ခ) အဆိုပါ ပြုလုပ်မှုအတိုင်း နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ခြင်း သို့မဟုတ် ဆောင်ရွက်ရန်ပျက်ကွက်ခဲ့ခြင်းတို့ဖြင့် ထိုသူသည် နိုင်ငံတော်အတွင်း ပြုလုပ်မှုတစ်ရပ်ကို ဆောင်ရွက်ခဲ့သကဲ့သို့ သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သကဲ့သို့ ဤဥပဒေနှင့် ဆန့်ကျင်သည့်ပြစ်မှုကိုကျူးလွန်လျှင် ထိုသူသည် အဆိုပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ထိုက်သင့်သည်။

၄၆၀။**ပြစ်မှုများကိုဆက်လက်ကျူးလွန်ခြင်း**

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ သတ်မှတ်ထားသည့်အချိန်ကာလအတွင်းတွင်ဖြစ်စေ၊ သတ်မှတ်ထားသည့်အချိန်ကာလမတိုင်မီတွင်ဖြစ်စေ ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ရန်လိုအပ်ပြီး အဆိုပါ အချိန်ကာလ အတွင်းတွင်ဖြစ်စေ၊ အဆိုပါအချိန်ကာလမတိုင်မီတွင်ဖြစ်စေ ထိုပြုလုပ်မှုကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်းသည်ပြစ်မှုတစ်ရပ်ရပ်ဖြစ်လျှင်၊ အဆိုပါ အချိန်ကာလအတွင်းတွင်ဖြစ်စေ၊ အဆိုပါ အချိန်ကာလမတိုင်မီတွင်ဖြစ်စေ ထိုပြုလုပ်မှုကို ဆောင်ရွက်ခြင်းမပြုလျှင်အောက်ပါအတိုင်းဖြစ်ရမည်-

(၁) ပြုလုပ်မှုကိုဆောင်ရွက်ရမည့်တာဝန်ကို အဆိုပါ အချိန်ကာလကုန်ဆုံးသွားပြီးနောက်တွင် သော်လည်းကောင်း၊ အဆိုပါ အချိန်ကျော်လွန်သွားသည့်အခါတွင် သော်လည်းကောင်း ထိုသို့ ပြုလုပ်မှုကိုဆောင်ရွက်ရန် ပျက်ကွက်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ အဆိုပါ ပြုလုပ်မှုကိုဆောင်ရွက်ပြီးသည်အထိ ဆက်လက်ဆောင်ရွက်ရမည့်အပြင်

(၂) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ)ကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ပြုလုပ်ရန်လိုအပ်သည့် ပြုလုပ်မှုတစ်ရပ်ကို ဆောင်ရွက်ရန်အတွက် အချိန်ကာလသတ်မှတ်ထားခြင်းမရှိဘဲ ထိုပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် ပြစ်မှုမြောက်ပြီး ယင်းနှင့်စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့်ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်အခါ အောက်ပါအတိုင်းဖြစ်ရမည် -

(၁) ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော်လည်း ပြုလုပ်မှုကိုဆောင်ရွက်ရမည့်တာဝန်ကို အဆိုပါ ပြုလုပ်မှုကို ဆောင်ရွက်ပြီးသည်အထိ ဆက်လက်ဆောင်ရွက်ရမည့်အပြင်

(၂) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ)ကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(ဂ) သတ်မှတ်ထားသည့် အချိန်ကာလ၌ ပြုလုပ်မှုအားဆောင်ရွက်ရန် ပျက်ကွက်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် ပထမအကြိမ်ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထိုအချိန်ကာလပြီးဆုံးပြီးနောက် ပြုလုပ်မှုအား ဆောင်ရွက်ရန် ဆက်လက်ပျက်ကွက်နေလျှင် အောက်ပါအတိုင်း ဖြစ်စေရမည် -

(၁) ပြုလုပ်မှုအားဆောင်ရွက်ရန် ပျက်ကွက်မှုနှင့် စပ်လျဉ်း၍ ပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်သည့်ကာလတစ်လျှောက် သို့မဟုတ် အဆိုပါ သတ်မှတ်ချိန်ကုန်ဆုံးပြီးနောက်ထပ် ပြစ်မှုနှင့်သက်ဆိုင်သည့်နေ့ရက်မတိုင်မီကာလတစ်လျှောက် အတွက် နောက်ထပ်ပြစ်မှုတစ်ရပ်ဖြင့် အပြစ်ရှိသည်၊ ၎င်းပြင်

(၂) ဤဥပဒေနှင့်အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါကိစ္စရပ်များအတွက် အဆိုပါ အချိန်ကာလအတွင်း ပြုလုပ်မှုကိုဆောင်ရွက်ရန် ပျက်ကွက်မှုကြောင့် နောက်ထပ်ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာရောက်သည်။

(ဃ) တစ်ဦးတစ်ယောက်သည် သတ်မှတ်ကာလတစ်ရပ်အတွင်း သို့မဟုတ် ထိုအချိန်ကာလ၏ အပိုင်းအခြားတစ်ရပ်အတွင်း ဤပုဒ်မ၏ပုဒ်မခွဲ (ဂ) အရ ပြစ်မှုတစ်ရပ်ဖြင့် အပြစ်ရှိလျှင် ထိုပြစ်မှုနှင့် သက်ဆိုင်သည့် ပြစ်ဒဏ်သည် အဆိုပါ အချိန်ကာလ သို့မဟုတ် အဆိုပါ အချိန်ကာလ၏ အပိုင်းအခြားတစ်ရပ်ရှိ နေ့ရက်အရေအတွက်နှင့် ပြစ်ဒဏ်ပမာဏ (၁)ခု၏ တစ်ဝက်ဖြင့်မြှောက်၍ရရှိသော ပမာဏကို ဒဏ်ငွေအဖြစ် သတ်မှတ်ရမည်။

**ခုခံချေပခြင်းနှင့်သက်သာခွင့်**

၄၆၁။**ဒါရိုက်တာ သို့မဟုတ် အရာရှိကခုခံချေပခြင်း**

(က) ပုဒ်မ၄၃၆ပါပြဋ္ဌာန်းချက်ကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ ဒါရိုက်တာ သို့မဟုတ် အရာရှိက အောက်ပါအတိုင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ကုမ္ပဏီ၏ဘုတ်အဖွဲ့က ဆောင်ရွက်ရမည့်တာဝန် သို့မဟုတ် ၎င်းတို့က ဆောင်ရွက်ရမည့်တာဝန်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် စွဲချက်တင်ထားသော ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးအတွက် ခုခံချေပချက်တစ်ရပ်ဖြစ်သည်-

(၁) ဘုတ်အဖွဲ့က ဆောင်ရွက်ရမည့်တာဝန်နှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်တွင် ဘုတ်အဖွဲ့သည် ဤဥပဒေအရသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် သင့်လျော်သည့် ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ထားကြောင်း၊ သို့မဟုတ်

(၂) ဘုတ်အဖွဲ့ကဆောင်ရွက်ရမည့် တာဝန်နှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်တွင် ဒါရိုက်တာ သို့မဟုတ် အရာရှိသည်ဘုတ်အဖွဲ့က ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် အဆိုပါ ဒါရိုက်တာ သို့မဟုတ် အရာရှိသည် သင့်လျော်သည့် ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ထားကြောင်း၊ သို့မဟုတ်

(၃) ဒါရိုက်တာ သို့မဟုတ် အရာရှိကဆောင်ရွက်ရမည့်တာဝန်နှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်တွင် ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် သင့်လျော်သည့်ကိစ္စရပ်များအားလုံးကိုဆောင်ရွက်ထားကြောင်း၊ သို့မဟုတ်

(၄) ဤကိစ္စရပ်တွင် ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဤဥပဒေအရ သတ်မှတ်ချက်များကို ၎င်းတို့ကိုယ်တိုင်ဖြစ်စေ၊ ဘုတ်အဖွဲ့ကဖြစ်စေ လိုက်နာဆောင်ရွက်ရန်အတွက် သင့်လျော်သည့်ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း။

(ခ) ပုဒ်မ ၄၃၆ ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ ဒါရိုက်တာ သို့မဟုတ် အရာရှိက အောက်ပါအတိုင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ကုမ္ပဏီက ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် စွဲချက်တင်ထားသော ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးဦးအတွက် ခုခံချေပချက်တစ်ရပ်ဖြစ်သည် -

(၁) ကုမ္ပဏီသည် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် သင့်လျော်သည့်ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ထားကြောင်း၊ သို့မဟုတ်

(၂) ဒါရိုက်တာ သို့မဟုတ် အရာရှိက ကုမ္ပဏီသည် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် အတွက် သင့်လျော်သည့်ကိစ္စရပ်များ အားလုံးကို ဆောင်ရွက်ထားကြောင်း၊ သို့မဟုတ်

(၃) ဤကိစ္စရပ်တွင် ဒါရိုက်တာ သို့မဟုတ် အရာရှိက ကုမ္ပဏီသည် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် သင့်လျော်သည့်ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း။

၄၆၂။**ဆန့်ကျင်ဆောင်ရွက်ကြောင်း မြွက်ဟကြေညာပြီးနောက် တာဝန်ရှိမှုများမှကင်းလွတ်ခွင့်ပြုခြင်း**

(က) ပုဒ်မ ၄၃၆ ပါ ပြဋ္ဌာန်းချက်များကိုကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ ဤအပိုင်းအရ ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားစွဲဆိုစစ်ဆေးမှုများအား ဆောင်ရွက်ခြင်းနှင့် တရားစွဲဆိုစစ်ဆေးရာတွင် ထိုသူသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ သတ်မှတ်ဖော်ပြထားသည့် အခြားစည်းကမ်းချက်ကိုဖြစ်စေ ဆန့်ကျင်ဆောင်ရွက်ကြောင်း သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်နိုင်ကြောင်း တရားရုံးက တွေ့ရှိသော်လည်း အောက်ပါကိစ္စရပ်များဖြစ်ပါက-

(၁) ထိုသူသည်သဘောရိုးဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့လျှင်၊ ၎င်းပြင်

(၂) ထိုသူက ကုမ္ပဏီ၏အရာရှိ သို့မဟုတ် ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ အပါအဝင် အမှုတွင်ပါရှိသည့်အကြောင်းအရာအားလုံးတို့တွင် ထိုသူသည် ဆန့်ကျင်ဆောင်ရွက်ခြင်းအတွက် ကင်းလွတ်ခွင့်ပြုသင့်ကြောင်းတွေ့ရှိခဲ့လျှင် တရားရုံးသည် ဆန့်ကျင်ဆောင်ရွက်မှုအတွက် ထိုသူနှင့်သက်ဆိုင်မည့် သို့မဟုတ် အခြားနည်းတာဝန်ရှိနိုင်မည့်တာဝန်ရှိမှု တစ်ရပ်လုံးကိုဖြစ်စေ၊ ယင်း၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထိုသူအား ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) တစ်ဦးတစ်ယောက်က ဤဥပဒေပါ ပြဋ္ဌာန်းချက်များအား ဆန့်ကျင်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆိုဆောင်ရွက်မှုများကို ပြုလုပ်မည်ဟု ထင်မြင်လျှင် ထိုသူသည် သက်သာခွင့်ရရှိရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) အရ တင်ပြလျှောက်ထားလာလျှင်၊ တရားရုံးသည် တရားစွဲဆိုဆောင်ရွက်မှုကိုပြုလုပ်သကဲ့သို့ ဤပုဒ်မ၏ ပုဒ်မခွဲ (က)အရ သက်သာခွင့်ကိုပေးအပ်နိုင်သည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် သက်သာခွင့်ပေးအပ်နိုင်သည့် တရားရုံး၏ အခြားသောအခွင့်အာဏာများကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေရ။

**စာမျက်နှာ ၂ သို့**

စာမျက်နှာ ၁ မှ

**အပိုင်း(၈)**

**အထွေထွေ**

**အခန်း(၃၁) အထွေထွေပြဋ္ဌာန်းချက်များ**

၄၆၃။**စည်းမျဉ်းများ၊ နည်းဥပဒေများ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားချက်များကို ထုတ်ဝေနိုင်သည့်အခွင့်အာဏာ**

(က) ဤဥပဒေအရဖြစ်စေ၊ အခြားသောသက်ဆိုင်ရာ ဥပဒေအရဖြစ်စေရရှိထားသည့် အခွင့်အာဏာ သို့မဟုတ် ယင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ-

(၁) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဤဥပဒေအား အကောင်အထည်ဖော်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။ ၎င်းအပြင်

(၂) မှတ်ပုံတင်အရာရှိသည် ဤဥပဒေအား အကောင်အထည်ဖော်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်သောအမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဇယားများနှင့်ပုံစံများကို ထုတ်ပြန်နိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ပြုလုပ်သည့်စည်းမျဉ်း၊ နည်းဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာ သို့မဟုတ် ညွှန်ကြားချက်အားလုံးကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ထိုသို့ဖော်ပြပြီးသည့်အခါ ဤဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပြီးဖြစ်သကဲ့သို့ အကျိုးသက်ရောက်စေရမည်။

၄၆၄။**အထူးတရားရုံးများ၊ ခုံရုံးများနှင့်ကော်မရှင်များ ဖွဲ့စည်းတည်ထောင်နိုင်သည့်အခွင့်အာဏာ**

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဤဥပဒေအား အကောင်အထည်ဖော် စီမံဆောင်ရွက်ရန်အတွက် အထောက်အကူဖြစ်စေမည့်ခုံရုံးများ သို့မဟုတ် ကော်မရှင်များကို ဖွဲ့စည်းတည်ထောင်နိုင်ရန်အလို့ငှာ လိုအပ်သော စည်းမျဉ်းဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ အဆိုပါ စည်းမျဉ်းဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့်ဆန့်ကျင်ခြင်း မရှိစေရ။ သို့ရာတွင် အောက်ပါတို့နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို ထည့်သွင်း ဖော်ပြနိုင်သည် -

(၁) ခုံရုံး သို့မဟုတ် ကော်မရှင်တို့က ထုတ်ပြန်နိုင်သောအမိန့်များအပါအဝင် ခုံရုံး သို့မဟုတ် ကော်မရှင်တို့၏ အခွင့်အာဏာများ၊ တာဝန်များ၊ လုပ်ငန်းများနှင့်လုပ်ထုံးလုပ်နည်းများ။ အဆိုပါ ဆောင်ရွက်မှုများသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ တရားရုံးသို့ အပ်နှင်းထားသည့်အခွင့်အာဏာများ၊ တာဝန်များနှင့် လုပ်ငန်းများထက် ကျော်လွန်ခြင်းမရှိစေရ၊

(၂) ခုံရုံး သို့မဟုတ် ကော်မရှင်၏ စီရင်ပိုင်ခွင့်နယ်ပယ်အတွင်း ဆုံးဖြတ်ဆောင်ရွက်နိုင်သည့်အထွေထွေ သို့မဟုတ် အထူးကိစ္စရပ်များနှင့် ခုံရုံး သို့မဟုတ် ကော်မရှင်၏ဆုံးဖြတ်ချက်များကို ပြင်ဆင်မှု သို့မဟုတ် အယူခံမှုများ တင်သွင်းဆောင်ရွက်ခြင်းအတွက် လုပ်ငန်းစဉ်များ၊

(၃) ခုံရုံး သို့မဟုတ် ကော်မရှင်အဖွဲ့ဝင်များ၏ အရေအတွက်နှင့် ၎င်းတို့၏ အရည်အချင်းသတ်မှတ်ချက်များ၊

(၄) ခုံရုံး သို့မဟုတ် ကော်မရှင်အဖွဲ့ဝင်များကို ခန့်အပ်ခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းနှင့်၎င်းတို့၏လစ်လပ်သောနေရာများကို အစားထိုးခန့်ထားခြင်းများနှင့် သက်ဆိုင်သည့်လုပ်ထုံးလုပ်နည်းများ၊

(၅) ခုံရုံး သို့မဟုတ် ကော်မရှင်၏အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းများနှင့်စပ်လျဉ်းသည့် အလုပ်ခန့်အပ်မှုဆိုင်ရာစည်းကမ်းချက်များ၊

(၆) ယာယီဖွဲ့စည်းတည်ထောင်သော သို့မဟုတ် အမြဲတမ်းဖွဲ့စည်းတည်ထောင်သော သို့မဟုတ် အထူးကိစ္စရပ်အတွက် ဖွဲ့စည်းတည်ထောင်သော ခုံရုံး သို့မဟုတ် ကော်မရှင်များအပါအဝင်ခုံရုံး သို့မဟုတ် ကော်မရှင်၏သက်တမ်းနှင့်

(၇) ခုံရုံး သို့မဟုတ် ကော်မရှင်၏ ဘဏ္ဍာငွေကိစ္စနှင့် ခုံရုံး သို့မဟုတ် ကော်မရှင်က အခကြေးငွေ၊ ဒဏ်ငွေ သို့မဟုတ် ပြစ်ဒဏ်များကို သတ်မှတ်ခြင်းနှင့် အခကြေးငွေများကို ကောက်ခံခြင်းများအတွက် ဆောင်ရွက်နိုင်မှုများ။

(ခ) သက်ဆိုင်ရာဥပဒေများနှင့်အညီ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အားရယူပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်၍ ဤဥပဒေအား အကောင်အထည်ဖော် စီမံဆောင်ရွက်ရန် အထောက်အကူဖြစ်စေမည့် အထူးတရားရုံးတစ်ရုံးရုံးကို တည်ထောင်နိုင်ရေးအတွက် အဆိုပြုတင်ပြနိုင်သည်။

**အခန်း (၃၂) အကျိုးသက်ရောက်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ကူးပြောင်းခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ**

၄၆၅။**ယခင်ဥပဒေနှင့်စပ်လျဉ်းသည့်ပြဋ္ဌာန်းချက်များ**

(က) ယခင်ဥပဒေနှင့် ယင်းဥပဒေတွင်ပါဝင်သော နောက်ဆက်တွဲဇယားများသည် ဤဥပဒေစတင်အာဏာတည်သည့်နေ့တွင်ပယ်ဖျက်ပြီးဖြစ်စေရမည်။

(ခ) ယခင်ဥပဒေအား ပယ်ဖျက်ပြီးနောက်ပိုင်းတွင် ထိုဥပဒေအရ ဆောင်ရွက်ပြီးသည့်ကိစ္စရပ်များ သို့မဟုတ် ဆောင်ရွက်ဆဲကိစ္စရပ်များသည် ဤအခန်းနှင့်အညီလည်းကောင်း၊ ယင်း၏ ထပ်မံပြဋ္ဌာန်းချက်များအရ လည်းကောင်း ဤဥပဒေအရ ဆောင်ရွက်ပြီး သို့မဟုတ် ဆောင်ရွက်ဆဲကိစ္စရပ်များဖြစ်သည်ဟု သတ်မှတ်ရမည်။

၄၆၆။**ကုမ္ပဏီဖျက်သိမ်းခြင်းအတွက် တရားစွဲဆိုဆောင်ရွက်ခြင်းအား ဆိုင်းငံ့ထားခြင်း၏အကျိုးသက်ရောက်မှု**

ကုမ္ပဏီဖျက်သိမ်းခြင်းနှင့်စပ်လျဉ်းသည့် ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ဤဥပဒေစတင်အာဏာတည်သည့်နေ့ရက် မတိုင်မီက စတင်ပြုလုပ်နေခဲ့သည့် ကုမ္ပဏီဖျက်သိမ်းခြင်းကို ဆောင်ရွက်နေသောကုမ္ပဏီတစ်ခုခုနှင့်သက်ဆိုင်ခြင်းမရှိစေရ။ သို့သော် ထိုကုမ္ပဏီအားလုံးသည် ဤဥပဒေအားပြဋ္ဌာန်းထားခြင်း မရှိသကဲ့သို့ ယခင်အလားတူကိစ္စရပ်များအတိုင်း အလားတူနည်းလမ်းများဖြင့် ဖျက်သိမ်းဆောင်ရွက်ရမည်။

၄၆၇။**စာရွက်စာတမ်းများ၏အကျိုးသက်ရောက်မှု**

ဤဥပဒေစတင်အာဏာတည်သည့်နေ့ရက်မတိုင်မီက ဤဥပဒေဖြင့် ပယ်ဖျက်လိုက်သည့် ဥပဒေတစ်ရပ်ရပ်နှင့်အညီ ပြုလုပ်ထားသော လွှဲပြောင်းထားသည့် စာရွက်စာတမ်းများ သို့မဟုတ် အခြားစာရွက်စာတမ်းများအားလုံးသည် ဤဥပဒေအား ပြဋ္ဌာန်းထားခြင်းမရှိသကဲ့သို့ ယခင်အတိုင်းအကျိုးသက်ရောက်စေရမည်ဖြစ်ပြီး အဆိုပါ စာရွက်စာတမ်းများပါ ကိစ္စရပ်များအတွက် ပယ်ဖျက်လိုက်သောဥပဒေသည် ဆက်လက်အကျိုးသက်ရောက်နေဘိသကဲ့သို့မှတ်ယူရမည်။

၄၆၈။**မှတ်ပုံတင်ထားခြင်းနှင့်စပ်လျဉ်းသည့် ယခင်ကရုံးခန်းများ၊ မှတ်ပုံတင်စာရင်းများနှင့် မှတ်ပုံတင်အရာရှိများသည် ဆက်လက်အကျိုးသက်ရောက်ခြင်း**

(က) ဤဥပဒေ စတင်အာဏာတည်သည့်နေ့ရက်တွင် တည်ရှိဆဲကုမ္ပဏီမှတ်ပုံတင်ရုံးများသည် ဤဥပဒေအရ တည်ထောင်ထားခြင်းဖြစ်သကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်။

(ခ) အဆိုပါ တည်ရှိဆဲရုံးများတွင် ထိန်းသိမ်းထားရှိသည့်မှတ်ပုံတင်စာရင်းများသည် ဤဥပဒေအရ ထိန်းသိမ်းထားရှိရမည့်ကုမ္ပဏီများအတွက် မှတ်ပုံတင်စာရင်းများ၏ အစိတ်အပိုင်းများကဲ့သို့ အသီးသီးမှတ်ယူရမည်။

(ဂ) လက်ရှိ မှတ်ပုံတင်အရာရှိနှင့် ထိုမှတ်ပုံတင်ရုံးများရှိအရာရှိများသည် ဆက်လက်တာဝန်ထမ်းဆောင်ရမည်။ သို့သော် ၎င်းတို့၏တာဝန်များဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၏စည်းမျဉ်းများကိုလိုက်နာရမည်။

၄၆၉။**တည်ဆဲမှတ်ပုံတင်ထားသည့်ကုမ္ပဏီများသည် ဆက်လက်မှတ်ပုံတင်ခြင်း**

(က) ပုဒ်မ(၄၂၁)၏ ပုဒ်မခွဲ(ဃ)နှင့်အညီ ကုမ္ပဏီတစ်ခုခု သို့မဟုတ် အခြားအဖွဲ့အစည်း တစ်ခုခုသည် ယခင်ဥပဒေအရ မှတ်ပုံတင်ထားခဲ့ပြီး ထိုသို့မှတ်ပုံတင်ထားခြင်းသည် ဤဥပဒေစတင်အာဏာတည်သည်နှင့်တစ်ပြိုင်နက် ဆက်လက်အကျိုးသက်ရောက်နေလျှင် ထိုကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ မှတ်ပုံတင်ခြင်းသည် ဤဥပဒေ၏အပိုင်း(၂)တို့အရ သက်ဆိုင်သည့်အမျိုးအစားအလိုက်ဖြစ်သော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများကိုမှတ်ပုံတင်ခြင်းဖြစ်သကဲ့သို့ စတင်သည့်အချိန်မှစ၍ အကျိုးသက်ရောက်စေရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)နှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် ကူးပြောင်းကာလအတွင်း နိုင်ငံတော်အတွင်း အများအားဖြင့်နေထိုင်သူတစ်ဦးကို ဒါရိုက်တာတစ်ဦးအဖြစ် ခန့်အပ်ရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)နှင့်သက်ဆိုင်သော ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ကူးပြောင်းကာလအတွင်း အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိတစ်ဦးကို ခန့်အပ်ရမည်။

၄၇၀။**လျှောက်ထားမှုများကိုဆက်လက်ဆောင်ရွက်ရခြင်း**

(က) ယခင်ဥပဒေအရပြုလုပ်ခဲ့သော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်အား မှတ်ပုံတင်ခြင်းအတွက် လျှောက်ထားမှုသည် ဤဥပဒေစတင်အာဏာတည်သည့်နေ့အထိ ပြီးပြတ်ခြင်းမရှိသေးပါက လျှောက်ထားသူက ပြန်လည်ရုပ်သိမ်းခြင်းမပြုလျှင်ဤ ဥပဒေအရပြုလုပ်သော လျှောက်ထားမှုတစ်ရပ်အဖြစ် သတ်မှတ်ရမည်။

(ခ) ဤဥပဒေအရ လျှောက်ထားမှုနှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံစေရန်အတွက် ဤပုဒ်မ၏ပုဒ်မခွဲ(က)တွင် ရည်ညွှန်းဖော်ပြထားသော လျှောက်လွှာတင်ခြင်းကို ပြင်ဆင်ရန်အတွက် လျှောက်ထားသူက တောင်းခံတင်ပြနိုင်သည် သို့မဟုတ် မှတ်ပုံတင်အရာရှိက ဆောင်ရွက်စေနိုင်သည်။

၄၇၁။ **တည်ဆဲစည်းမျဉ်းများအချို့ကို ပယ်ဖျက်ခြင်းနှင့် အခြားသော စည်းမျဉ်းများဆက်လက်အကျိုးသက်ရောက်ခြင်း**

(က) ဤဥပဒေစတင်အာဏာတည်သည့်အခါတွင် ၁၉၄၀ ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများနည်းဥပဒေ ၈ မှ ၃၀ အားလုံးအပါအဝင်နှင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ၏ နောက်ဆက်တွဲပုံစံများမှ ပုံစံ ၁ မှ ၉အားလုံးအပါအဝင်တို့သည် ပျက်ပြယ်စေရမည်။

(ခ) ၁၉၅၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ စည်းမျဉ်းသည် ဤဥပဒေစတင်အာဏာတည်သည့်နေ့တွင် ပျက်ပြယ်ပြီးဖြစ်သည်။

(ဂ) ဤပုဒ်မ၏ပုဒ်မခွဲ (က) နှင့် (ခ) ပါပြဋ္ဌာန်းချက်များမှအပ လိုက်နာလျက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်တူညီပြီး ဤဥပဒေစတင်အာဏာတည်သည့်နေ့ မတိုင်မီနေ့ရက်အထိ အာဏာသက်ဝင်၍ အသုံးပြုလျက်ရှိသော ယခင်ဥပဒေပါတူညီသောပြဋ္ဌာန်းချက်များအတွက် ပြုလုပ်ထားသော စည်းမျဉ်းများသည် သက်ဆိုင်သမျှ ဤဥပဒေ စတင်အာဏာတည်သည့်နောက်ပိုင်း လိုအပ်သော ပြင်ဆင်ချက်များနှင့်အတူ အောက်ပါအတိုင်း ဆက်လက်အကျိုးသက်ရောက်စေရမည်-

(၁) ထိုစည်းမျဉ်းများသည် ဤဥပဒေ၏ ပုဒ်မ၄၇၁အရအကျိုးသက်ရောက်သည့် စည်းမျဉ်းများဖြစ်သည်၊

(၂) ထိုစည်းမျဉ်းများသည် ဤဥပဒေပါ တူညီသော ပြဋ္ဌာန်းချက်များ၏ကိစ္စရပ်များအတွက် ပြုလုပ်ထားခြင်းဖြစ်သည်။

၄၇၂။**သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ထားသည့်ကိစ္စရပ်များသည်ဆက်လက်အကျိုးသက်ရောက်ခြင်း**

ဤအခန်းပါအခြားပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ၊ အကြောင်းကိစ္စတစ်ရပ်ရပ်သည် -

(က) ဤဥပဒေစတင်အာဏာတည်ခြင်းမရှိမီက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် တူညီသော ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ သို့မဟုတ် ထိုပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်လျှင်၊

(ခ) အဆိုပါ ပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များအတွက် ဤဥပဒေစတင်အာဏာတည်သည့်နေ့အထိ ယခင်ဥပဒေပါ ကိစ္စရပ်များအတွက် အလို့ငှာ ဆက်လက်ဆောင်ရွက်နေလျှင်၊ ထိုအကြောင်းကိစ္စများသည် ဤဥပဒေ၏ တူညီသော ပြဋ္ဌာန်းချက်အရ သို့မဟုတ် အဆိုပါ ပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များအတွက် ဆောင်ရွက်ပြီးဖြစ်သကဲ့သို့ ဤဥပဒေ စတင်အာဏာတည်ပြီးနောက် အကျိုးသက်ရောက်စေရမည် သို့မဟုတ် သက်ဆိုင်စေရမည်။

၄၇၃။**ရရှိထားသောအခွင့်အရေးများကိုဆက်လက်ခံစားခွင့်ရှိခြင်း**

ဤအခန်းပါ အခြားသော ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ၊ ဤဥပဒေစတင်အာဏာတည်ခြင်းမရှိမီက တစ်ဦးတစ်ယောက်က ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်တူညီသော တရားရုံး၏ အမိန့်အရရရှိသည့်ကိစ္စရပ်မှအပ ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ အခွင့်အရေး သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်ကို ရရှိထားလျှင် အဆိုပါအခွင့်အရေး သို့မဟုတ် တာဝန်ရှိမှုသည် ဤဥပဒေပါတူညီသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ထိုပြဋ္ဌာန်းချက်သည် အခွင့်အရေး သို့မဟုတ် တာဝန်ရှိမှုကို ဖြစ်ပေါ်စေသောအပြုအမူ သို့မဟုတ် အခြေအနေများနှင့် သက်ဆိုင်သကဲ့သို့ ဆက်လက်တည်ရှိသည်ဟု မှတ်ယူရမည်။

၄၇၄။**စာရွက်စာတမ်းများတွင် ယခင်ဥပဒေကို ရည်ညွှန်းဖော်ပြချက်များအကြောင်း**

(က) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)နှင့်အညီ ယခင်ဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် စည်းကမ်းချက်ကို သော်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ အခြားသက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း ရည်ညွှန်းဖော်ပြချက်တစ်ရပ်ရပ်သည် ဤဥပဒေစတင်အာဏာတည်ပြီးနောက် ဤဥပဒေကို ရည်ညွှန်းဖော်ပြသည် သို့မဟုတ် ဤဥပဒေပါ သက်ဆိုင်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် စည်းကမ်းချက်ကို ရည်ညွှန်းဖော်ပြသည်ဟုသတ်မှတ်ရမည်။

(ခ) ဤဥပဒေအရ ပြုလုပ်သည့်စည်းမျဉ်းများတွင် ဤပုဒ်မ၏ ပုဒ်မခွဲ(က) သည် သတ်မှတ်ဖော်ပြထားသည့် သက်ဆိုင်ရာ ဥပဒေများတွင် သတ်မှတ်ဖော်ပြပါရှိသည့် ရည်ညွှန်းဖော်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ခြင်းမရှိစေရဟု ဖော်ပြရမည်။

၄၇၅။**ကူးပြောင်းခြင်းဆိုင်ရာစည်းမျဉ်းများပြုလုပ်ခြင်း**

(က) ဤဥပဒေအရ ပြုလုပ်သည့်စည်းမျဉ်းများသည် ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်မှုများမှ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်မှုများအဖြစ်သို့ ကူးပြောင်းခြင်းနှင့်စပ်လျဉ်းသော အကျိုးသက်ရောက်မှုများ သို့မဟုတ် ကူးပြောင်းမှုအခြေအနေဆိုင်ရာကိစ္စရပ်များနှင့်သက်ဆိုင်သည်။ ထိုစည်းမျဉ်းများသည် ဤအခန်းတွင် အခြားနည်းဖော်ပြထားစေကာမူ အကျိုးသက်ရောက်မှုရှိစေရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ ထိုစည်းမျဉ်းများသည် အောက်ပါနည်းလမ်းတစ်ရပ်ရပ်တွင် အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ သက်ဆိုင်သည့်အကြောင်းကိစ္စအတွက်ဖော်ပြနိုင်သည် -

(၁) ထိုအကြောင်းကိစ္စအပေါ် ပြင်ဆင်ချက်ဖြင့်ဖြစ်စေ၊ ပြင်ဆင်ချက်မပြု၍ဖြစ်စေ အောက်ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်-

(ကက) ဤဥပဒေစတင်အာဏာတည်သည့်နေ့ရက်အထိ သို့မဟုတ် စောရာအချိန်ကာလ တစ်ရပ်အထိ အကျိုးသက်ရောက်မှုရှိသည့် ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သို့မဟုတ်

(ခခ) ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သို့မဟုတ်

(ဂဂ) အပိုဒ်ခွဲငယ် (ကက) နှင့် (ခခ) တို့တွင်ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များကို ပေါင်းစပ်၍ လည်းကောင်း၊

(၂) ထိုအကြောင်းကိစ္စနှင့် သက်ဆိုင်သော အခြားနည်းဖြင့် သတ်မှတ်ထားသည့် နည်းဥပဒေများအရ လည်းကောင်း၊

(၃) ဤဥပဒေပါ ကိစ္စရပ်များအတွက် ထိုအကြောင်းကိစ္စနှင့် အကျိုးဆက်များ သို့မဟုတ် ထိုအကြောင်းကိစ္စ၏ ရလဒ်ကို သတ်မှတ်ဖော်ပြခြင်းဖြင့်လည်းကောင်း။

(ဂ) စည်းမျဉ်းများတွင် ဤအခန်းပါ အချို့သော ပြဋ္ဌာန်းချက်များသည် စည်းမျဉ်းများတွင် ဖော်ပြထားသည့်အတိုင်း ပြင်ဆင်သတ်မှတ်ကြောင်း ဖော်ပြနိုင်သည်။ အဆိုပါ ပြဋ္ဌာန်းချက်များသည် ထိုသို့ပြင်ဆင်ထားသကဲ့သို့ အကျိုးသက်ရောက်စေရမည်။ **စာမျက်နှာ ၃ သို့**

## ပြည်တွင်းရေးရာ

# ကဝမြို့နယ်၌ (၁၆ )ခုတင်ဆံ့ ချမ်းသာတိုက်နယ်ဆေးရုံဖွင့်

**ကဝ ဇန်နဝါရီ ၂၁**
နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏ ကျန်းမာရေးမှာ အခြေခံအဓိကအကျဆုံးဖြစ်သောကြောင့် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သပြုကျေးရွာ၌ (၁၆)ခုတင်ဆံ့ ချမ်းသာတိုက်နယ်ဆေးရုံသစ်အား ဒေသခံလူနာရှင်ပြည်သူများအတွက် ဇန်နဝါရီ ၁၅ ရက် နံနက်က ဖွင့်လှစ်သည်။

ချမ်းသာဆောက်လုပ်ရေးမိသားစုက ငွေကျပ်သိန်းပေါင်း ၇၀၀၀ အကုန်ကျခံကာ ဆောက်လုပ်လှူဒါန်းသော (၁၆) ခုတင်ဆံ့ ချမ်းသာတိုက်နယ် ဆေးရုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက ဆေးရုံသစ်ဝင်းအတွင်း၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွှန့်ရွှေနှင့် စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေးဒေါက်တာဌေးအောင်၊ အလှူရှင်များ၊ဆေးရုံသစ်ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်ဒေသခံများ တက်ရောက်ကြသည်။

အဆိုပါ ချမ်းသာတိုက်နယ်ဆေးရုံသစ်၏ မြေနေရာအကျယ်အဝန်းမှာ ၅ ဒသမ ၀၄ ဧကရှိပြီး ဆေးရုံအဆောက်အအုံ၏ အလျားမှာ ၂၁၆ ပေရှိကာ အနံမှာ ၈၆ ပေရှိသည်။ ဆေးရုံအတွင်း ကျန်းမာရေးကုသဆောင် တွန်းလှည်းခန်း နှစ်ခန်း၊ အဝတ်လဲခန်း နှစ်ခန်း၊ အမျိုးသားလူနာဆောင် တစ်ခန်း၊ အမျိုးသမီးလူနာဆောင်တစ်ခန်း၊ ဓာတ်ခွဲခန်း၊ ဆေးပေးခန်း၊ သူနာပြုခန်း၊ အစည်းအဝေးခန်း၊ လူနာပြုစုခန်း၊ စမ်းသပ်ခန်း၊ ဆေးပစ္စည်းခန်း၊ ဆရာဝန်ခန်း၊ သူနာပြု စတိုခန်း၊ နားနေခန်းနှင့် သားဖွားခန်းများဖြင့် စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ဆရာဝန်၊ သူနာပြုဆရာ၊ ဆရာမများနှင့် အထွေထွေလုပ်သားများနေထိုင်ရန်အတွက် ဝန်ထမ်းဆောင်များအား သီးသန့် ဖွဲ့စည်းထားသည်။

ချမ်းသာဆောက်လုပ်ရေးမိသားစုမှ အလှူရှင် ဦးကျင်တီက "သပြုကျေးရွာမှာ ဆေးရုံဆောက်လုပ်ဖို့အတွက် ခွင့်ပြုချက်ရလို့ ဆောက်လုပ်လှူဒါန်းဖြစ်ခဲ့တာပါ။ ဆေးရုံအတွင်းမှာရှိတဲ့ ပစ္စည်းတွေကတော့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ အခြားအလှူရှင်တွေက ထောက်ပံ့ပေးထားပါတယ်။ ဒေသခံတွေအတွက်ကတော့ အများကြီးအကျိုးရှိသွားပါပြီ။ တစ်ခုခုဖြစ်လို့ ကျန်းမာရေးစောင့်ရှောက်မှုခံယူမယ်ဆိုရင် ခွဲစိတ်ခန်းနဲ့ သားဖွားခန်းကအစ ဆောင်ရွက်ထားတာရှိတော့ ဒီဆေးရုံမှာတင် ကုသလို့ရပါပြီ" ဟု ပြောသည်။

ဒေသခံ ဦးမြင့်ဖေကလည်း "ဒီရွာမှာ တိုက်နယ်ဆေးရုံဆိုတာ ပထမဆုံးဖြစ်လာတာပါ။ အရင်တုန်းကဆို ရွာသူ၊ ရွာသားတွေက ဆေးကုသဖို့ကို ကဝမြို့နယ်ဆေးရုံ၊ ဒါးပိန်တိုက်နယ်ဆေးရုံနဲ့ ဒါမှမဟုတ်ရင် ရန်ကုန်အထိ သွားရောက်ကုသကြရပါတယ်။ ခုလိုအလှူရှင်ရဲ့ သဒ္ဓါတရားထက်သန်စွာ စေတနာထားလှူဒါန်းမှုကြောင့် ရွာကပြည်သူတွေလည်း ကျန်းမာရေးစောင့်ရှောက်ခံယူမှုအပိုင်းကို ထိထိရောက်ရောက် ခံစားနိုင်ကြပါပြီ။ ဒီတိုက်နယ်ဆေးရုံရှိနေပြီဆိုတော့ ကျွန်တော်တို့ ဒေသခံတွေအပါအဝင် ပတ်ဝန်းကျင်ကျေးရွာတွေမှ ကျန်းမာရေးချို့တဲ့သူတွေအတွက် များစွာအထောက်အကူဖြစ်စေရပါပြီ" ဟု ပီတိစကားဆိုလေသည်။

ချမ်းသာတိုက်နယ်ဆေးရုံသစ်၌ ဆရာဝန်တစ်ဦး၊ သူနာပြုလေးဦးနှင့် အထွေထွေလုပ်သားသုံးဦးအား ထားရှိမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သပြုကျေးရွာ၌ အိမ်ခြေ ၁၄၈၆ အိမ်ရှိပြီး လူဦးရေစုစုပေါင်း ၆၀၆၄ ဦးရှိကြောင်း၊ အဆိုပါ ချမ်းသာတိုက်နယ်ဆေးရုံသစ်ဆောက်လုပ်ရန်အတွက် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က ဆေးရုံပန္နက်ချခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆောက်လုပ်ခြင်းလုပ်ငန်းများအား စတင်ခဲ့ကြောင်းနှင့် ၂၀၁၆ ခုနှစ် ဩဂုတ်လ၌ ဆေးရုံဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း ဆေးရုံသစ် ဖြစ်မြောက်ရေးကော်မတီမှ သိရသည်။ **(စိုးဝင်း–MLA)**




# ခရီးသွားပြည်သူများအား ကူညီလျက်ရှိသည့် တက္ကသိုလ်ကင်းထောက်များကို ကင်းထောက်ချုပ် အားပေးစကားပြောကြား

**ရန်ကုန် ဇန်နဝါရီ ၂၁**
အများပြည်သူ ပို့ဆောင်ရေးယာဉ်လိုင်း စနစ်သစ်ပြေးဆွဲမှုအရ ခရီးသွားပြည်သူများအား စေတနာ့ဝန်ထမ်း ကူညီလျက်ရှိကြသည့် ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှတက္ကသိုလ်ကင်းထောက်များအား မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ တွဲဖက်အတွင်းရေးမှူး ဦးအေးကြိုင်နှင့်အဖွဲ့က ဇန်နဝါရီ ၁၈ ရက်တွင် ကြည့်ရှုအားပေးရာ တက္ကသိုလ်ကင်းထောက်တာဝန်ခံ မောင်ကောင်းဆက်ဟိန်းက ကမာရွတ်မြို့နယ်အတွင်းရှိ ကားမှတ်တိုင်များတွင် တက္ကသိုလ်ကင်းထောက်များ ကူညီဆောင်ရွက်မှုများကို ရှင်းလင်းပြသသည်။

ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက ခရီးသွားပြည်သူများအား ကားစီးနင်းရာတွင် အဆင်ပြေချောမွေ့စေရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည့် တက္ကသိုလ်ကင်းထောက်များနှင့် တွေ့ဆုံ အားပေးရာတွင် အများပြည်သူပို့ဆောင်ရေး ယာဉ်လိုင်းစနစ်သစ်ပြေးဆွဲမှုစတင်ရာတွင် သမိုင်းတွင်မည့် အခြား လူမှုအဖွဲ့အစည်းများနှင့်အတူ ဝိုင်းဝန်း ကူညီဆောင်ရွက်ခွင့်ရ၍ တက္ကသိုလ်ကင်းထောက်များအနေဖြင့် ဂုဏ်ယူကြရမည်ဖြစ်ကြောင်း၊ မိမိတို့ကင်းထောက်များ၏ ဆောင်ပုဒ်ဖြစ်သည့် ကောင်းမှုတစ်ခု နေ့စဉ်ပြုဆောင်ပုဒ်နှင့်အညီ ခရီးသွားပြည်သူများ ၎င်းတို့လိုရာကို ရောက်ရှိရန် မိမိတို့ စာသင်ချိန်၊ ကိုယ်ပိုင်အချိန်များကို စွန့်လွှတ်ပြီး ခရီးသွားပြည်သူများ၊ အများအကျိုးအတွက် ဆောင်ရွက်ကြ၍ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ကိုယ်စား ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားသည်။ **ကိုလတ်(သတင်းစဉ်)**

**စာမျက်နှာ ၂ မှ**

၄၇၆။**၁၉၅၀ပြည့်နှစ်၊အထူးကုမ္ပဏီအက်ဥပဒေကိုပယ်ဖျက်ခြင်း**

(က) ဤဥပဒေစတင် အာဏာတည်သည့်နေ့တွင် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေနှင့် ယင်းဥပဒေအရ ပြုလုပ်ခဲ့သည့် အမိန့်ကြော်ငြာစာများ၊ နည်းဥပဒေများ၊ အမိန့်များ၊ ထပ်ဆင့်စာရွက်စာတမ်းများ အားလုံးသည်ပျက်ပြယ်ပြီးဖြစ်စေရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် ၁၉၅၀ပြည့်နှစ်၊အထူးကုမ္ပဏီအက်ဥပဒေအရ "အထူးကုမ္ပဏီ"အဖြစ်တည်ထောင်ထားသည့်ကော်ပိုရေးရှင်းတစ်ရပ်ရပ်၏ တည်ရှိမှုကိုထိခိုက်စေခြင်း မရှိစေရ။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် ၁၉၅၀ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေအရ တည်ထောင်ထားသည့်ကော်ပိုရေးရှင်းအား ဤဥပဒေအရ မှတ်ပုံတင်နိုင်ကြောင်း ဖော်ပြပါရှိသည့် ဤဥပဒေ၏ အခန်း(၉)ပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိစေရ။

၄၇၇။**စီမံအုပ်ချုပ်သော ကိုယ်စားလှယ်ဖြင့် လုပ်ကိုင်ဆောင်ရွက်မှုအားရပ်စဲခြင်း**

(က) ဤဥပဒေ စတင်အာဏာတည်ပြီးနောက် ကုမ္ပဏီတစ်ခုသည် စီမံအုပ်ချုပ်သော ကိုယ်စားလှယ်ကို ထပ်မံခန့်အပ်ခြင်းမပြုရ။ ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ စီမံအုပ်ချုပ်သော ကိုယ်စားလှယ်ခန့်အပ်မည့်အစီအစဉ်တစ်ရပ်ရပ်သည် ဤဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည့်အပြင် အဆိုပါ စီမံအုပ်ချုပ်သော ကိုယ်စားလှယ်ကို ထိုနေ့မှစ၍ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအဖြစ် မှတ်ယူရမည်။

(ခ) ဤဥပဒေ စတင်အာဏာတည်သည့်အချိန်တွင် စီမံအုပ်ချုပ်သော ကိုယ်စားလှယ်တစ်ဦးရှိသည့်ကုမ္ပဏီတစ်ခုခု သို့မဟုတ် အဆိုပါ စီမံအုပ်ချုပ်သော ကိုယ်စားလှယ်တစ်ဦးဦးသည် ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြ၍ စီမံအုပ်ချုပ်သော ကိုယ်စားလှယ်ဖြင့် ဆောင်ရွက်မှုကို ကူးပြောင်းကာလ ကုန်ဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ခွင့်ပြုရန် ဤပုဒ်မ၏ပုဒ်မခွဲ(က)မှ ယာယီကင်းလွတ်ခွင့်အတွက် လျှောက်ထားနိုင်သည်။ လျှောက်ထားမှုကို ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှ (၂၈)ရက်အတွင်း ပြုလုပ်ရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)အရ လျှောက်ထားလာသည့်အခါ ပြည်ထောင်စုဝန်ကြီးသည် ၎င်းသင့်သည်ထင်မြင်သည့်အတိုင်း ကုမ္ပဏီ၏ အကောင်းဆုံးအကျိုးခံစားခွင့်အတွက် ထိုသို့ ဆောင်ရွက်ရန် ဆုံးဖြတ်နိုင်သည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ မည်သည့် စီမံအုပ်ချုပ်သော ကိုယ်စားလှယ်ကိုမျှ လျော်ကြေးပေးခြင်းမရှိစေရ။ သို့ရာတွင် ဤဥပဒေစတင်အာဏာတည်သည့်နေ့တွင် စီမံအုပ်ချုပ်သော ကိုယ်စားလှယ်သို့ ပေးရန်ကျန်ရှိသည့် ငွေကြေးများကို ဆက်လက်ပေးချေစေရမည်။




# နတ်တလင်းမြို့နယ် တောင်ညိုဆည်ရေသောက် ဧက ၅၀၀၀၀ ကျော် ရေဖြန့်ဖြူးနိုင်ရေးဆောင်ရွက်

**နတ်တလင်း ဇန်နဝါရီ ၂၁**
ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) တောင်နဝင်းဆည်၊ မြောက်နဝင်းဆည်၊ ဝဲကြီးဆည်၊ တောင်ညိုဆည်တို့၏ ဆည်ရေသောက်ဧရိယာ မြှင့်တင်ခြင်းလုပ်ငန်းကို ဂျပန်နိုင်ငံ ချေးငွေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီမံကိန်းကာလသုံးနှစ်ဖြင့် အပြီးဆောင်ရွက်ရန် သတ်မှတ်ပြီးဖြစ်သည်။

ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံဌာနမှ ဦးစီးမှူး ဦးစဝ်ခွန်ဦးအား တွေ့ဆုံမေးမြန်းရာ နတ်တလင်းမြို့နယ် တောင်ညိုဆည်ရေသောက်စနစ်တူးမြောင်းအား သတ်မှတ်ထားသော ဒီဇိုင်းပုံစံဖြင့် ရေထုစီးဆင်းနိုင်ရေးအတွက် ကွန်ကရစ်တိုင်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေပေးရေယူအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်း၊ ရေထုတ်လမ်းတူးမြောင်းဖြတ် တံတားများ ပြုပြင်တည်ဆောက်လျက်ရှိကြောင်း၊ တောင်ညိုဆည်ရေသောက်ဧက ၅၀၀၀၀ ကျော်ရှိပြီး သင့်တော်သောဒေသနှင့် လိုက်လျောညီထွေမှုရှိသော သီးနှံစိုက်ပျိုးမှုပုံစံဖြင့် ဆည်ရေပေးဝေမှုပုံစံညီမျှမှုရှိအောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မြေသားမြောင်းများဖြင့် နှစ်ကာလကြာမြင့်လာခြင်းတို့ကြောင့် သီးနှံများ အောင်ရေလိုအပ်သည့်အချိန်တွင် လိုအပ်သော ရေပမာဏ မရောက်ရှိခြင်းကြောင့် တောင်သူများအနေဖြင့် အခက်အခဲရှိနေကြောင်း၊ ယခုတူးဖော်ဆောင်ရွက်နေသော ရေမြောင်းပြုပြင်ပြီးစီးလျှင် သတ်မှတ်ထားသော ရေထု စီးဆင်းနှုန်းသည် တောင်သူများ၏ လိုအပ်သော ရေပမာဏကို ရရှိမည်ဖြစ်၍ စိုက်ပျိုးရေးကဏ္ဍတွင် အဆင်ပြေကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ၎င်းက ရေသောက်ပြုပြင်ခြင်းစနစ်လုပ်ငန်းနှင့်အတူ တောင်သူများအတွက် အထူးအရေးပါပြီး ရေအသုံးချမှု အဖွဲ့ Water User Group ကို ဂျပန်အတိုင်ပင်ခံအဖွဲ့မှ ဦးဆောင်ဖွဲ့စည်းပေးပြီး တောင်သူများက ရေအသုံးချရေးအဖွဲ့ ဖွဲ့စည်းပြီး စနစ်တကျခွဲဝေသုံးစွဲကြရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော်မှ ၂၆ ဘီလီယံခန့် အကုန်ကျခံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောပြသည်။ **ဝ၇၁**

# နွေစပါးစိုက်ပျိုးချိန်အမီ ရေဆိုးထုတ်မြောင်းများနှင့် မြောင်းကူးတံတားများ တိုးချဲ့ပြုပြင်



**ပွင့်ဖြူ ဇန်နဝါရီ ၂၁**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ ကျေးလက်နေဒေသခံပြည်သူများသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်လျက်ရှိရာ ကြီးအုံ-ကြီးဝရေလှောင်တမံမှတစ်ဆင့် ပို့လွှတ်သော မုန်းချောင်းရေအား မဲဇလီရေလွှဲဆည်မှ တစ်ဆင့် တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှ ဖြန့်ဝေသည့် စိုက်ပျိုးရေကို အဓိကအားထား အသုံးပြုလျက်ရှိသည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေများဖြင့် ဒေသခံတောင်သူများ နွေစပါး စိုက်ပျိုးချိန်အမီ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် ကျေးလက်နေပြည်သူများ သွားလာရေးလွယ်ကူစေရန် မြောင်းကူးတံတားများ တိုးချဲ့တည်ဆောက်လျက်ရှိရာ တောင်မုန်းမြောင်းမကြီး ဘိုကုန်းကျေးရွာအနီးရှိ လက်တံ(၆)နှင့် (၇)ကြားရှိ ရေဆိုးထုတ်မြောင်းအား အရှည်ပေ ၂၆၅၀၀၊ အကျယ် ၁၀ ပေ၊ အနက် ငါးပေ တိုးချဲ့ပြုပြင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေဆိုးထုတ်မြောင်း တိုးချဲ့ပြုပြင်ခြင်းဖြင့် ညောင်ပင်ရွာ၊ အင်းဒေါင်းကျေးရွာ၊ ကျောက်ကုန်းကျေးရွာနှင့် ကျောင်းတော်ရာကျေးရွာ အုပ်စုတို့အတွင်းရှိ လယ်ဧက ၅၀၀ ကျော် ရေနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်သည်။ ထို့အပြင် ဘုမချောင်း(ခ) အုန်းပွဲချောင်း၊ ဖိုးဖျင်းချောင်း၊ ချောင်းဖြူချောင်းနှင့် ကျိုင်းချောင်း ရေဆိုးထုတ်မြောင်းများကိုလည်း တိုးချဲ့ပြုပြင် ဆောင်ရွက်လျက်ရှိသည်။ ဆည်တော်ကျေးရွာအနီးရှိ ကျိုင်းချောင်း Super Passage ရေဆိုးထုတ်တံတားမှာ ယခင် ရေဆိုးထုတ်တံတားဖြင့် မလုံလောက်သဖြင့် တိုးချဲ့၍ အရှည် ၉၉ ပေ ၃ လက်မ၊ အကျယ် ငါးပေပတ်လည်ရှိ ရေထုတ်ပေါက်နှစ်ပေါက်ကို သံကူကွန်ကရစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

မဲဇလီကျေးရွာနှင့် ဆည်တော်ကျေးရွာအနီးရှိ ရေလွှဲဆည်မှ မြောင်းကူးတံတားများမှာ နှစ်ပေါင်း ၁၀၀ ကျော် ကြာမြင့်နေပြီဖြစ်၍ ကြံ့ခိုင်မှုအားနည်းနေလျက်ရှိရာ တောင်မုန်းမြောင်းမကြီး ဆည်တော်ကျေးရွာအနီးတွင် မြောင်းကူးသံကူကွန်ကရစ်တံတားအား အရှည် ပေ ၁၂၀၊ အကျယ် ၁၄ ပေ၊ မြောက်မုန်းမြောင်းမကြီး မဲဇလီကျေးရွာအနီးတွင် အရှည်ပေ ၁၀၀၊ အကျယ် ၁၄ ပေရှိ သံကူကွန်ကရစ် မြောင်းကူးတံတားများအား ဇန်နဝါရီလအတွင်း အပြီးတည်ဆောက်လျက်ရှိသည်။ အဆိုပါတံတားများသည် ပုသိမ်-မုံရွာကားလမ်းမှတစ်ဆင့် ပွင့်ဖြူမြို့နှင့်ဆက်သွယ်သည့် မြောင်းဘောင်လမ်းတွင် အဓိကအားထားရ၍ ဒေသခံပြည်သူများ ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်သည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု ရန်ပုံငွေနှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း စုစုပေါင်း ၄၄ ခုအား နွေစပါးစိုက်ပျိုးချိန်အမီ စိုက်ပျိုးရေပြည့်ဝစွာ ပေးဝေနိုင်ရန် ဦးစီးအရာရှိ ဦးစိုးလွင်နှင့် ဦးစီးမှူး၊ ဒု-ဦးစီးမှူးများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သူရထွန်း(ပွင့်ဖြူ)**

# မင်းစုံတောင် တိရစ္ဆာန်ဘေးမဲ့တောတွင် ကြယ်လိပ် ၂၃၀၀ ကျော်ရှိ

**နွားထိုးကြီး ဇန်နဝါရီ ၂၁**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ ရှားပါးမျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရှားပါးမျိုးစိတ် ကြယ်လိပ်များကို ထိန်းသိမ်းစောင့်ရှောက်ထားရာ ကြယ်လိပ်အကောင်ရေ ၂၃၀၀ ကျော်အထိ ရှိလာပြီဖြစ်သည်။

ကြယ်လိပ်များကို စနစ်တကျ မွေးမြူစောင့်ရှောက်ထားပြီး ဥချိန်မှအစ စာရင်းကောက်ယူကာ ပေါက်ဖွားသည့် ခုနှစ်အလိုက် မှတ်တမ်းများပြုထားသည်။ မြန်မာ့ကြယ်လိပ် (Myanmar Star Tortoise) သိပ္ပံအမည် (Geochelone Platynota) သည် မြန်မာနိုင်ငံ၌သာတွေ့ရှိရသော ဒေသရင်းမျိုးစိတ် (Endemic Species) ပင်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၏ အပူပိုင်းခြောက်သွေ့သော ဒေသများတွင် နေထိုင်ကျက်စားလေ့ရှိသည်။ ဒေသအလိုက် ကြယ်လိပ်၊ ဆီချိုလိပ်၊ ပင့်ကူလိပ်၊ ပန်းလိပ်၊ ရွှေလိပ်၊ နတ်လိပ် ဟုခေါ်ဆိုသော လိပ်များပင်ဖြစ်သည်။

ကြယ်လိပ်များသည် မှိုအသီးအရွက် အပွင့်တို့ကိုသာမက တီကောင်၊ ခရုတို့ကိုပါ စားသောက်လေ့ရှိသည်။ အစုံစားသတ္တဝါမျိုးပင်ဖြစ်သည်။ ကြယ်လိပ်၏ သဘာဝတွင် တစ်နှစ်အတွင်း တစ်ကြိမ်မှ လေးကြိမ်အထိ ဥဥလေ့ရှိသည်။ ကြယ်လိပ်များမှာ တောမီးလောင်ခြင်း၊ နေထိုင်ရာတောများ ဆုံးရှုံးခြင်း၊ နိုင်ငံတကာ ရောင်းဝယ်ဖောက်ကားခြင်းများကြောင့် အရေအတွက် နည်းလာခဲ့သည်။

သို့အတွက် ကြယ်လိပ်များကို စနစ်တကျ ကာကွယ်ထိန်းသိမ်းထားခြင်းဖြစ်သည်။ ကြယ်လိပ်များကို ထိန်းသိမ်းထားသည့် နေရာသုံးခုရှိသည်။ ပုဂံလောကနန္ဒာ ဥယျာဉ်၊ မင်းဘူးရွှေစက်တော်နှင့် နွားထိုးကြီး မင်းစုံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများတွင် ထိန်းသိမ်းထားကြောင်း သိရသည်။
**တိမ်တမန်**



# ကြံရွက်ခြောက်မြေဆွေးပြုလုပ်ပုံနည်းစနစ်နှင့် အကျိုးအာနိသင်များ ပညာပေး

**နေပြည်တော် ဇန်နဝါရီ ၂၁**
၂၀၁၇-၂၀၁၈ ခုနှစ် ကြံရာသီစံပြကွက်စိုက်ပျိုးခြင်း၊ အထွက်ကောင်း လမိုင်းပြုပြင်ခြင်းနှင့် ကြံရွက်ခြောက်မြေဆွေးပြုလုပ်သုံးစွဲခြင်း တောင်သူပညာပေး သရုပ်ပြစိုက်ပျိုးပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၈ နာရီက စိုက်ပျိုးရေးဦးစီးဌာန၊ သကြားထွက်သီးနှံဌာနခွဲ ကြံသီးနှံ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ပျဉ်းမနား)စိုက်ကွင်း၌ ကျင်းပရာ စိုက်ပျိုးရေးဝန်ထမ်းများ၊ နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ ကြံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သကြားထွက်သီးနှံဌာနခွဲ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က ကြံစိုက်တောင်သူများအနေဖြင့် ရေမြေဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ်မှန်ကန်စွာစိုက်ပျိုးနိုင်စေရန် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကြံမျိုးကောင်းမျိုးသန့်များ ရရှိစေရန် သုတေသနပြု စမ်းသပ်ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင့်လွင်နှင့် သကြားထွက်သီးနှံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေနိုင်နိုင်အေးတို့က တစ်ဆစ်ချင်းပျိုးထောင်စိုက်နည်း၊ တန်းကျယ်စနစ်စိုက်နည်း (GAP)၊ Pairred row စိုက်နည်း၊ တောင်သူပုံမှန်စိုက်နည်းများကို လက်တွေ့စိုက်ပျိုးပြသခြင်းနှင့် သုတေသနပြုစမ်းသပ်ကြံမျိုးများ၏ အားသာချက် အားနည်းချက်များ၊ ကြံရွက်ခြောက်မြေဆွေး ပြုလုပ်ပုံ နည်းစနစ်များနှင့် အကျိုးအာနိသင်များကို ပညာပေးရှင်းလင်းပြသကြပြီး တက်ရောက်လာကြသည့် ကြံစိုက်တောင်သူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်းသိရသည်။ **(ရွှေကုက္ကို)**

# စဉ့်ကိုင်မြို့နယ် စွန်ရဲအင်းသို့ လာရောက်အပန်းဖြေသူများပြား

**ကျောက်ဆည် ဇန်နဝါရီ ၂၁**
မြန်မာနိုင်ငံတွင် ဘုရားဖူးသူအများအပြားရှိသည့် အနက်မှ ပြည်ပခရီးသွားဧည့်သည်များပါ စည်ကားလျက်ရှိရာ တန်ခိုးကြီးဘုရားများ၊ အပန်းဖြေမြစ်ချောင်း အင်းအိုင်များ၊ ရှေးဟောင်းအဆောက်အအုံများသို့ ပြည်တွင်း၊ ပြည်ပဧည့်သည်များ လေ့လာလျက်ရှိကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ်ရှိ စွန်ရဲအုပ်စု အင်းကုန်းကျေးရွာရှိ စွန်ရဲအင်းသည် ငှက်မျိုးစုံ၊ ငါးများ၊ သဘာဝအလှရှုခင်းများ အပန်းဖြေနားနေဆိုင်များရှိသည့်အပြင် ဒေသခံပြည်သူများသည် စိုက်ပျိုးရေးနှင့် ရေလုပ်သားများ ငါးဖမ်းခြင်းလုပ်ငန်းဖြင့် အဆင်ပြေလျက်ရှိသည်။

ထို့အပြင် စွန်ရဲအင်းမှ ပေါက်ရောက်သော ပဒုမ္မာကြာပွင့်များခူး၍ ကြာရိုးမှထွက်သောချည်များကို ပဒုမ္မာကြာသင်္ကန်းအဖြစ် ထုတ်လုပ်ရာ အင်းလေး၊ တောင်ကြီးမြို့နှင့် နိုင်ငံခြားပို့ကုန်အဖြစ် ပြုလုပ်ရာ ချည်မျှင်တစ်ကျပ်သားလျှင် ကျပ် ၅၀၀၀ ရရှိပြီး တစ်နေ့လျှင် အမျိုးသမီးတစ်ဦး တစ်ကျပ်ခွဲသားထုတ်လုပ်နိုင်သောကြောင့် မိသားစုဝင်ငွေ ကောင်းမွန်လျက်ရှိသည်။ ဝါဆို၊ ဝါခေါင်လတို့တွင် ပဒုမ္မာကြာမှ ချည်မျှင်ထွက်အားကောင်းမွန်လျက်ရှိပြီး အင်းထဲသို့ လေ့လာရေးခရီးထွက်လျှင် စက်လှေ၊ ရိုးရိုးလှေဖြင့် အပန်းဖြေခရီးထွက်ရာ လူတစ်ဦးလျှင် ကျပ် ၁၀၀၀ ရရှိရာ လှေသမားများပါ ဝင်ငွေကောင်းမွန်သည်။ အဆိုပါ အင်း၏အကျယ်အဝန်းမှာ လေးမိုင်ပတ်လည်ရှိကြောင်း သိရသည်။
**ခင်မောင်လွင်**



# ပုလဲမြို့နယ်၌ ပဲစင်းငုံအထွက်ကောင်းသော်လည်း ဈေးကောင်းမရ

**ယင်းမာပင် ဇန်နဝါရီ ၂၁**
မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထား လုပ်ကိုင်သော နိုင်ငံဖြစ်သောကြောင့် သီးနှံစိုက်ပျိုးမှုသည် အရေးကြီးသောကဏ္ဍတွင် တည်ရှိနေသည်။ ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့တွင် ပဲစင်းငုံစိုက်ခင်းများ စတင်ခုတ်သိမ်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်သော်လည်း ဈေးကောင်းမရသောကြောင့် ပဲစင်းငုံစိုက် တောင်သူများ အဆင်မပြေကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသက ပဲစင်းငုံ စိုက်ခင်းတွေ အခုမှ စတင်ခုတ်သိမ်းနေတာပါ။ တစ်ဧက ကို ၁၅ တင်း၊ တင်း ၂၀ လောက်ထွက်တယ်။ တချို့ဆို တင်း ၂၀ ကျော်ထိ ထွက်တယ်။ ဈေးမကောင်းတော့ အဆင်မပြေဘူး။ ရှုံးတော့ မရှုံးဘူးပေါ့။ မျိုးဖိုးနဲ့ စိုက်ပျိုးစရိတ်ဆိုတော့ သိပ်မကိုက်ဘူး။ ပုလဲမြို့ပေါ်မှာ တစ်တင်းကို ငွေကျပ် ၂၆၀၀၀ ကျော် ဈေးပေါက်နေတော့ အဆင်မပြေဘူး။ မနှစ်က တစ်တင်းကို ငွေကျပ် ၅၀၀၀၀ ဈေးပေါက်တော့ ထားနိုင်တဲ့သူတွေတော့ ဈေးစောင့်ရောင်းကြမှာ။ ငွေပေါ်ချင်တဲ့သူတွေကတော့ မြို့သို့ တင်ပို့ရောင်းချကြတယ်။ ပဲစင်းငုံ အမှော်က နွားစာအတွက်တော့ အဆင်ပြေတယ်။ အခုခုတ်ချိန်တော့ တစ်ဧကကို အခုတ်၊ အရိုက် လူ ၁၀ ဦး ငှားရတယ်။ လူတစ်ဦးကို တစ်မနက် ငွေကျပ် ၂၀၀၀ ပေးရတာ။ အချို့စိုက်တာများတဲ့သူတွေက စက်နဲ့မှုတ်ကြတာ။ ဒီဒေသဘက်က ရွာတွေက ပဲစင်းငုံစိုက်တောင်သူတွေ ယခုနှစ် မိုးလေဝသမှန်တော့ အထွက်နှုန်းကောင်းပေမယ့် ဈေးမကောင်းတော့ အဆင်မပြေကြဘူး" ဟု အိုးဘိုကျေးရွာမှ ပဲစင်းငုံစိုက် တောင်သူ ဦးဇော်ဝင်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်စိုက်ပျိုးကာ ပဲ၊ ပြောင်း၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ အစရှိသောသီးနှံများကို အဓိကထားစိုက်ပျိုးလျက်ရှိရာ ပဲစင်းငုံစိုက်တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရ၍ အဆင်မပြေကြောင်း သိရသည်။
**မေသရဖူဖူး**




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်းဖိတ်ခေါ်အပ်ပါသည်။

(က) ပရီမီယမ်ဒီဇယ်ဆီ (၁၀၀၀၀၀)ဂါလန်

(ခ) 11/0.4KV, 200KVA Transformer (၂)လုံး

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၃-၂-၂၀၁၇ရက်၊ ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ(ပထမထပ်)၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## ပျောက်ဆုံး

ကျွန်တော် ဦးခမ်းအင်ထန် [၁၂/ဗတထ(နိုင်)၀၂၄၆၅၃] ကိုင်ဆောင်သော ပတ်စပို့စ်အမှတ် (MB-651709) သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-979637611**

## ပျောက်ဆုံးကြောင်း

မောင်အောင်ကျော်စိုး၏ [၁၄/မအန(နိုင်)၁၉၇၃၃၇]နှင့် Pass Port သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

**Ph-09-454493276**

## အမည်ပြောင်း

ရန်ကုန်မြို့၊ အမှတ်(၁၄) ဥယျာဉ်လမ်း၊ ကမာရွတ်(၁၀)ရပ်ကွက်နေ ဦးစောကျော်ကျော် [၃/လဘန(နိုင်)၁၀၂၄၉၇]၏သား မောင်စောသွေသစ်(အစား)မောင်သုတစံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သုတစံ**

## အများသိစေရန်

ကျွန်မ ဒေါ်တိုးတိုးလှိုင် [၁၂/တမန(နိုင်)၀၁၁၅၀၆] သည် ဦးကျော်သူရ [၁၂/အလန(နိုင်)၀၀၀၃၄၄]နှင့် အလုံမြို့နယ်တရားရုံးတွင် ကွာရှင်းပြီးဖြစ်ပါသည်။ နောက်နောင် ကျွန်မအား ထိခိုက်စော်ကားရမ်းကားပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်တိုးတိုးလှိုင်**
**[၁၂/တမန(နိုင်)၀၁၁၅၀၆]**

## အမည်မှန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၂)ရပ်ကွက်၊ ဝါးတရာနေ (ဘ)ဦးထိန်ဝင်း၏သား အမည်မှန်မှာ ဦးတင်အောင်အောင် ဖြစ်ပါသည်။

**ဦးတင်အောင်အောင်**

## ဒေါ်မြင့်မြင့်(ခ)ဒေါ်ရိုရီ[၁၂/လသန(နိုင်)၀၀၉၁၂၆]နှင့်ဦးမောင်မောင်၊ တရားလွှတ်တော်ရှေ့နေ(စဉ်–၃၄၇၃)တို့၏ ၁၆–၁–၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ၁၈–၁–၂၀၁၇ရက်ထုတ် ကြေးမုံသတင်းစာပါ ကြေညာချက်အပေါ် အများသိစေရန် ကန့်ကွက်ကြေညာချက်

ကမာရွတ်မြို့နယ်၊ ပြည်လမ်းရှိ Inya View ကွန်ဒိုတိုက်ခန်းမှာ Dr.ကျော်စိုးမိုးက မိမိ၏ကိုယ်ပိုင်ငွေဖြင့် ဝယ်ယူထားသော ကွန်ဒိုတိုက်ခန်းဖြစ်ပြီး စာချုပ်စာတမ်းအထောက်အထားအခိုင်အမာလည်း လက်ဝယ်ရှိပါသည်။ ကားလုပ်ငန်းလုပ်ခဲ့စဉ်ကလည်း မော်တော်ကားပေါင်းများစွာ တိုးပွားဖြစ် ထွန်းအောင် လုပ်ကိုင်ဆောင်ရွက်ခဲ့သူဖြစ်ပါလျက် ဒေါ်မြင့်မြင့်က လောဘ၊ ဒေါသ၊ မောဟစိတ်ဖြင့် Dr.ကျော်စိုးမိုး ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် နှစ်ပေါင်း(၁၈)နှစ် ကျော်ကြာပြီးနောက်ပိုင်းမှ ထိခိုက်နစ်နာစေရန် တမင်သက်သက်မဟုတ်မမှန်လုပ်ကြံစွပ်စွဲခြင်းသာဖြစ်ပါသည်။ ဖခင်ကြီးဒေါက်တာ ဦးမောင်ကို သက်ရှိထင်ရှားရှိစဉ်ကလည်း Dr.ကျော်စိုးမိုးအနေဖြင့် မည်သည့်အခါကမျှ ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြစ်မှားခဲ့ခြင်းမရှိဘဲ စင်ကာပူနိုင်ငံအထိ ဆေးဝါးကုသရန် အတူခေါ်ဆောင်သွားပြီး လုပ်ကိုင်ဆောင်ရွက်ပေးခဲ့သည့်သားဖြစ်ပါသည်။ မိခင်ဒေါ်မြင့်မြင့်ကသာ ဖခင်ကြီးအား ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြစ်မှားခဲ့ခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်စော်ကားခဲ့ရုံမျှမက တစ်သက်လုံးနိုင်စားခဲ့သူမှာ ကာယကံရှင် ဒေါ်မြင့်မြင့်သာ အသိဆုံးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများနှင့် လှိုင်မြို့နယ်အတွင်းရှိ ဖခင်ကြီး၏ လူနာများအားလုံးလည်း သိရှိကြပါသည်။ ဒေါ်မြင့်မြင့်သည် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း၊ ကိုယ်ပိုင်ဝင်ငွေမရှိဘဲ ဖခင်ကြီး၏ငွေကြေး ဝင်ငွေအပေါ် မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အမည်ခံဝယ်ယူပိုင်ဆိုင်လာခဲ့ရာ ဖခင်ကြီးကွယ်လွန်ချိန်တွင် ကျန်ရစ်သော အမွေပုံပစ္စည်းများဖြစ်ပါသည်။ Dr.ကျော်စိုးမိုးသည် မိခင်ကြီးကိုလည်း ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြစ်မှားခဲ့ခြင်းမရှိဘဲ ဆရာဝန်တစ်ဦးအနေဖြင့် မိခင်အား အသက်ကယ်ဆေးပါ ထိုးပေးခဲ့၍ အသက်အန္တရာယ်မှ ကာကွယ်ပေးနိုင်ခဲ့သည့် သားတစ်ဦးသာဖြစ်ပါသည်။ မိခင်ဒေါ်မြင့်မြင့်ကသာ ဖခင်ကြီးကွယ်လွန်ပြီးနောက် သမီးနှစ်ဦးဖြစ်သူ ဒေါ်အေးအေးမော်၊ ဒေါ်မာလာမော်တို့နှင့် ပူးပေါင်းကြံစည်၍ အမွေပုံပစ္စည်းကို လက်ဝါးကြီးအုပ် သားသမီးများကို ခွဲခြားဆက်ဆံ၍ မိမိထင်တိုင်း အမွေပုံပစ္စည်းများကို မမှန်မကန်သုံးဖြုန်းဆုံးရှုံးစေခဲ့သဖြင့် သားဖြစ်သူ Dr.ကျော်စိုးမိုးက အပြီးအပိုင်အပ်နှင်းပြီး အခွင့်အရေး(Vested Rights)အရ အမွေဝေစုကို ကာကွယ်နေခြင်းသာဖြစ်ပါသည်။ မည်သည့်အခါကမျှ အမွေခွဲဝေပေးရန် တောင်းဆိုခြင်း လုံးဝမရှိခဲ့ပါ။ သားသမီးများ စိတ်ဝမ်းမကွဲစေရန် မိသားစုစီမံမှုကို ပြီးပြည့်စုံစွာ ပြုလုပ်ပေးရန် တင်ပြခဲ့ခြင်းသာရှိခဲ့ပါသည်။ ဒေါ်မြင့်မြင့်က သမီးနှစ်ဦးနှင့်ပေါင်းပြီး သားဖြစ်သူအား အမြဲဝင်ထွက်သွားလာနေကျ နေအိမ်ဖြစ်သော အမှတ်(၃၂/A)၊ ရွှေဟောင်းသုတေသနလမ်း၊ လှိုင်မြို့နယ်ရှိ နေအိမ်သို့ ဝင်ထွက်သွားလာခွင့် မပေးတော့ဘဲ တားဆီးပိတ်ဆို့ထားသဖြင့် လိုအပ်ပါက ဥပဒေအရ ဆောင်ရွက်သွားမည်သာဖြစ်ပါသည်။ မိခင် ဒေါ်မြင့်မြင့်သည် မိမိလုပ်လိုသမျှ မလုပ်ရပါက အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်မည်ဟု ကြိုတင်အကြောင်းကြား ခြိမ်းခြောက်ခဲ့ပြီးဖြစ်သည့်အတိုင်း သတင်းစာမှတစ်ဆင့် သွာနုတ္တသားအဖြစ် ကြေညာခြင်းမှာလည်းမထူးဆန်းပါ။ သို့ရာတွင် Dr.ကျော်စိုးမိုးမှာ မိခင်အား ရိုင်းစိုင်းစော်ကားနေသည့် မိုက်မဲသော သားတစ်ဦးမဟုတ်သဖြင့် သတင်းစာတွင် ကြေညာရုံဖြင့် အမွေဆုံးရှုံးရန်လည်း အကြောင်းမရှိပါ။ Dr.ကျော်စိုးမိုးသည် ငယ်စဉ်ကလေးဘဝမှ ယနေ့အချိန်ထိ မူးယစ်ယမ်းကား အသောက်အစားရှိသူတစ်ဦး လုံးဝမဟုတ်သည့်အပြင် အကြင်နာတရား၊ ပညာစွမ်းအားဖြင့် ကိုယ်ပိုင်ဆေးခန်းဖွင့်လှစ်လုပ်ကိုင်နေသည့် ဆရာဝန်တစ်ဦးဖြစ်ပါသည်။ လှိုင်မြို့နယ် တရားရုံးတော်တွင် မိခင်ဒေါ်မြင့်မြင့်ကသာ သားဖြစ်သူ Dr.ကျော်စိုးမိုးအပေါ် ရာဇဝတ်ဥပဒေအရ တရားစွဲဆိုခြင်းနှင့်ပတ်သက်၍ တရားရုံးတော်က တစ်စုံတစ်ရာမဆုံးဖြတ်မီ ဒေါ်မြင့်မြင့်က ဖော်ပြကြေညာနေခြင်းမှာလည်း တရားရုံးတော်ကိုမထီမဲ့မြင်မှု ဖြစ်သွားနိုင်သဖြင့် တစ်စုံတစ်ရာမပြောလိုပါ။ ထို့ကြောင့် ဒေါ်မြင့်မြင့်၏ သတင်းစာပါကြေညာချက်မှာ ဖြစ်ရပ်မှန်မဟုတ်ဘဲ မိမိလုပ်လိုရာ မလုပ်နိုင်သဖြင့် ဒေါသအလျောက် သတင်းစာမှတစ်ဆင့်သားဖြစ်သူ၏ ဂုဏ်သိက္ခာကျဆင်းစေရန်မဟုတ်မမှန် ဖော်ပြကြေညာခြင်းဖြစ်ကြောင်း အများသိစေရန် ကန့်ကွက်ရှင်းလင်းကြေညာအပ်ပါသည်။

မိသားစု၏ အမွေဆိုင်ဖြစ်ရပ်မှန်များနှင့်ပတ်သက်၍ သိရှိလိုပါက မေးမြန်းစုံစမ်းနိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**Dr.ကျော်စိုးမိုး**
**၁၀(၄-လွှာ)၊ အင်းစိန်လမ်း၊**
**(၉)ရပ်ကွက်၊ လှိုင်မြို့နယ်**
**ဖုန်း-၀၉-၄၄၈၀၁၀၃၇၄**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးချစ်လွင်**
**B.Com(A.A);D.E.P;R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၅၉)**
**အမှတ်(၁၉)၊ ၁၂၇-လမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်။**
**ဖုန်း-၀၁-၂၉၇၈၃၀၊ ၀၁-၂၉၄၇၄၄**

## ငွေထုတ်ပေးချိန်၌ ပင်ရင်းမှ နုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ အသိပေးနှိုးဆော်ခြင်း

- စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်ဆိုင်ရာ အမိန့်ကြော်ငြာ စာအမှတ် ၂/၂၀၁၇ကို ၁၀-၁-၂၀၁၇ရက်တွင် ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။ အဆိုပါအမိန့်ကြော်ငြာစာသည် ၁-၄-၂၀၁၇ရက်မှစတင် အကျိုးသက်ရောက်မည်ဖြစ်ပါသဖြင့် အမိန့်ကြော်ငြာစာနှင့်ပတ်သက်၍ ကြိုတင်သိရှိနိုင်ကြရေး အသိပေးရခြင်းဖြစ်ပါသည်။
- ငွေထုတ်ပေးရန် တာဝန်ရှိသူ မည်သူမဆို အောက်ဖော်ပြပါ ပေးချေငွေများ ပေးချေသည့်အခါ ယှဉ်တွဲဖော်ပြပါ နှုန်းများအတိုင်း ပင်ရင်းမှ နုတ်ယူပေးသွင်းသည့်ဝင်ငွေခွန်ကို နုတ်ယူပေးသွင်းရန်တာဝန်ရှိပါသည်။
  - ပြည်ပနေ နိုင်ငံခြားသားသို့ ချေးငွေသို့မဟုတ် ကြွေးမြီတစ်ရပ်ရပ် သို့မဟုတ် ယင်းသဘောသဘာဝ သက်ရောက်သည့်ကိစ္စရပ် သို့မဟုတ် ငွေစုဆောင်းခြင်းအတွက် အတိုးပေးချေငွေ၊ -၁၅%
  - လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်အခွင့်အရေးစသည်တို့ကို အသုံးချခွင့် ပြုသည့်အတွက် ပေးချေငွေ၊
    * ပြည်တွင်းနေနိုင်ငံသား(သို့မဟုတ်)ပြည်တွင်းနေနိုင်ငံခြားသားသို့ ပေးချေခြင်းအတွက် -၁၀%
    * ပြည်ပနေနိုင်ငံခြားသားသို့ ပေးချေခြင်းအတွက် -၁၅%
- နိုင်ငံတော်အဖွဲ့အစည်းများ၊ နိုင်ငံပိုင်လုပ်ငန်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ သမဝါယမအသင်းများ၊ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားသားပိုင်လုပ်ငန်းများနှင့် အဖွဲ့အစည်းများ၊ ပြည်တွင်းကုမ္ပဏီများ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းမှတ်ပုံတင်ထားသော အစုစပ်လုပ်ငန်းများက တင်ဒါစနစ်၊ ကန်ထရိုက်စနစ်၊ ဈေးနှုန်းခေါ်ယူသည့်စနစ် သို့မဟုတ် အခြားစနစ်တစ်ခုခုဖြင့် ပြည်တွင်း၌ ပစ္စည်းဝယ်ယူခြင်း ၊ လုပ်ငန်းဆောင်ရွက်စေခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားယူခြင်း၊ အထက်ဖော်ပြပါ ပေးချေငွေမှအပဖြစ်သည့် ပေးချေငွေများ ပေးချေသည့်အခါ ငွေထုတ်ပေးရန် တာဝန်ရှိသူသည် အောက်ဖော်ပြပါနှုန်းများအတိုင်း ပင်းရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်ကို နုတ်ယူပေးသွင်းရန်တာဝန်ရှိပါသည်။
  * ပြည်တွင်းနေနိုင်ငံသား(သို့မဟုတ်)ပြည်တွင်းနေနိုင်ငံခြားသားသို့ ပေးချေခြင်းအတွက် -၂%
  * ပြည်ပနေနိုင်ငံခြားသားသို့ပေးချေခြင်းအတွက် -၂. ၅%
- ငွေထုတ်ပေးရန် တာဝန်ရှိသူသည် ငွေလက်ခံရမည့်သူက နုတ်ယူခြင်းမပြုရန် ငြင်းဆိုခြင်းကြောင့် ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် တာဝန်ကို ကင်းလွတ်ခွင့်မရှိပါ။ ပြဋ္ဌာန်းချက်နှင့်အညီ မပျက်မကွက်နုတ်ယူပေးသွင်းရန် လိုအပ်ပါသည်။
- အောက်ဖော်ပြပါ အဖွဲ့အစည်းများသို့ ပေးချေငွေအပေါ် ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် နုတ်ယူပေးသွင်းရန်မလိုအပ်ပါ။
  * အစိုးရအဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင်လုပ်ငန်းဌာနများ၊
  * ပြည်ပနေနိုင်ငံခြားသားသို့ အတိုးပေးငွေနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်း ရုံးခွဲဖွင့်လှစ်ထားခြင်း၊ ရုံးခွဲမှ နိုင်ငံအတွင်းရရှိသည့် ဝင်ငွေနှင့်စပ်လျဉ်း၍ အခွန်စည်းကြပ်မှုခံယူသည့် ငွေချေးသူ ပြည်ပနေ နိုင်ငံခြားသား။
- အသေးစိတ်သိရှိလိုပါက အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံးများသို့ဖြစ်စေ၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန နေပြည်တော်ရှိ အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။-

-ဖုန်း-၀၆၇-၄၃၀၀၀၄
-ဖုန်း-၀၆၇-၄၃၀၀၀၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "အောင်မြတ်ကျော်"အမည်ရှိ ငါးဖမ်းရေယာဉ် (မှတ်ပုံတင်နံပါတ်-ON-2065)စုစုပေါင်း တန်ချိန်(၇၇. ၆၅)အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးတင်စိုး(VPT-၀၁၇၂၉၉)အမည်မှ ဦးထွန်းပို [၆/ဘပန(နိုင်)၀၂၁၆၇၀] အမည်သို့ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒေါပုံသင်္ဘောကျင်း၊ ရန်ကုန်မြို့ သို့လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆိုလာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အမည်ပြောင်း

အလက(၄)၊ ဒလမြို့နယ် နဝမတန်း(B)မှ ဦးသန်းစိုးလှိုင်၏သမီး မယုဇနလှိုင်အား မဆွေဇင်ထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မဆွေဇင်ထက်**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

တိုက် ၁၊ အခန်း ၁၀၄၊ ၇ လမ်း၊ ယုဇနဥယျာဉ်မြို့တော် ၉၄ ရပ်ကွက်နေ ဦးရန်နိုင် (၁၂/ဒဂတ(နိုင်)၀၂၄၅၂၃) နှင့် ဒေါ်ကလျာစိုး (၁၄/ညတန(နိုင်)၁၃၂၇၄) တို့သည် စိတ်သဘောသားချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၂၀-၁၁-၂၀၁၆ ရက်နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပြီးဖြစ်ပါကြောင်း။

**ဦးရန်နိုင် (၁၂/ဒဂတ(နိုင်)၀၂၄၅၂၃)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မေတ္တာလမ်းသွယ်(၁)၊ ပတ္တမြားမြို့သစ်၊ အမှတ်(၁၅၈)၊ အကျယ်အဝန်းပေ(၃၀×၅၀)ရှိ ဒေါ်ခင်ဖြူအမည်ပေါက် အိုးအိမ်မှချပေးထားသည့် မြေထဲမှ အကျယ်အဝန်းပေ(၁၅×၅၀)ရှိ မြေ၏အကျိုးခံစားခွင့်အရပ်ရပ်အား ယခုအချိန်အခါတွင် စာချုပ်အဆက်စပ်များအရ တရားဝင်ပိုင်ဆိုင်ထားသူ ဒေါ်တင်တင်သော်[၆/ထဝန(နိုင်)၀၃၈၆၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါဖြင့် အဆိုပါမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင့်တင့်ခိုင် (LL.B, DBL, DIL)**
**အထက်တန်းရှေ့နေ(စဉ်-၃၀၁၀၉)**
**အမှတ်(၃၄၇)၊ မာလာရုံလမ်း၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၄၂၀၀၃၂၇၂၂**

## ကန့်ကွက်ရန်ကြေညာစာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဒ/၆၃)၊ မြေကွက်အမှတ်-၁၉၅၉(က)၊ အမည်ပေါက် ဦးသန်းဇော်ဦးမှ စလစ် (မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားပါသည်။ မြေချပါမစ်ထုတ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြေညာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်တင်သွင်းနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၄)**
**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**လှိုင်၊ မရမ်းကုန်း၊ အင်းစိန်**

## ကန့်ကွက်ရန်ကြေညာစာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဒ/၆၃)၊ မြေကွက်အမှတ်-၁၉၄၆(က)၊ အမည်ပေါက် ဦးမန်းကလောမှ စလစ်(မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားပါသည်။ မြေချပါမစ်ထုတ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြေညာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်တင်သွင်းနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၄)**
**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**လှိုင်၊ မရမ်းကုန်း၊ အင်းစိန်**

## ကန့်ကွက်ရန်ကြေညာစာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဒ/၆၃)၊ မြေကွက်အမှတ်-၁၉၆၀(က)၊ အမည်ပေါက် ဒေါ်သီသီစိုးမှ စလစ်(မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားပါသည်။ မြေချပါမစ်ထုတ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြေညာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်တင်သွင်းနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၄)**
**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**လှိုင်၊ မရမ်းကုန်း၊ အင်းစိန်**

သက် ရှိ လော က တည် မြဲ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

